# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ တန်ဆောင်မုန်းလပြည့် ၊ တနင်္လာနေ့ ၊ (27-11-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၂၁၁)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိ သည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ

## မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ပထမအကြိမ် မသိုးရွှေကြာသင်္ကန်းတော် ရက်လုပ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြည်ညို




**နေပြည်တော် နိုဝင်ဘာ ၂၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ဗုဒ္ဓဥယျာဉ်တော် ဝတ္ထုကံတော်အတွင်းရှိ မာရဝိဇယဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီးအား ပထမအကြိမ် မသိုးရွှေကြာသင်္ကန်းတော် ရက်လုပ် ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ ညနေပိုင်းတွင် ဗုဒ္ဓဥယျာဉ်တော်ဝတ္ထု ကံတော်အတွင်းရှိ ရေပန်းရင်ပြင်တော်၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်ကြည်ညို ကြသည်။


စာမျက်နှာ ၁၆ ကော်လံ ၁ သို့


**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ပထမအကြိမ် မသိုးရွှေကြာသင်္ကန်းတော် ရက်လုပ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။**


Myanmar Mobile Money(MMM) ကိုအသုံးပြု၍အောက်ပါဝန်ဆောင်မှုများကိုရရှိနိုင်ပါသည်။

ငွေသွင်းငွေထုတ်ခြင်း။ ငွေလွှဲခြင်း၊

ဝန်ထမ်းလစာ/ ပင်စင်လစာထုတ်ပေးခြင်း

လျှပ်စစ်မီတာ Bill ပေးဆောင်ခြင်း၊

E-Topup ဖုန်းပြောခဖြည့်သွင်းခြင်း။ ဈေးဝယ်ခြင်း ၊

Internet Bill ပေးဆောင်ခြင်း။ Skynet Bill Payment ပေးသွင်းခြင်း၊

Gift Card ပေးခြင်း။ ပြည်ပငွေလွှဲ(ထိုင်း)၊

မြန်မာ့အာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း၊

E-Commerce လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း


Myanmar MOBILE MONEY anywhere anytime anyone

ပြတိုက်နယ်စပ်ကုန်သွယ်ရေးလုပ်ငန်း အတွက် Customs Duty ပေးဆောင်မှုများအား MMM Service အသုံးပြု၍ လွယ်ကူလျင်မြန်စွာဆောင်ရွက်နိုင်ပါပြီ။

ရုံးချုပ် - အမှတ်(၅၁)ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၀၀ ၁၅၂၀၊ ၀၉ ၃၀၀၀ ၁၅၂၁

နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေးလမ်းဟောင်း၊ ရွာတောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၀၀၀ ၁၅၃၄

မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့် ၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၀၀၀ ၁၅၃၆

ရတနာပုံ
၂၀၁၃ ခုနှစ် နိုဝင်ဘာ ၂၇ ရက်
အယ်ဒီတာ့အာဘော်

# တန်ဆောင်မုန်းလ၏အလှ သာမညဖလ

မြန်မာ့ဆယ့်နှစ်လရာသီတွင် ဘာသာရေးဆိုင်ရာပွဲတော်များ မြိုင်မြိုင်ဆိုင်ဆိုင်ကျင်းပသောလမှာ တန်ဆောင်မုန်းလဖြစ်ပါသည်။ တန်ဆောင်မုန်းလပြည့်နေ့သည် တန်ဆောင်မုန်းလ၏ အနှစ်သာရ သာမညဖလအခါတော်နေ့ဖြစ်ပြီး မြတ်စွာဘုရားရှင်က အဇာတသတ်မင်းကို သာမညဖလသုတ္တန်ဟောကြားတော်မူခဲ့သည့်နေ့ဖြစ်သည့်အတွက် သာမညဖလအခါတော်နေ့ဟု ဗုဒ္ဓဘာသာဝင်တို့ မှတ်သားခေါ်တွင်ကြခြင်းဖြစ်သည်။

မြတ်စွာဘုရားရှင်သည် တစ်ခုသော တန်ဆောင်မုန်းလပြည့်နေ့တွင် အဇာတသတ်မင်းကို သာမညဖလသုတ္တန် ဟောကြားတော်မူခဲ့ရာ နာယူမှတ်သားသူအပေါင်းအတွက် လွန်စွာအကျိုးထူးလှသည်။ ထိုသာမညဖလသုတ္တန်ကို မနာယူရခင် အဇာတသတ်မင်းသည် ဒေဝဒတ်ကို ဆရာတင်ပေါင်းမိသဖြင့် ခမည်းတော် ဗိမ္ဗိသာရမင်းကို သတ်မိခဲ့သည်။ ထိုအချိန်ကစပြီး အိပ်မပျော်သော ရောဂါဝေဒနာစွဲကပ်ခဲ့ရာ ဝေဒနာပျောက်ကင်းအောင် မည်သည့်ဆေးနှင့်မျှ ကုသ၍မရ ဖြစ်နေခဲ့သည်။

နောက်ဆုံးတွင် သမားတော်ကြီးဇီဝက၏ အကူအညီဖြင့် အဇာတသတ်မင်းသည် မြတ်စွာဘုရားရှင်ထံသို့ တန်ဆောင်မုန်းလပြည့်နေ့ ညချမ်းအချိန်တွင်ရောက်ရှိခဲ့ရာ မြတ်စွာဘုရားက အဇာတသတ်မင်းကို သာမညဖလသုတ် (ရဟန်းပြုခြင်း၏ အကျိုးတရားများ)ကို ဟောကြားတော်မူခဲ့သည်။ သာမညဖလတရားတော်ကို နာကြားလိုက်ရသည်နှင့် အဇာတသတ်မင်းသည် ဖခင်ကို သတ်မိသော အမှားကြီးကို နောင်တရခဲ့ပြီး ယခင်ခံစားနေရသည့် အိပ်မပျော်သောရောဂါဝေဒနာလည်း ငြိမ်းအေးပျောက်ကွယ်ခဲ့ကာ သတိတရားရရှိခဲ့လေသည်။ ထိုမှ ဗုဒ္ဓသာသနာတော်ကို အသက်ပေးကြည်ညိုခဲ့သူဖြစ်ခဲ့လေသည်။ ပထမသင်္ဂါယနာတင်ပွဲကြီးဖြစ်မြောက်အောင်လည်း တတ်စွမ်းသရွေ့ကူညီခဲ့သူဖြစ်ပြီး ဘုရားရှင်၏ ဓာတ်တော်၊ မွေတော်များကို ယနေ့ခေတ်ဗုဒ္ဓဘာသာဝင်တို့ ဖူးမြော်နိုင်ရန် စနစ်တကျ သိမ်းဆည်းပေးခဲ့သည်။ သာသနာတော်နှစ်ကိုလည်း အတိအကျသတ်မှတ်ခဲ့သည်အထိ သာသနာအကျိုးကို စွမ်းစွမ်းတမံဆောင်ရွက်နိုင်ခဲ့သူဖြစ်လာခဲ့သည်။

သာမညဖလသုတ္တန်တရားတော်သည် ဗုဒ္ဓသာသနာတွင် ရဟန်းပြုခြင်း၏ အကျိုးတရားများကို ဟောကြားထားသည်ဖြစ်ရာ သံဃာရတနာဟု ခေါ်ဆိုသော ရဟန်းသံဃာတော်တို့သည် ဘယ်သို့သော ပုဂ္ဂိုလ်များဖြစ်သည်။ ဘယ်သို့သောအကျိုးကျေးဇူးများ၊ အကျင့်သိက္ခာမြတ်များရရှိသည်ကို မှတ်သားနာယူခွင့်ရရှိသော တရားတော်ဖြစ်ပါသည်။ ထိုသို့မှတ်သားနာယူခွင့်ရရှိကြသည့်အတွက်လည်း ဘုရားရှင်လက်ထက်မှ ယနေ့ခေတ်တိုင်အောင် ပါရမီရှင်ပုဂ္ဂိုလ်များ ရဟန်းပြုကြသကဲ့သို့ သံဃာရတနာကိုလည်း ဗုဒ္ဓဘာသာဝင်တို့ မပြတ်ဆည်းကပ်ကိုးကွယ်ခွင့်အကျိုးကို ရရှိနေခြင်းပင်ဖြစ်ပါသည်။

တန်ဆောင်မုန်းလ၏အလှ သာမညဖလဟု တင်စားအပ်သော သာမညဖလသုတ္တန်တရားတော်ကို နာယူခြင်း၊ ရွတ်ဖတ်ပူဇော်ကြခြင်းသည် ဘုရား၊ တရား၊ သံဃာတည်းဟူသော ရတနာမြတ်သုံးပါးကို ပိုမိုယုံကြည်မြတ်နိုးလာကြမည်ဖြစ်ပါသည်။ တစ်နှစ်တွင် တစ်လ၊ တစ်လတွင် တစ်ကြိမ်သာ တန်ဆောင်မုန်းလထူးလမြတ်တွင် ကြုံဆုံရသည့် ကထိန်သင်္ကန်းအလှူပွဲတော်၊ မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲတော်တို့ကိုလည်း မလွတ်တမ်းပါဝင်ဆင်နွှဲကုသိုလ်ပြုသင့်ပါသည်။ လထူးလမြတ်၏ နေ့ထူးနေ့မြတ်ဖြစ်သော တန်ဆောင်မုန်းလပြည့်နေ့တွင် ဥပုသ်သီလဆောက်တည်ခြင်း၊ မိဘဆရာသမားများအား ပူဇော်ကန်တော့ခြင်း အစရှိသည့် ဒါန၊ သီလ၊ ဘာဝနာတရားတို့ကို လောကီ၊ လောကုတ်နှစ်ဖြာအကျိုး တိုးပွားရေးအတွက် ကြိုးပမ်းအားထုတ်သင့်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။

# မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်



**မန္တလေး နိုဝင်ဘာ ၂၆**

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်လျက်ရှိကြောင်း ဘုရားဂေါပကအဖွဲ့များထံမှ သိရသည်။

ယနေ့တွင် မန္တလေးမြို့ရှိ တန်ခိုးကြီး ဘုရားများဖြစ်သော မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင်တော်နှင့်ဝေဠုဝနကျောက်စိမ်းစေတီတော်တို့တွင် ဘုရားဖူးရဟန်းသံဃာတော်များနှင့်ပြည်သူ စုစုပေါင်း ၂၄၃၃၈၈ ဦး လာရောက်ဖူးမြော်ကြကြောင်း သိရသည်။

"တန်ဆောင်တိုင်ကာလလဲဖြစ်တာကြောင့် ဝေဠုဝန ကျောက်စိမ်းစေတီတော်ကို ဘုရားဖူးတွေ နယ်စုံဒေသကနေ လာရောက်ဖူးမြော်ကြပါတယ်။ ဒီနေ့မှာလဲ ဘုရားဖူးအများအပြား လာရောက်ဖူးမြော်ပါတယ်။ ဘုရားဖူးတွေ အမောပြေသောက်သုံးနိုင်ဖို့အတွက်လဲ ရေသန့်တွေ ထားရှိပေးထားပါတယ်။ လိုဏ်ဂူတော်အတွင်းကိုလဲ ဘုရားဖူးတွေ ဝင်ရောက်လေ့လာကြပါတယ်။ ဆိုင်ခန်းတွေလဲ ဖွင့်လှစ်ရောင်းချနေပြီး ဘုရားဖူးတွေက အိမ်ပြန်အမှတ်တရ လက်ဆောင်အဖြစ် ဝယ်ယူမှုတွေနဲ့ စည်ကားနေပါတယ်။ အရိပ်ရပင်တွေလဲ စိုက်ပျိုးထားပြီး အနားယူအပန်းဖြေဖို့ ခုံတွေလဲ ပြုလုပ်ပေးထားပါတယ်။ သနပ်ခါးကျောက်ပျဉ်ကြီးတွေမှာလဲ လိမ်းခြယ်သူတွေနဲ့ စည်ကားနေပါတယ်။ အခါကြီးရက်ကြီးတို့၊ လပြည့်လကွယ်တို့ဆိုရင် ဘုရားဖူးဦးရေ ပိုတိုးပါတယ်" ဟု ဝေဠုဝနကျောက်စိမ်းစေတီတော် ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဦးက ပြောပြသည်။

ဝေဠုဝနကျောက်စိမ်းစေတီတော်ကို နံနက် ၆ နာရီမှ ည ၆ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ညနေထိ ဘုရားဖူး ၁၇၇၅ ဦး လာရောက်ဖူးမြော်ကြောင်း သိရသည်။

မဟာမုနိရုပ်ရှင်တော်သို့ ယနေ့ညနေထိ ဘုရားဖူး ၂၄၀၇၉၂ ဦး လာရောက်ဖူးမြော်ခဲ့ကြောင်း၊ ဘုရားကို နံနက် ၄ နာရီမှ ည ၇ နာရီထိ ဖွင့်လှစ်ထားပြီး ဘုရားဖူးရဟန်းရှင်လူပြည်သူများအနေဖြင့် မုခ်လေးခုစလုံးမှ ဝင်ရောက်ဖူးမြော်နိုင်ကြောင်း မဟာမုနိရုပ်ရှင်တော် ဂေါပကအဖွဲ့ ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြသည်။

ထို့အတူ မန္တလေးတောင်တော်ကို နံနက် ၆ နာရီမှ ည ၆ နာရီထိ ဖွင့်လှစ်ပေးထားကြောင်း၊ ယနေ့ညနေထိ ဘုရားဖူး ၈၂၁ ဦး လာရောက်ဖူးမြော်ကြောင်း မန္တလေးတောင်တော်ဂေါပကအဖွဲ့ အုပ်ချုပ်ရေးမှူး ဦးစိုးကြည်က ပြောပြ၍ သိရသည်။

(၁၈၅)

# မန္တလေးဈေးကွက်အတွင်း ပခုက္ကူဘက်မှထွက်ရှိသည့် ကြက်သွန်နီများ အရောင်းအဝယ်ကောင်းလျက်ရှိ

**မန္တလေး နိုဝင်ဘာ ၂၆**

မန္တလေးဈေးကွက်အတွင်း ပခုက္ကူဘက်မှထွက်ရှိသည့် ကြက်သွန်နီများ အရောင်းအဝယ်ကောင်းလျက်ရှိကြောင်း မန္တလေးမြို့မှ အောင် ကြက်သွန်နှင့် အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြ၍ သိရသည်။

ယခုအခါ ပခုက္ကူဘက်မှထွက်ရှိသည့် ကြက်သွန်နီများ မန္တလေးဈေးကွက်အတွင်း ကုန်သည်များက ဝယ်ယူမှုများပြားလာပြီး အရောင်းအဝယ် ကောင်းလျက်ရှိကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်ကလည်း ကြက်သွန်နီကို ဝယ်ယူမှုများပြားလျက်ရှိကြောင်း သိရသည်။

"အခု မန္တလေးဈေးကွက်ထဲမှာ ပခုက္ကူဘက်ကထွက်ရှိတဲ့ ကြက်သွန်နီတွေ အရောင်းအဝယ် တော်တော်လေး ကောင်းနေပါတယ်။ ဆိပ်ဖြူနဲ့ တောင်သာဘက်ကထွက်တဲ့ ကြက်သွန်နီတွေလဲ မန္တလေးဈေးကွက်ထဲ ပုံမှန်အရောင်းအဝယ်ဖြစ်နေပါတယ်။ ပြည်ပနိုင်ငံတွေကနေ ကြက်သွန်နီအဝယ် ပိုများလာရင်တော့ မန္တလေးဈေးကွက်ထဲ ကြက်သွန်နီ အရောင်းအဝယ်က ဒီထက်ပိုပြီး ကောင်းလာဖို့ရှိပါတယ်"ဟု ဒေါ်မေသဲဆွေက ပြောပြသည်။

မန္တလေးဈေးကွက်အတွင်း နိုဝင်ဘာ ၂၅ ရက်ပေါက်ဈေးအရ ပခုက္ကူဘက်မှထွက်ရှိသည့် ကြက်သွန်နီတစ်ပိဿာလျှင် ငွေကျပ် ၃၈၀၀၊ ဆိပ်ဖြူဘက်မှထွက်ရှိသည့် ကြက်သွန်နီတစ်ပိဿာလျှင် ငွေကျပ် ၃၇၀၀၊ တောင်သာဘက်မှထွက်ရှိသည့် ကြက်သွန်နီ တစ်ပိဿာလျှင် ငွေကျပ် ၃၆၀၀ ပေါက်ဈေးရှိကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၄)

# မန္တလေး သီရိမာလာကုန်စိမ်းဈေးတွင် အင်းလေးဒေသနှင့် ရှာငံဒေသတို့မှ ဝင်ရောက်လာသည့် ခရမ်းချဉ်သီးများ အရောင်းအဝယ်ကောင်းနေ

**မန္တလေး နိုဝင်ဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ကမ်းနားလမ်းရှိ သီရိမာလာ ကုန်စိမ်းဈေးတွင် အင်းလေးဒေသနှင့် ရှာငံဒေသတို့မှဝင်ရောက်လာသည့် ခရမ်းချဉ်သီးများ အရောင်းအဝယ်ကောင်းနေကြောင်း အဆိုပါ ဈေးအတွင်းရှိ အောင် ကုန်စိမ်းပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြ၍ သိရသည်။

အဆိုပါ ခရမ်းချဉ်သီးများသည် ရှမ်းပြည်နယ်အတွင်း အင်းလေးဒေသနှင့် ရှာငံဒေသတို့မှထွက်ရှိပြီး မန္တလေး သီရိမာလာကုန်စိမ်းဈေးသို့ တစ်ရက်လျှင် ၁၂ ဘီးကား ၂၅ စီးမှ ၂၆ စီးထိ ပုံမှန်ဝင်ရောက်လျက်ရှိကြောင်း၊ ယခုလက်ရှိတွင် ဈေးနှုန်းများမှာလည်း အင်းသီး ၁၈ ပိဿာဝင် သေတ္တာတစ်လုံးလျှင် အမျိုးအစားအလိုက် ငွေကျပ် ၂၅၀၀၀ မှ ၂၇၀၀၀ ထိ၊ ရှာငံသီး ၁၈ ပိဿာဝင် သေတ္တာတစ်လုံးလျှင် အမျိုးအစားလိုက် ငွေကျပ် ၁၂၀၀၀ မှ ၂၂၀၀၀ ထိ ရရှိနေကြောင်း သိရသည်။

"လက်ရှိမှာတော့ ခရမ်းချဉ်သီး အဓိကစိုက်ပျိုးတဲ့ ရှမ်းပြည်နယ်ဒေသဘက်က ခရမ်းချဉ်သီးတွေ ဈေးကွက်ကို အများဆုံးရောက်ရှိလာတာပါ။ အင်းသီးတွေက အရောင်းအဝယ်တွေ ကောင်းနေကြပါတယ်။ ရှာငံသီးတွေလဲ အရောင်းအဝယ် ကောင်းနေပါတယ်။ ကျန်တဲ့ဒေသတွေက ခရမ်းချဉ်သီးမထွက်တော့ပါဘူး။ အခြားကုန်စိမ်းသီးနှံတွေလဲ ပုံမှန်အရောင်းအဝယ်ဖြစ်နေပါတယ်" ဟု အောင် ကုန်စိမ်းပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြသည်။

မန္တလေး သီရိမာလာကုန်စိမ်းဈေးတွင် ခရမ်းချဉ်သီးအပြင် အခြားကုန်စိမ်းသီးနှံများဖြစ်သော ပန်းမုန်လာ၊ ဂေါ်ဖီထုပ်၊ ဗိုလ်စားပဲ၊ မုန်ညင်းဖြူ၊ ခရမ်းသီး၊ ဂေါ်ရခါးသီးများလည်း ပုံမှန်အရောင်းအဝယ်ဖြစ်နေကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။ (၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ဖြင့်လုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# စဉ့်ကူးမြို့နယ် ဈေးကုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**စဉ့်ကူး နိုဝင်ဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းခရိုင် စဉ့်ကူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေနှင့် ကျေးရွာလူထုထည့်ဝင်ငွေတို့ဖြင့် ဈေးကုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို နိုဝင်ဘာ ၂၅ ရက် မွန်းလွဲပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စဉ့်ကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်လင်းထွန်း၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) တာဝန်ခံတို့နှင့်အတူ ဈေးကုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဦးစီးအရာရှိက ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီးစီးသည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားပြီး ကျေးရွာ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ဈေးကုန်းကျေးရွာ၌ အရှည်ပေ ၇၈၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေကျပ် ၁၅သိန်း၊ ကျေးရွာလူထုထည့်ဝင်ငွေကျပ် ၇ ဒသမ ၂၂၄ သိန်း အသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးကူညီမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် စက်တင်ဘာလ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း စဉ့်ကူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်လင်းထွန်းက ပြောပြ၍ သိရသည်။

**ချစ်ဦးကို**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓမ္မိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ ချက်ပါးရပ် တောင်ပြင်ထီးလင်းတိုက်နေ ဆရာတော်ဘဒ္ဒန္တဓောတိက က Wheel Chair တစ်စီး၊ လူနာစုတင်တစ်လုံးလှူဒါန်းရာ ဆေးရုံအုပ်ဒေါက်တာဦးတင်ဝင်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းပြန်လည်ဆက်ကပ်စဉ်။

# ဝါးခယ်မမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၉၂၅၁ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ငရုတ်စိုက်ခင်းကို တွေ့ရစဉ်။

**မြောင်းမြ နိုဝင်ဘာ ၂၆**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၉၂၅၁ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူးဦးကျော်မိုးဝင်းက ပြောပြ၍ သိရသည်။

ဝါးခယ်မမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ငရုတ် ၉၂၅၁ ဧကကို ဒီဇင်ဘာလ တတိယပတ်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ ငရုတ် ၉၂၅၁ ဧက ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ စနစ်တကျ ပူးပေါင်းစိုက်ပျိုးရန် ပြင်ဆင်နေကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ ဝါးခယ်မမြို့နယ်မှာ ငရုတ် ၉၂၅၁ ဧက စိုက်ပျိုးသွားမှာပါ။ ဒေသခံတောင်သူတွေက ငရုတ်စိုက်ပျိုးရေးနဲ့ပတ်သက်လို့ အသိပညာဗဟုသုတတွေ ရှိနေပြီးသားဖြစ်ပါတယ်။ ဒါကြောင့် လိုအပ်တာလေးတွေကိုပဲ စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ ကူညီပေးရပါတယ်။ လက်ရှိ ငရုတ်ဧကအားလုံး ရာနှုန်းပြည့်စိုက်ပျိုးနိုင်ဖို့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နည်းပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်။ ဒေသခံတောင်သူတွေက အထွက်နှုန်းကောင်း၊အရည်အသွေးကောင်း ငရုတ်တွေကို အများဆုံး ရွေးချယ်စိုက်ပျိုးကြမှာဖြစ်ပါတယ်" ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြသည်။

ဝါးခယ်မမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ အခြားသီးနှံများထက် ငရုတ်ကို အများဆုံး စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ ငရုတ်တစ်ဧကလျှင် အထွေထွေကုန်ကျစရိတ် ငွေကျပ်လေးသိန်းထိရှိပြီး ပြန်လည်ချူဆွတ်သည့်အခါ ပိုးမွှားအန္တရာယ်မရှိ၊ အလေအလွင့်မရှိပါက ငွေကျပ် ၁၄ သိန်းထိ ပြန်လည်ရရှိကြောင်း ဝါးခယ်မမြို့နယ်မှ ငရုတ်စိုက်ပျိုးသူ ဦးလှထွန်းက ပြောပြသည်။

**ကျော်ကျော်လင်း**

# သာစည်မြို့နယ် ကြာဘက်ကုန်းကျေးရွာ၌ ဆိုလာရေသန့်စင်စက်တပ်ဆင်ပြီးစီးမှု စစ်ဆေး

**သာစည် နိုဝင်ဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြာဘက်ကုန်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေဖြင့် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာရေသန့်စင်စက် တပ်ဆင်ပြီးစီးမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးအောင်မျိုးလွင်နှင့် တာဝန်ရှိသူများက ကြာဘက်ကုန်းကျေးရွာ၌ နေရောင်ခြည်စွမ်းအင်သုံး ဆိုလာရေသန့်စင်စက်တပ်ဆင်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီး ဦးစီးမှူးက ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို တန်ဖိုးထားရန်၊ အကျိုးရှိစွာအသုံးပြုရန်နှင့် ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။

သာစည်မြို့နယ် ကြာဘက်ကုန်းကျေးရွာ၌ ဆိုလာရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ရန်ပုံငွေကျပ် သုံးသန်း အသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များက ဦးဆောင်ပြီး ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် စက်တင်ဘာလ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါနေရောင်ခြည်စွမ်းအင်သုံး ဆိုလာရေသန့်စင်စက်တပ်ဆင်ပြီးစီးမှုကြောင့် ကြာဘက်ကုန်းကျေးရွာရှိ ပြည်သူများ သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိပြီဖြစ်ကြောင်း သိရသည်။

**အေးသူ**

# ကျိုက်လတ်မြို့နယ်မှ မော်လမြိုင်ကျွန်းမြို့နယ်သို့ တစ်ရက်လျှင် ကွမ်းရွက်အစုံ ပိဿာချိန် ၅၀၀၀ တင်ပို့ရောင်းချနေရ

**ကျိုက်လတ် နိုဝင်ဘာ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်မှ မော်လမြိုင်ကျွန်းမြို့နယ်သို့ ယခုလအတွင်း တစ်ရက်လျှင် ကွမ်းရွက်အစုံ ပိဿာချိန် ၅၀၀၀ တင်ပို့ရောင်းချနေရကြောင်း ကျိုက်လတ်မြို့နယ်မှ ကွမ်းရွက်၊ ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စန်းပပက ပြောပြ၍ သိရသည်။

ကျိုက်လတ်မြို့နယ်မှ မော်လမြိုင်ကျွန်းမြို့နယ်သို့ ပြီးခဲ့သည့် အောက်တိုဘာလအတွင်းက တစ်ရက်လျှင် ကွမ်းရွက်အစုံ ပိဿာချိန် ၃၅၀၀ သာ တင်ပို့ရောင်းချခဲ့ရပြီး နိုဝင်ဘာ ၁ ရက်မှ ယနေ့ထိ တစ်ရက်လျှင် ကွမ်းရွက်အစုံ ပိဿာချိန် ၅၀၀၀ တင်ပို့ရောင်းချနေရကြောင်း သိရသည်။

"ဒီလထဲမှာ ကွမ်းရွက်က တော်တော်ဝယ်ယူမှု အားကောင်းလာတယ်။ လက်ရှိ တစ်ရက်ကို ကွမ်းရွက်အစုံ ပိဿာချိန် ၅၀၀၀ တင်ပို့ရောင်းချနေရတယ်။ မော်လမြိုင်ကျွန်းမြို့နယ်ဘက်က ကွမ်းစိုက်ပျိုးထုတ်လုပ်သူနည်းတယ်။ ကျိုက်လတ်မြို့နယ်ဘက်မှာက ကွမ်းရွက်စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်တဲ့သူတွေ များပါတယ်။ အခုဒေသထွက်ကွမ်းရွက်တွေကို ဒေသဈေးကွက်အပြင် မော်လမြိုင်ကျွန်းမြို့နယ်ကို အဓိက တင်ပို့ရောင်းချနေပါတယ်"ဟု ကျိုက်လတ်မြို့နယ်မှ ကွမ်းရွက်၊ ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စန်းပပက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ထွက်ရှိသည့် ဒေသထွက်ကွမ်းရွက်များကို စနစ်တကျ ရွေးချယ်သန့်စင်ပြီး ကျိုက်လတ်ဈေးအပြင် မော်လမြိုင်ကျွန်းမြို့နယ်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါဒေသတွင် ကွမ်းစိုက်ပျိုးရေးလုပ်ငန်းကို ရွာသာကြီး၊ ရေကြီး၊ တောင်ဖို့ကြီး၊ သဲကုန်း၊ ကသစ်တန်း၊ သူဇာဂွ၊ ငှက်ပျောတော၊ ကျောင်းစု၊ တာမြတ် စသည့်ကျေးရွာများတွင် အများဆုံး စိုက်ပျိုးထားကြောင်း ကျိုက်လတ်မြို့နယ်မှ ကွမ်းရွက်၊ ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စန်းပပက ဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# ကိုယ်ပိုင်ဥစ္စာ

ချစ်နိုင်(စိတ်ပညာ)

**နိဒါန်း**

သက်ရှိလောက သတ္တဝါအမျိုးမျိုးအနက် လူသားဟာ အသိဉာဏ်အမြင့်မားဆုံးပါပဲ။ ရှေးရှေးကာလ လူသားမျိုးနွယ် တောရိုင်းတိရစ္ဆာန်တွေလို နေထိုင်စားသောက်ခဲ့ရာကနေ ကျောက်ခေတ်၊ သံခေတ်၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ မြို့ရွာတည်ထောင်ပြီး တိုင်းပြည်နိုင်ငံတွေနဲ့ လူနေမှုယဉ်ကျေးမှုအဆင့်ဆင့် ပြောင်းလဲတိုးတက်လာခဲ့ကြတာ စာဖတ်သူလည်း သိပြီးသားပါပဲ။ အခုဆို ဉာဏ်ရည်အတုဆိုတာမျိုးပင် တီထွင်စမ်းသပ်အောင်မြင်ခဲ့ပြီ။ လူထက်တောင် ဉာဏ်ရည်ပိုမြင့်တဲ့ အရာမျိုးထိ ဖန်တီးနိုင်လာပေပြီ။

ဉာဏ်ရည်ဉာဏ်သွေး၊ အသိပညာ၊ အတတ်ပညာတွေ ဆန်းသစ်ထူးခြားစွာ ဖန်တီးတီထွင်နိုင်လို့ စားရေး၊ ဝတ်ရေး၊ သွားလာရေး၊ နေထိုင်ရေး အခြေအနေတွေဟာ ရာစုနှစ် တစ်ခေတ်ထက်တစ်ခေတ် သိသိသာသာ တိုးတက်ကောင်းမွန်လာခဲ့ပါပြီ။ မြို့ပြအဆောက်အအုံတွေ၊ လမ်းတွေ၊ တံတားတွေ၊ ကား၊ ရထား၊ သင်္ဘော၊ လေယာဉ်အမျိုးမျိုးတွေ ဖန်တီးတည်ဆောက်ခဲ့တာ အံ့မခန်းထူးခြားလို့ လူသားဖြစ်ရတာ ဂုဏ်ယူဝမ်းမြောက်စရာအမှန်ပါပဲ။ ခရီးဝေးကြီးတွေ လျင်လျင်မြန်မြန် ရောက်နိုင်၊ နေရေးစားရေးညံ့စိမ်ပိုရှိ၊ ကပ်ရောဂါတွေနည်းပါး။

လူသားရဲ့ တိုးတက်ကောင်းမွန်ချက်တွေ အများကြီးပဲ ပြောင်းလဲခဲ့တာမှန်ပေမယ့် လူသားတွေ အသိဉာဏ်မြင့်မားလာတဲ့ကြားကပဲ လူသားသန်းပေါင်းများစွာ သေကျေဆုံးရှုံးခဲ့ကြရတဲ့ ပထမကမ္ဘာစစ်၊ ဒုတိယကမ္ဘာစစ်ကြီးတွေ လူလူချင်းတိုက်ခိုက်ခဲ့ကြတယ်။ လက်နက်ဆန်းတွေ ပိုမိုထိရောက်အောင် တီထွင်နိုင်တော့ အဏုမြူဗုံးဆိုတာ တစ်လုံးကပင် မြို့ကြီးတစ်မြို့ ပြာပုံဘဝရောက်အောင် အဖျက်စွမ်းအားကြီးမားခဲ့တာလည်း လူသားတွေပါပဲ။

ဒီနေ့ထိလည်း ဒေသန္တရ ကန့်သတ်စစ်ပွဲတွေ ၂၀ ရာစုထဲမှာ ကမ္ဘာ့နေရာအတော်များများ ဖြစ်ပွားခဲ့ကြတယ်။ ဗီယက်နမ်စစ်ပွဲ၊ ကိုရီးယားစစ်ပွဲ၊ အာဖဂန်နစ္စတန်စစ်ပွဲ၊ အီရန်အီရတ်စစ်ပွဲ၊ အာရပ်အစ္စရေးစစ်ပွဲ စသဖြင့် စစ်သားတွေသာမက အရပ်သားလူပေါင်းများစွာ အိုးမဲ့အိမ်မဲ့ထိ ဒုက္ခရောက်စေတဲ့ စစ်ပွဲတွေကို လူတွေ ရက်ရက်စက်စက်လုပ်ဆောင်ခဲ့ကြတယ်။ ဒီနေ့ထိလည်း ရုရှား-ယူကရိန်းပဋိပက္ခ၊ ဟားမတ်စ်-အစ္စရေးစစ်ပွဲ စသဖြင့် ဖြစ်နေကြဆဲ။

**စာကိုယ်**

လူသားအချင်းချင်း ချစ်ချစ်ခင်ခင်၊ ကြင်နာစာနာထောက်ထားစွာနဲ့ အပြန်အလှန်လေးစား၊ ပေါင်းသင်းဆက်ဆံနိုင်မှုမရှိဘဲ စစ်ခင်းသတ်ဖြစ်နေကြတာ ရှိနေဆဲပါပဲ။ မပြီးနိုင်တော့ဘူးလား။ မငြိမ်းချမ်းကြတော့ဘူးလား။ ဘယ့်နယ့်ကြောင့် ဖြစ်နေကြရတာလဲ။

လူအမျိုးမျိုး၊ စရိုက်အမျိုးမျိုး၊ ကံအမျိုးမျိုး လူဖြစ်လာတာချင်းအတူတူမို့ လူလူချင်းအတူတူလို့ ဆိုနိုင်ပေမယ့် လူတွေက တစ်ယောက်နဲ့တစ်ယောက် ကံမတူ၊ ဉာဏ်မတူ၊ စိတ်ထားသဘောထားမတူ၊ အသိဉာဏ်ဆင်ခြင်တုံတရားရှိကြပုံလည်းမတူကြ။

လက်ရှိပစ္စုပ္ပန်မှာ ဖန်တီးပြောင်းလဲလို့မရတဲ့ ရှေးကာလ မမြင်ရတဲ့ သံသရာဘဝတစ်ခုခုမှာ ပြုခဲ့တဲ့ ကောင်းမှု၊ မကောင်းမှုက အဟုန်သတ္တိတွေက ကွဲပြားခြားနားစွာပဲ လိုက်ပါအကျိုးပေးတဲ့သဘောကြောင့်ပါပဲ။ မမြင်ရတဲ့ မယုံနိုင်ပါဘူးဆိုရင်လည်း သဘောပါပဲ။ အချို့အရာတွေဟာ ကိုယ်တိုင်မျက်စိနဲ့ တပ်အပ်မမြင်ရပေမယ့် အခြေအနေအရပ်ရပ်ကို အကဲခတ်ချင့်ချိန်သုံးသပ်ပြီးတော့ ရဲရဲယုံကြည်ရတာမျိုးလည်းရှိတတ်တယ်ဆိုတာကိုတော့ (အတွေးအယူမလွဲစေရန်) တစ်ခုသာဓက ဥပမာစဉ်းစားကြည့်စေလိုပါတယ်။ မယုံပါဘူးဆိုသူရဲ့ အမေ (မိခင်) ဘယ်သူဘယ်ဝါ ဖခင်အရင်းက ဘယ်သူဘယ်ဝါဆိုတာ သင့်မျက်စိနဲ့ မြင်ခဲ့ရဖူးပါသလား။

အမှန်အတိုင်းဖြေရင် ဘယ်အမျိုးသားရဲ့သုက်သွေးလဲဆိုတာ သင်မမြင်နိုင်ခဲ့ပါ။ သင်ထွက်လာခဲ့တဲ့ ယောနိတံခါးပေါက်ဟာ ဘယ်အမျိုးသမီးလဲဆိုတဲ့ ပိုင်ရှင်အစစ်ကိုလည်း သင့်မျက်စိနဲ့မကြည့်နိုင်ခဲ့ဖူးပါ။ အဘက်ဘက်က ဆင်ခြင်တွက်ဆကြည့်လိုသာ ဒီလူဟာ ဖခင်တဲ့၊ ဒီအမျိုးသမီးဟာ ငါ့မိခင်ပါပဲလို့ ကိုယ်တွေ့မမြင်ရဘဲ ယုံခဲ့ရတာပဲမဟုတ်လား။ ရှင်းပြီ။ ဒီစာကိုလည်း ဉာဏ်ကိုရှေ့သွားထားပြီး ကိုယ်ပိုင်ဉာဏ်နဲ့ ချင့်ချိန်သုံးသပ်ဆုံးဖြတ်ပါ။ ဉာဏ်ကိုသုံးပြီးဖတ်ပါ။

**လူလူချင်း မတူကွဲပြား**

**လူလူချင်း မတူပါ။** ကွဲပြားကြတဲ့ အခြင်းအရာတွေလည်း အများကြီးပါ။

သာဓကတစ်ခု အသက်တိုခြင်း၊ ရှည်ခြင်းမတူပါ။ အချို့ပုဂ္ဂိုလ်တွေဟာ အသက်တိုကြရတယ်။ ဗိုလ်ချုပ်အောင်ဆန်း၊ ရောမဘုရင် ဂျူလီယက်ဆီဇာ (ယုလယ်ကိုင်ဇ)အမေရိကန်သမ္မတ ဂျွန်အက်ဖ်ကနေဒီ၊ ဟောင်ကောင်ရုပ်ရှင်မင်းသား ဘရု(စ်)လီ၊ အမေရိကန်ဟောလိဝုဒ်မင်းသား ဂျိမ်း(စ်)ဒင်း စသဖြင့်ပေါ့။

အချို့ပုဂ္ဂိုလ်တွေကတော့ လူ့ဘဝသက်တမ်း အတော်ရှည်ကြတယ်။ သက်တော် ၈၀ မှာ ပရိနိဗ္ဗာန်စံတော်မူခဲ့တဲ့ ဂေါတမဗုဒ္ဓမြတ်စွာဘုရားထက်တောင် အသက်ပိုရှည်ကြပါသေးတယ်။ ရွှေဟင်္သာဆရာတော် အရှင်ပဏ္ဍိတသီရိ (၁၀၂ နှစ်)၊ ကမ္ဘာ့သာသနာပြုဆရာတော် အရှင်သေဋ္ဌိလ(၁၀၂) နှစ်၊ စံကင်းဆရာတော်(၁၀၂ နှစ်)၊ ဖန်းမော်ဆရာတော်၊ မာသာထရီဇာ စသဖြင့် ထင်ရှားသူတွေကော အမည်မထင်ရှားပေမယ့် အသက်ကိုးဆယ်၊ တစ်ရာထိ အသက်ရှည်ကြသူတွေ ရှိနေပါတယ်။

လူတစ်ဦးနဲ့တစ်ဦး လူချင်းအတူတူ လူဖြစ်ကြရာမှာ ကျန်းမာရေး၊ စီးပွားရေး၊ နေထိုင်ရေး၊ ပျော်ရွှင်ရေး၊ အခြွေအရံများခြင်း၊ နည်းခြင်း စသဖြင့် အကြောင်းခြင်းရာအမျိုးမျိုးမှာ တော်တော်ကြီး ကွဲပြားကွာခြားကြတယ်။ အဲဒါဘာကြောင့်လဲ။

စာဖတ်သူနဲ့ စာရေးသူတို့ ရေရေရာရာ သဲသဲကွဲကွဲ မသိမြင်ခဲ့ကြတဲ့ အကျိုးအကြောင်းတရားကို ကျွန်တော်တို့လိုပဲ စဉ်းစားရင်း အဖြေရှာမတွေ့လို့ သိချင်တာကြောင့် မြတ်စွာဘုရားကို သုဘလုလင်က ပြဿနာလျှောက်ထားမေးမြန်းခဲ့ဖူးပါတယ်။ မြတ်စွာဘုရားက ရှင်းရှင်းလင်းလင်း တိတိကျကျ ဖြေကြားဟောတော်မူခဲ့ပါတယ်။ အကျယ်သိချင်ရင် ဆရာတော်သံဃာတော်တွေဆီ ချဉ်းကပ်ဆည်းကပ်ပြီး သုဘသုတ်ကိုနာယူပါ။

**မတူကွဲပြား အလွန်ပါခြားနားကြတဲ့ ၁၄ ချက်** ကို အကြောင်းအကျိုး ဆက်စပ်သိမြင်နားလည်အောင် မြတ်စွာဘုရားဟောကြားတာ (အကျဉ်းချုံ့ တင်ပြပါရစေ) အောက်မှာဖော်ပြထားပါတယ်။

၁။ **လူတချို့ဟာ အသက်တိုကြတယ်။** ဘာကြောင့်လဲ။ လူတချို့ ယောက်ျားမိန်းမတို့ဟာ သတ္တဝါတို့အပေါ် စာနာမှု၊ ကြင်နာမှုကင်းတယ်။ သူတစ်ပါးအသက်ကို ရက်ရက်စက်စက်သတ်ဖြတ်ခဲ့တယ်။ အဲဒီလူမျိုးဟာ သေရင် ငရဲရောက်တတ်တယ်။ ရှေးက ကုသိုလ်ကံထောက်မလို့ လူ့ဘဝရောက်ရရင်လည်း အသက်တိုရတယ်။ လူ့ဘဝကို ကြာရှည်နေခွင့်မရ။

၂။ **တချို့က အသက်ရှည်ကြတယ်။** ဘာကြောင့်လဲဆိုရင် သူတို့ဟာ သတ္တဝါတွေအပေါ်မှာ သနားကြင်နာ၊ စာနာတယ်။ သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခဲ့ကြတယ်။ သူတို့သေရင် နတ်ပြည်ရောက်ရတတ်တယ်။ နတ်ပြည်မရောက်ဘဲ လူပြည်ရောက်ပြန်ရင်လည်း အသက်ရှည်စွာနေကြရတယ်။

၃။ **လူတချို့မှာ အနာရောဂါများတယ်။** ဘာကြောင့်လဲဆိုတော့ တစ်စုံတစ်ယောက်သော သတ္တဝါကို လက်နဲ့ဖြစ်ဖြစ်၊ လက်နက်၊ တုတ်၊ ဓားတစ်ခုခုနဲ့ဖြစ်ဖြစ် ညှဉ်းဆဲလေ့ရှိခဲ့ဖူးတယ်။ အဲဒီသူသေရင် ငရဲရောက်တာပဲ။ ငရဲမကျရင်တောင် လူ့ဘဝရတဲ့အခါ ရောဂါထူပြောအနာပေါတတ်တယ်။

၄။ **လူတချို့ဟာ ကျန်းမာတယ်။** ရောဂါကင်းရှင်းတယ်။ အဲဒါဘာကြောင့်လဲဆိုရင် သတ္တဝါတို့ကို ညှဉ်းဆဲနှိပ်စက်ခြင်းမှ ရှောင်ရှားခဲ့တယ်။ အဲဒီသူသေတဲ့အခါ နတ်ရွာလားရတတ်တယ်။ လူပြည်လူ့ရွာရောက်ရှိလာရင်လည်း အနာရောဂါကင်းရှင်းစွာနဲ့ နေထိုင်ရလေ့ရှိတယ်။

၅။ **တချို့က ရုပ်ဆိုးတယ်။** ဘာဖြစ်လို့လဲ။ အဲဒီမိန်းမ၊ ယောက်ျားတို့ဟာ အလွန်ဒေါသကြီးတယ်။ စကားပြောရာမှာ သူတစ်ပါးကို ပုတ်ခတ်ထိခိုက်ပြောဆိုလေ့ရှိတယ်။ ရန်လိုတယ်။ စိတ်တိုတတ်တယ်။ သူသေတဲ့အခါ ငရဲကိုကျရောက်တတ်တယ်။ ကံကောင်းလို့ လူ့ဘဝရရင်လည်း မျက်နှာပုပ်သိုးအရုပ်ဆိုးအကျည်းတန်သူဖြစ်ရတတ်တယ်။

၆။ **လူတချို့က ရုပ်ရည်အဆင်း လှပကြတယ်။** ဒါဟာ ဒေါသမထွက်၊ အမျက်နည်းပါး၊ သူတစ်ပါးကို ထိပါးပုတ်ခတ် အပြစ်ပြောလေ့မရှိ၊ စိတ်ထားကြည်လင်အေးမြသူဖြစ်ခဲ့တယ်။ အဲဒီသူသေရင် နတ်ပြည်ရောက်လေ့ရှိတယ်။ လူပြည်ရောက်ရင်လည်း ရုပ်ဆင်းအင်္ဂါချောမောလှပသူသာဖြစ်ရပါတယ်။

၇။ **လူတချို့မှာ အခြွေအရံမရှိ။** တန်ခိုးအာဏာနည်းပါးပါတယ်။ အဲဒါဘာကြောင့်လဲဆိုရင် ဣဿာ၊ ငြူစူခြင်း ခံစားချက်အားကြီးခဲ့တယ်။ ကိုယ့်ထက်သာ မနာလိုစိတ်ရှိတယ်။ ဒီလိုလူစားသေတဲ့အခါ ငရဲကိုကျရောက်တတ်တယ်။ ငရဲမကျဘဲ လူ့ဘဝရရင်လည်း ခြွေရံစိုးမိုးတန်ခိုးအာဏာမရှိရှာဘဲ နေရတတ်တယ်။

၈။ **အချို့ပုဂ္ဂိုလ်မှာ အခြွေအရံတွေလည်းပြည့်စုံ၊** တန်ခိုးအာဏာလည်းရှိ၊ အဲဒါဘာကြောင့်လဲဆိုရင်တော့ သူ့ကငြူစူခြင်းမရှိ၊ မနာလိုစိတ်မရှိ၊ စိတ်ရင်းဖြူခဲ့တယ်။ အဲဒီသူဟာ သေရင် နတ်ပြည်ရောက်ရတတ်ပါတယ်။ လူပြည်ရောက်ရင်လည်း ဘုန်းတန်ခိုးရှိတယ်။ အခြွေအရံပေါများတတ်တယ်။

၉။ **အချို့မှာ ဥစ္စာခဲ့မဲ့ ဆင်းရဲကြတယ်။** ဘာကြောင့်လဲဆိုရင် သူတို့က စွန့်ကြဲပေးကမ်းလှူဒါန်းလေ့မရှိကြ။ မစ္ဆေရ (ဝန်တိုခြင်း)၊ နှမြောတွန့်တိုတယ်။ အဲဒီလိုလူဟာ ငရဲကျရောက်တတ်တယ်။ လူပြည်ရောက်လာရင်လည်း မွဲချာစုတ်တေဆင်းရဲနေတတ်တယ်။

၁၀။ **တချို့ဟာ ပစ္စည်းဥစ္စာ ကုံလုံကြွယ်ဝကြတာ** ဘာကြောင့်ပါလဲဆိုရင် စွန့်ကြဲပေးကမ်း၊ လှူဒါန်းမျှဝေစေတနာကောင်းကြတယ်။ သေရင် နတ်ပြည်ရောက်ရတယ်။ လူပြည်ရောက်ရင်လည်း ချမ်းသာပြည့်စုံတတ်တယ်။

၁၁။ **တချို့က အမျိုးယုတ်မှ မွေးဖွားလာရတယ်။** ဘာကြောင့်လဲဆိုရင် သူ့ကိုယ်သူ မာနကြီးတယ်။ သူတစ်ပါးကို အထင်အမြင်သေးတယ်။ ရှိသေရမယ့်သူကို ရှိသေရကောင်းမှန်းမသိ။ လေးစားထိုက်သူကို မလေးမစားဆက်ဆံတတ်တယ်။ အဲဒီလိုလူစား သေလွန်သွားတော့ အမျိုးယုတ်နိမ့်သူ့ဘဝကျရောက်တတ်တယ်။

၁၂။ **တချို့က မျိုးရိုးမြင့်မြတ်တယ်။** မာန်မာနမရှိ၊ ဂါရဝ၊ နိဝါတ၊ ရိုသေတတ်တယ်။ မိမိကိုယ်ကိုနှိမ့်ချ နေထိုင်လေ့ရှိတယ်။ လူအများအပေါ် မမောက်မာတတ်ဘူး။ သူသေလွန်ရင် မျိုးရိုးမြင့်မြတ်သူဖြစ်လာလေ့ရှိတယ်။

၁၃။ **တချို့မှာ အသိအလိမ္မာ ဉာဏ်ပညာနည်းပါးရှာတယ်။** အဲဒါက ပညာရှိသူတို့ထံချဉ်းကပ်ပြီး ကုသိုလ်၊ အကုသိုလ်၊ အကောင်း၊ အဆိုး၊ အကျိုး၊ အပြစ်၊ ပြုသင့်သောအမှု၊ မပြုသင့်သောအမှုတို့ကို မမေးမမြန်း၊ မနာယူ၊ မဆည်းပူးသူသေလွန်တဲ့အခါ ဉာဏ်ပညာနည်းသူဘဝ ကျရောက်ရတတ်တယ်။

၁၄။ **တချို့ပုဂ္ဂိုလ်က အသိအလိမ္မာ ဉာဏ်ပညာကြီးမားပါတယ်။** အဲဒါဘာကြောင့်လဲ။ ပညာကို လိုချင်စိတ်ရှိကြပြီး ကုသိုလ်၊ အကုသိုလ်၊ မမှန်နဲ့ အမှန်တဲ့ သိစရာ၊ မြင်စရာ၊ သင်စရာ၊ တတ်စရာတွေကို မေးမြန်းလေ့လာမှတ်သားလေ့ရှိခဲ့တယ်။ သူဟာ သေလွန်တဲ့အခါ နတ်ပြည်ကိုရောက်လေ့ရှိတယ်။ လူ့ဘဝရောက်ရင်လည်း ပညာကြီးသူဖြစ်တယ်။

**နိဂုံး**

အလွန်တရာ အရေးကြီးပြီး သိရင်သိသလောက် ဘဝတစ်လျှောက်ကောင်းကျိုးရစေနိုင်တဲ့ **"သုဘသုတ်"** ကို လိုရင်းအနှစ် တိုတိုကျဉ်းကျဉ်း မိတ်ဆက်တင်ပြခြင်းပါ။ ဆက်လက်လေ့လာမှတ်သားပြီး လက်တွေ့ကျင့်သုံးလိုက်နာနိုင်ပါစေ။ လူငယ်ဘဝ စာစုံအောင် ဖတ်တဲ့အခါ မဟာစည်ဆရာတော်ကြီးရဲ့ ဒီတရားကို နာကြားခွင့်ရခဲ့ပါတယ်။

“သူ့ကိုသတ်ဖြတ် အသက်တိုတယ်၊
မသတ် အသက်ရှည်”စသဖြင့်

ဆရာတော်တိုင်ပေးတဲ့ ကဗျာလင်္ကာလေးလည်း မှတ်သားခဲ့ရဖူးပါတယ်။ ကောင်းကျိုးတရားကတော့ လိုက်နာနိုင်သမျှ ကြိုးစားလိုက်နာခဲ့တဲ့အတွက် အသက် ၇၅ နှစ်တိုင်အောင် ကျန်းကျန်းမာမာ၊ ပျော်ပျော်ရွှင်ရွှင် အေးအေးချမ်းချမ်း ကောင်းမှုကုသိုလ်တရားတွေ အခုလို မျှဝေတင်ပြနိုင်ခြင်း (လက်တွေ့ခံစား) အခွင့်အရေးရနေပါတယ်ခင်ဗျား။

မကောင်းမှုများ၊ ရှောင်ရှားပယ်ခွာ၊
ကောင်းမှုအပေါင်း၊ စုဆောင်းကြပါ၊
မိမိစိတ်ရင်း၊ သန့်ရှင်းစေရာ၊
ဤသုံးပါး ဘုရားသာသနာ။

❖ လူသားအချင်းချင်း ချစ်ချစ်ခင်ခင်၊ ကြင်နာစာနာထောက်ထားစွာနဲ့ အပြန်အလှန်လေးစား၊ ပေါင်းသင်းဆက်ဆံနိုင်မှုမရှိဘဲ စစ်ခင်းသတ်ဖြစ်နေကြတာရှိနေဆဲပါပဲ။ မပြီးနိုင်တော့ဘူးလား။ မငြိမ်းချမ်းကြတော့ဘူးလား။ ဘယ့်နယ့်ကြောင့် ဖြစ်နေကြရတာလဲ။ လူအမျိုးမျိုး၊ စရိုက်အမျိုးမျိုး၊ ကံအမျိုးမျိုး လူဖြစ်လာတာချင်းအတူတူမို့ လူလူချင်းအတူတူလို့ဆိုနိုင်ပေမယ့် လူတွေက တစ်ယောက်နဲ့တစ်ယောက် ကံမတူ၊ ဉာဏ်မတူ၊ စိတ်ထားသဘောထားမတူ၊ အသိဉာဏ်ဆင်ခြင်တုံတရားရှိကြပုံလည်း မတူကြ။ ❖

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ အဆီပိုတွေ မရှိတော့ဘူးဆိုရင် ကြွက်သားတွေကလည်း ပိုမို ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။ ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀ မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်း လိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# ယခုဘဏ္ဍာနှစ်၌ ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတင်ပို့မှုတွင် ဈေးကောင်းရပြီး နိုဝင်ဘာလအတွင်း ဆန်နှင့်ဆန်ကွဲတန်ချိန်တစ်သိန်းခွဲခန့် တင်ပို့ရန်ဆောင်ရွက်နေ

**ရန်ကုန် နိုဝင်ဘာ ၂၆**

ယခုဘဏ္ဍာနှစ်အတွင်း ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတင်ပို့မှုတွင် ဈေးကောင်းရနေပြီး နိုဝင်ဘာလအတွင်း ပြည်ပနိုင်ငံများသို့ ဆန်နှင့်ဆန်ကွဲတန်ချိန်တစ်သိန်းခွဲခန့် တင်ပို့ရန် ဆောင်ရွက်နေကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌ ဦးရဲမင်းအောင်က ပြောပြ၍ သိရသည်။

ပြီးခဲ့သည့်ဘဏ္ဍာနှစ်အတွင်း နိုင်ငံတကာဆန်ဈေးကွက်၌ မြန်မာ့ဆန်များသည် အမျိုးအစားပေါ်မူတည်ကာ တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၃၅၀၊ ၄၀၀ ခန့်သာဈေးရရှိခဲ့သော်လည်း ယခုဘဏ္ဍာနှစ်တွင် ဆန်အမျိုးအစားပေါ်မူတည်ကာ ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၀၀ ကျော်ထိ ဈေးရရှိနေကြောင်း၊ ယခုဘဏ္ဍာနှစ် နိုဝင်ဘာ ၁ ရက်မှ နိုဝင်ဘာ ၁၅ ရက်ထိ ဆန်နှင့် ဆန်ကွဲတန်ချိန် ၉၀၀၀၀ ကျော် တင်ပို့ပြီးဖြစ်ကြောင်း သိရသည်။

"ဒီနှစ်ရောင်းရတဲ့ ဆန်နှင့်ဆန်ကွဲဈေးတွေက မြင့်တယ်။ ဒါကြောင့် ဆန်နဲ့ ဆန်ကွဲတင်ပို့ရာမှာ တန်ချိန်အနေနဲ့ လျော့နည်းမှုရှိပေမဲ့ ဝင်ငွေအနေနဲ့ သိပ်ပြီးတော့ မလျော့ဘူးဆိုတာကိုတော့ ပြောချင်ပါတယ်။ နိုဝင်ဘာလမှာ ဆန်နှင့် ဆန်ကွဲတန်ချိန် တစ်သိန်းခွဲလောက်တင်ပို့ဖို့ ဆောင်ရွက်နေပါတယ်"ဟု မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်က ပြောပြသည်။

ယခုဘဏ္ဍာနှစ် ဧပြီလမှ အောက်တိုဘာလထိ ခုနစ်လတာကာလအတွင်း ပြည်ပနိုင်ငံများသို့ ဆန်နှင့် ဆန်ကွဲတင်ပို့မှုမှာ ပြီးခဲ့သည့်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ၅၀ ရာခိုင်နှုန်းခန့် လျော့နည်းသွားကြောင်း၊ တန်ချိန်အားဖြင့် ထက်ဝက်နီးပါးလျော့နည်းသွားခဲ့သော်လည်း ဝင်ငွေအားဖြင့်ကြည့်ပါက ၂၅ ရာခိုင်နှုန်း၊ ၃၀ ရာခိုင်နှုန်းသာ လျော့နည်းသွားကြောင်း သိရသည်။

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်သည် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း ပြည်ပနိုင်ငံများသို့ ဆန်နှင့်ဆန်ကွဲတန်ချိန် ၂ ဒသမ ၅ သန်း တင်ပို့ရောင်းချနိုင်ရေး ရည်မှန်းဆောင်ရွက်လျက်ရှိပြီး ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ တစ်ဘီလီယံရရှိရန် မျှော်မှန်းထားကြောင်း သိရသည်။ ASH



# ငဖဲမြို့နယ် ငလိုင်တောကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ငဖဲ နိုဝင်ဘာ ၂၆**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် ဆင်ချည်တိုင်ကျေးရွာအုပ်စု ငလိုင်တောကျေးရွာတွင် ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို နိုဝင်ဘာ ၂၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဖြိုးပြည့်စုံဟိန်းနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ ငလိုင်တောကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်ဖြိုးပြည့်စုံဟိန်းက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များကို ဆောင်ရွက်ပြီးဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း မှာကြားသည်။

ငလိုင်တောကျေးရွာ၌ အလျား ပေ ၄၀၊ အနံ ၃၅ ပေ၊ အမြင့် ၁၂ ပေ ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၅၀ နှင့် ပြည်သူထည့်ဝင်ငွေကျပ် ၁၆ သိန်း စုစုပေါင်းငွေကျပ် ၁၆၆ သိန်းအသုံးပြုက မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် စက်တင်ဘာ ၁၀ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဖြိုးပြည့်စုံဟိန်းက ပြောပြ၍ သိရသည်။

ဧင်မာ

# တန်ဆောင်မာသ၊ လယ်ယာအလှ

- တန်ဆောင်ဝင်းထိန်
ကထိန်လှူဒါန်း၊ မြတ်သင်္ကန်း။
- ခဝဲပွင့်ဝါ
ရှင်မာလဲပွဲ၊ ဆင်ယင်နွှဲ။
- သဒ္ဒါပြင်းပြ
ဗုဒ္ဓရည်မှန်း၊ မသိုးသင်္ကန်း။
- လပုဏ္ဏမီ
ယှဉ်မိုကြတ္တိကာ၊ ကြီးတာရာ။
- အာကာမလပ်
နက္ခတ်စုံလှ၊ တန်ဆောင်မာသ။
- ပင်စောင့်နတ်တကာ
ပူဇာသဘင်၊ မဲဇလီပင်။
- ဖူးသုပ်မဲဇလီ
အိမ်စီဝေမျှ၊ ဆေးပေါင်းခ။
- ရာသီဖြိုးစွာ
နေ့တာကတို၊ ညဥ့်တာပို။
- နတ်ဗိဿနိုး
အိပ်သိုးရာထ၊ နတ်နိုးလ။
- အဇ္ဈာဝေဟင်
ကင်းစင်မိုးသား၊ တိမ်ဇာပါး။
- ဝဿန်မိုးကြွင်း
ဆီးနှင်းဖွဲဖွဲ၊ မိုးမသဲ။
- မြောက်လေသုန်သုန်
မြူမှုန်နှင်းဖွေး၊ ချမ်းမြအေး။
- ကောက်သစ်ကောက်ဖူး
ကောက်ဦးထွေးထွေး၊ မုန့်ဆန်းလွေး။
- ရွှေဝါစပါး
နံ့ကားဝေဖြာ၊ ဝင်းမှည့်ဝါ။
- ရိတ်ခြွေနယ်လှေ့
လက်တွေ့စက်များ၊ မရပ်မနား။
- ဆည်ကန်ချောင်းများ
ဖလ်သားပြင်ကျယ်၊ နွေပင်လယ်။
- သီးထပ်စပါး
ကြိုးကြားပြင်ဆင်၊ လယ်ယာခွင်။
- မြေသားညိုညို
အစိုဓာတ်ကျန်၊ ဆောင်းသီးနှံ။
- အစုံပဲမျိုး
စိုက်ပျိုးအားထုတ်၊ တောင်သူအလုပ်။
- စက်မှု "ကြံ"ပင်
တွင်တွင်ရိတ်၊ စိုက်၊ ချိန်ရှိခိုက်။
- ယာရှင်မညည်း
ဆောင်းသီးနှံ့တွက်၊ ပြင်ဆင်လျက်။ ။

**ကျော်စောဟန်**

# နိုင်ငံတကာ သတင်းများ

## ဂါဇာအခြေစိုက် ဟားမတ်စ်အုပ်စုက ဒုတိယအကြိမ်အဖြစ် ဓားစာခံ ၁၇ ဦးကို ပြန်လွှတ်

**ဂျေရုဆလင် နိုဝင်ဘာ ၂၆**

ဂါဇာကမ်းမြောင် အခြေစိုက် ဟားမတ်စ်အုပ်စုသည် ၎င်းတို့ဖမ်းဆီးထားသည့် ဓားစာခံများအနက် ဓားစာခံ ၁၇ ဦးကို ဒုတိယအကြိမ်အဖြစ် နိုဝင်ဘာ ၂၅ ရက်တွင် ပြန်လွှတ်ပေးခဲ့ကြောင်း သိရသည်။

ပြန်လည် လွတ်မြောက်လာသည့် အဆိုပါဓားစာခံများထဲတွင် အစ္စရေးနိုင်ငံသားဓားစာခံ ၁၃ ဦးနှင့်ထိုင်းနိုင်ငံသားဓားစာခံ လေးဦးတို့ပါဝင်ပြီး အစ္စရေးနိုင်ငံသို့ ယနေ့တွင် ရောက်ရှိနေပြီဖြစ်သည်။

ဓားစာခံ ၁၇ ဦး ထပ်မံလွတ်မြောက်လာသည့်အတွက် အပြန်အလှန်အနေဖြင့် အစ္စရေးနိုင်ငံကလည်း အစ္စရေးအကျဉ်းထောင်များ၌ အကျဉ်းကျနေသည့်ပါလက်စတိုင်းအကျဉ်းသား ၃၉ ဦးကို ပြန်လွှတ်ပေးခဲ့သည်။

နိုဝင်ဘာ ၂၄ ရက်တွင် စတင်ခဲ့သည့် တိုက်ပွဲများလေးရက်ကြာရပ်ထားရေးသဘောတူညီချက်အရ တိုက်ပွဲရပ်ထားစဉ်ကာလအတွင်း ဟားမတ်စ်အုပ်စုသည် ၎င်းတို့ဖမ်းဆီးထားသည့် ဓားစာခံများအနက် ဦးရေ ၅၀ ကိုအသုတ်လိုက်ခွဲ၍ ပြန်လွှတ်ပေးမည်ဖြစ်ကြောင်း သိရသည်။

ဟားမတ်စ်အုပ်စုသည်အစ္စရေးတောင်ပိုင်းမြို့များကို အောက်တိုဘာ ၇ ရက်က ဝင်ရောက်တိုက်ခိုက်ခဲ့စဉ် လူပေါင်း ၂၄၀ ကျော်ကို ဓားစာခံအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။

ဟားမတ်စ်အုပ်စုသည် နိုဝင်ဘာ ၂၄ ရက်က ၎င်းတို့ဖမ်းဆီးထားသည့် ဓားစာခံများအနက် အစ္စရေးနိုင်ငံသား ၁၃ ဦးကို ပထမအကြိမ်အဖြစ် ပြန်လွှတ်ပေးခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

## ကိုဆိုဗို-ဆားဘီးယားနယ်စပ်၌ ဗြိတိသျှတပ်ဖွဲ့ဝင်များ ကင်းလှည့်

**ဘရပ်ဆဲလ် နိုဝင်ဘာ ၂၆**

မြောက်အတ္တလန်တစ်စာချုပ်အဖွဲ့ (နေတိုး)၏ ငြိမ်းချမ်းမှုထိန်းသိမ်းရေးလုပ်ငန်းစဉ်ကို မြှင့်တင်သည့်အနေဖြင့် ကိုဆိုဗိုနှင့်ဆားဘီးယားနယ်စပ်၌ ဗြိတိသျှတပ်ဖွဲ့ဝင်များ ကင်းလှည့်နေကြောင်းနိုဝင်ဘာ ၂၅ ရက်သတင်းများအရ သိရသည်။

ပြီးခဲ့သည့်လများအတွင်း အကြမ်းဖက်မှုများ ဆက်တိုက်ဖြစ်ပွားခဲ့ပြီးနောက် ကိုဆိုဗိုနှင့် ဆားဘီးယားနိုင်ငံတို့ကြား စစ်ရေးပဋိပက္ခထပ်မံဖြစ်ပွားမည့်အရေး စိုးရိမ်နေရချိန်တွင် ကိုဆိုဗို-ဆားဘီးယားနယ်စပ်တစ်လျှောက်၌ ဗြိတိသျှတပ်ဖွဲ့ဝင်များ ကင်းလှည့်နေကြခြင်းဖြစ်သည်။

ယခုနှစ် စက်တင်ဘာ ၂၄ ရက်က ကိုဆိုဗိုမြောက်ပိုင်းကျေးရွာတစ်ရွာ၌ ကိုဆိုဗိုလုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဆားဘီးယားလက်နက်ကိုင်အုပ်စုတစ်ခုတို့ကြား တိုက်ပွဲဖြစ်ပွားခဲ့ရာ ယင်းကျေးရွာမှာ စစ်မြေပြင်သဖွယ်ဖြစ်ခဲ့ရသည်။

ယင်းဖြစ်စဉ် ပေါ်ပေါက်ခဲ့ပြီးနောက်ပိုင်း နေတိုးအုပ်စုသည် ကိုဆိုဗို-ဆားဘီးယား နယ်စပ်တစ်လျှောက်၌ ဗြိတိန်နှင့် ရိုမေးနီးယားတပ်ဖွဲ့ဝင်များကို ထပ်မံအင်အားဖြည့်တင်းထားခဲ့ရသည်။

ဘင့်စကားအမည်ရှိ ကျေးရွာ၌ပေါ်ပေါက်ခဲ့သည့် တိုက်ပွဲသည် ဆားဘီးယားခွဲထွက်၍ လွတ်လပ်ရေးရယူကြောင်း ကိုဆိုဗိုက ကြေညာခဲ့သည့် ၂၀၀၈ ခုနှစ်နောက်ပိုင်း အဆိုးရွားဆုံးပဋိပက္ခဖြစ်သည်။

ဆားဘီးယားနိုင်ငံသည် ကိုဆိုဗို၏လွတ်လပ်ရေးကြေညာမှုကို အသိအမှတ်ပြုထားခြင်းမရှိသေးကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**



## စီးပွားရေးနှင့်နည်းပညာပြဿနာများ နိုင်ငံရေးပုံမသွင်းရန် တရုတ်နိုင်ငံခြားရေးဝန်ကြီး တောင်ကိုရီးယားကို တိုက်တွန်း




**ဘူဆန် နိုဝင်ဘာ ၂၆**

တရုတ် နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိနှင့် တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီး ပတ်ခ်ဂျင်တို့သည် ယနေ့တွင် တောင်ကိုရီးယားနိုင်ငံ ဘူဆန်မြို့၌ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ဘူဆန်မြို့ဆွေးနွေးပွဲ၌ စီးပွားရေးပြဿနာများနှင့် နည်းပညာပြဿနာများကို နိုင်ငံရေးပုံမသွင်းရန် တရုတ်နိုင်ငံခြားရေးဝန်ကြီးက တောင်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီးကို တိုက်တွန်းခဲ့ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

ပေါင်းစည်းလာသည့် အကျိုးစီးပွားများ၊ ထုတ်လုပ်မှုနှင့်ကုန်စည်စီးဆင်းမှုကွင်းဆက် အပြန်အလှန်ချိတ်ဆက်နေမှုများကြောင့် တရုတ်နှင့် တောင်ကိုရီးယားနိုင်ငံတို့မှာ ပူးပေါင်းဆောင်ရွက်ရေး မိတ်ဖက်နိုင်ငံများဖြစ်လာကြောင်း ဘူဆန်ဆွေးနွေးပွဲ၌ တရုတ်နိုင်ငံခြားရေးဝန်ကြီးက ပြောကြားခဲ့သည်။

ထို့ပြင် စီးပွားရေးပြဿနာများ၊ နည်းပညာပြဿနာများအား နိုင်ငံရေးပုံသွင်းမှုကိုလည်း မိမိတို့ နှစ်နိုင်ငံစလုံး ဆန့်ကျင်သင့်ကြောင်း တရုတ် နိုင်ငံခြားရေးဝန်ကြီးက တောင်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီးနှင့်တွေ့ဆုံစဉ် တိုက်တွန်းခဲ့သည်။

နည်းပညာ ထုတ်ကုန်များနှင့် ပတ်သက်၍ တရုတ်နှင့်အမေရိကန်နိုင်ငံတို့ကြား အပြန်အလှန်ထိုးနှက်နေမှုအတွင်း ကြားညှပ်မည့်အရေးကိုရှောင်ရှားရန် တောင်ကိုရီးယားနိုင်ငံအနေဖြင့် ကြိုးပမ်းခဲ့ရသည်။

တရုတ်နိုင်ငံခြားရေးဝန်ကြီးဝမ်ယိသည် ဂျပန်နိုင်ငံခြားရေးဝန်ကြီး ကာမီကာဝါ၊ တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးပတ်ခ်ဂျင်တို့နှင့် သုံးပွင့်ဆိုင်ဆွေးနွေးပွဲ ကျင်းပရေးအတွက် တောင်ကိုရီးယားနိုင်ငံသို့ ရောက်ရှိနေခြင်း ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

## အစ္စရေးကုမ္ပဏီတစ်ခု၏ ကုန်သေတ္တာတင်သင်္ဘောတစ်စီး အိန္ဒိယသမုဒ္ဒရာဒေသ၌ မောင်းသူမဲ့လေယာဉ်ဝင်တိုက်ခံရ

**နယူးယောက် နိုဝင်ဘာ ၂၆**

အစ္စရေးကုမ္ပဏီတစ်ခုက စီမံခန့်ခွဲသည့် ကုန်သေတ္တာတင်သင်္ဘောတစ်စီးသည် အိန္ဒိယသမုဒ္ဒရာဒေသ၌ အီရန်မောင်းသူမဲ့လေယာဉ်အဖြစ် ယူဆရသော မောင်းသူမဲ့လေယာဉ်တစ်စင်း ဝင်တိုက်မှုနှင့် ရင်ဆိုင်ခဲ့ရကြောင်း အမေရိကန် ကာကွယ်ရေးဝန်ကြီးဌာနတာဝန်ရှိသူများက နိုဝင်ဘာ ၂၅ ရက်တွင် ထုတ်ဖော်ပြောကြားထားသည်။

မော်လ်တာနိုင်ငံ မှတ်ပုံတင် ဖေယက်အမည်ရှိ အဆိုပါကုန်သေတ္တာတင်သင်္ဘောကို နိုဝင်ဘာ ၂၄ ရက်တွင် အိန္ဒိယသမုဒ္ဒရာအရှေ့မြောက်ပိုင်း၌ မောင်းသူမဲ့လေယာဉ်ဝင်တိုက်ခဲ့ခြင်းဖြစ်သည်။

ဖေယက် ကုန်သေတ္တာတင်သင်္ဘောအား ဝင်တိုက်ခဲ့သည့် မောင်းသူမဲ့လေယာဉ်မှာ အီရန်နိုင်ငံထုတ် ရှာဟက်-၁၃၆ အမျိုးအစားမောင်းသူမဲ့လေယာဉ်ဖြစ်နိုင်ကြောင်း သိရသည်။

မောင်းသူမဲ့လေယာဉ်ဝင်တိုက်မှုကြောင့် ဖေယက်ကုန်တင်သင်္ဘောမှာ ပျက်စီးမှုအနည်းငယ်ရှိခဲ့သော်လည်း ထိခိုက်ဒဏ်ရာရသူ မရှိခဲ့ကြောင်း အမေရိကန်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

အစ္စရေးနှင့် ဟားမတ်စ်အုပ်စုတို့ကြား စစ်ပွဲဖြင့်အရှေ့အလယ်ပိုင်းဒေသ ပင်လယ်ရေကြောင်းလုံခြုံရေးတင်းမာမှုများမြင့်တက်နေချိန်တွင် ဖေယက်ကုန်သေတ္တာတင်သင်္ဘောကို မောင်းသူမဲ့လေယာဉ်ဝင်တိုက်ခဲ့ခြင်းဖြစ်သည်။



ယခုရက်သတ္တပတ်အစောပိုင်းကလည်း အီရန်ကျောထောက်နောက်ခံပြု ယီမင်အခြေစိုက် ဟူသီသူပုန်အုပ်စုသည် အစ္စရေးနိုင်ငံနှင့် ဆက်နွယ်နေသည့် ကုန်တင်သင်္ဘောတစ်စီးကို ဖမ်းဆီးခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

## ဆီးယားလီယွန်၌ စစ်စခန်းတစ်ခုတိုက်ခိုက်ခံရမှုကြောင့် တစ်နိုင်ငံလုံး ညမထွက်ရအမိန့်ထုတ်ပြန်

**ဖရီးတောင်း နိုဝင်ဘာ ၂၆**

ဖရီးတောင်းမြို့အတွင်းရှိစစ်တန်းလျားတစ်ခု တိုက်ခိုက်ခံခဲ့ရမှုနှင့် လက်နက်တိုက်အတွင်းဖောက်ထွင်းဝင်ရောက်ရန် ကြိုးပမ်းမှုတစ်ရပ်တို့ကြောင့် ဆီရာလီယွန်နိုင်ငံသည် ယနေ့တွင် တစ်နိုင်ငံလုံးအတိုင်းအတာအရ ညမထွက်ရအမိန့်ထုတ်ပြန်ထားကြောင်း သိရသည်။

ယနေ့နံနက်ပိုင်းတွင် အမျိုးအမည်မသိလက်နက်ကိုင်များက ဖရီးတောင်းမြို့တွင်းရှိ ဝီလ်ဘာဖို့စ်စစ်စခန်းကိုတိုက်ခိုက်ခဲ့ပြီး လက်နက်တိုက်အတွင်းဝင်ရောက်ရန်ကြိုးပမ်းခဲ့ကြောင်း ဆီရာလီယွန်အစိုးရက ကြေညာထားသည်။

ဝီလ်ဘာဖို့စ်စစ်စခန်းအား ဝင်ရောက်တိုက်ခိုက်ခဲ့သူများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက တိုက်ထုတ်နိုင်ခဲ့ပြီး လက်ရှိအချိန်တွင် ဖရီးတောင်းမြို့၏အခြေအနေကို ထိန်းချုပ်ထားနိုင်ပြီဖြစ်ကြောင်း အဆိုပါကြေညာချက်၌ ဖော်ပြထားသည်။

သို့သော် ဝီလ်ဘာဖို့စ်စစ်စခန်းတိုက်ခိုက်ခံခဲ့ရပြီးနောက် ဆီရာလီယွန်အစိုးရက တစ်နိုင်ငံလုံးအတိုင်းအတာအရ ညမထွက်ရအမိန့်ထုတ်ပြန်ထားသည်။


ထို့ပြင် ပြည်သူများအနေဖြင့်လည်း တတ်နိုင်သရွေ့မိမိတို့နေအိမ်များထဲတွင်သာနေကြရန် ဆီရာလီယွန်အစိုးရက တိုက်တွန်းထားသည်။

ဝီလ်ဘာဖို့စ်စစ်စခန်းတိုက်ခိုက်မှုကျူးလွန်သူများနှင့် ပတ်သက်၍ အသေးစိတ်အချက်အလက်များကို ဆီရာလီယွန်အစိုးရကကြေညာခြင်း မရှိသေးကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# SCIENCE AND TECHNOLOGY

## တရုတ်အမျိုးသားအာကာသအေဂျင်စီက တီယန်ကောင်းအာကာသစခန်းကို ကြက်ခြေခတ်ပုံသဏ္ဌာန်အာကာသစခန်းအဖြစ်သို့ ပြောင်းလဲမည်



**ပေကျင်း နိုဝင်ဘာ ၂၆**

တရုတ်အမျိုးသားအာကာသအေဂျင်စီသည် တီယန်ကောင်းအာကာသစခန်းကို ထပ်မံတိုးချဲ့တည်ဆောက်၍ ကြက်ခြေခတ်ပုံသဏ္ဌာန် အာကာသစခန်းအဖြစ်သို့ ပြောင်းလဲမည်ဖြစ်ကြောင်း နိုဝင်ဘာ ၂၅ ရက် သတင်းများအရ သိရသည်။

လက်ရှိ တီယန်ကောင်း အာကာသစခန်းသည် ပင်မအလုံပိတ်ကိုယ်ထည်သုံးခုဖြင့် ဖွဲ့စည်းထားသည့် အင်္ဂလိပ်အက္ခရာ တီ ပုံသဏ္ဌာန် အာကာသစခန်းဖြစ်သည်။

တီယန်ကောင်း အာကာသစခန်းကို ကြက်ခြေခတ်ပုံသဏ္ဌာန် အာကာသစခန်းအဖြစ် ပြောင်းလဲရေးအတွက် အာကာသစခန်းပင်မကိုယ်ထည်တစ်ခုကို သင့်လျော်သည့်အချိန်တွင် လွှတ်တင်မည်ဖြစ်ကြောင်း တရုတ်အမျိုးသားအာကာသအေဂျင်စီ တာဝန်ရှိသူများက ပြောကြားသည်။

တီယန်ကောင်း အာကာသစခန်းကို လက်ရှိပင်မကိုယ်ထည် သုံးခု အာကာသစခန်းအဖြစ်မှ ပင်မကိုယ်ထည်ခြောက်ခု အာကာသစခန်းအဖြစ်သို့ ပြောင်းလဲတည်ဆောက်နိုင်ဖွယ်ရှိကြောင်း တရုတ်အမျိုးသား အာကာသအေဂျင်စီ တာဝန်ရှိသူများက ယခုနှစ် ဩဂုတ်လကလည်း ထုတ်ဖော်ပြောကြားထားဖူးသည်။

တီယန်ကောင်း အာကာသစခန်း၏ အဓိကပင်မကိုယ်ထည်ဖြစ်သော တီယန်ဟီပင်မကိုယ်ထည်သည် အလေးချိန်တန် ၁၈၀ ထိရှိမည့် အာကာသစခန်းကို စွမ်းအင်ဖြည့်ဆည်းပေးနိုင်စွမ်းရှိသလို ပတ်လမ်းကိုလည်း ထိန်းပေးထားနိုင်သည်။

တရုတ်နိုင်ငံသည် တီယန်ကောင်းအာကာသစခန်းကို ၂၀၂၂ ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့ကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**

## နေအဖွဲ့အစည်းအတွင်း နေနှင့်အနီးဆုံးဂြိုဟ်ဖြစ်သည့် ဗုဒ္ဓဟူးဂြိုဟ်မြေအောက်၌ ဆားဓာတ်ပါဝင်သည့် ရေခဲပြင်များရှိနေနိုင်

**ဝါရှင်တန် နိုဝင်ဘာ ၂၆**

နေအဖွဲ့အစည်းအတွင်း နေနှင့်အနီးဆုံးဂြိုဟ်ဖြစ်သည့် ဗုဒ္ဓဟူးဂြိုဟ်မြေအောက်၌ ဆားဓာတ်ပါဝင်သည့် ရေခဲပြင်များရှိနေနိုင်ကြောင်း သိပ္ပံပညာရှင်များက နိုဝင်ဘာ ၂၅ ရက်တွင် ပြောကြားသည်။

ထို့ပြင် အဆိုပါ ဆားဓာတ်ပါရေခဲပြင်များ၌ သက်ရှိများဖြစ်ထွန်းရေးအတွက် လိုအပ်သည့်နောက်ခံအခြေအနေများလည်း ရှိနေနိုင်ကြောင်း အမေရိကန်သိပ္ပံပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ သိရသည်။

ဗုဒ္ဓဟူးဂြိုဟ် မြေအောက်၌ တည်ရှိနေသော ဆားဓာတ်ပါရေခဲပြင်များသည် ကမ္ဘာမြေပေါ်ရှိ အကြမ်းတမ်းဆုံး နေရာတချို့ကဲ့သို့ပင် အဏုဇီဝသက်ရှိများ ရှင်သန်နိုင်သော နေရာမျိုးဖြစ်နိုင်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။



အမေရိကန် သိပ္ပံပညာရှင်များသည် ဗုဒ္ဓဟူးဂြိုဟ်၏ မြောက်ဝင်ရိုးစွန်းနယ်မြေနှင့်ဥက္ကာချိုင့်ဝှမ်းဒေသ နှစ်ခု၌ မြေအောက်ဆားဓာတ်ပါရေခဲပြင်များတည်ရှိနေမှုအထောက်အထားများကို တွေ့ရှိထားသည်။

ဗုဒ္ဓဟူးဂြိုဟ်ပေါ်တွင် သက်ရှိများဖြစ်ထွန်းရေးအတွက် လိုအပ်သည့် ဓာတုဒြပ်စင်များနှင့် ဒြပ်ပေါင်းများ ကင်းမဲ့မှုကြောင့် သက်ရှိများရှင်သန်နိုင်မှု မရှိကြောင်း ရှေးယခင်က မှတ်ယူခဲ့ကြသည်။

သို့ရာတွင် သက်ရှိများဖြစ်ထွန်းရေးအတွက် လိုအပ်သည့်ဓာတုဒြပ်စင်များနှင့် ဒြပ်ပေါင်းများမှာ ဗုဒ္ဓဟူးဂြိုဟ်၏ ဆားဓာတ်ပါမြေအောက်ရေခဲပြင်များထဲတွင် ရှိနေနိုင်ကြောင်း အမေရိကန်သိပ္ပံပညာရှင်များက ပြောကြားသည်။

**Ref : Sputnik News**

**Trs : KKO**

## လကမ္ဘာကျောက်သားများအတွင်း ဟိုက်ဒရိုဂျင်မော်လီကျူးများတည်ရှိနေမှုကို အမေရိကန်သိပ္ပံပညာရှင်များ ပထမဆုံးအကြိမ် ဖော်ထုတ်တွေ့ရှိ

**ဝါရှင်တန် နိုဝင်ဘာ ၂၆**

အပိုလို လဆင်းမစ်ရှင်များအတွင်း ရယူခဲ့သည့် လကမ္ဘာကျောက်သားများကို အမေရိကန်သိပ္ပံပညာရှင်များက ပြန်လည်လေ့လာခဲ့ကြရာ အဆိုပါကျောက်သားများအတွင်း ဟိုက်ဒရိုဂျင်မော်လီကျူးများတည်ရှိနေမှုကို ပထမဆုံးအကြိမ် ဖော်ထုတ်တွေ့ရှိခဲ့ကြောင်း နိုဝင်ဘာ ၂၅ ရက် သတင်းများအရ သိရသည်။

အမေရိကန် သိပ္ပံပညာရှင်များသည် အဆိုပါဟိုက်ဒရိုဂျင်မော်လီကျူးများကို လကမ္ဘာကျောက်သားနမူနာအမှတ် (၇၉၂၂၁)တွင် ဖော်ထုတ် တွေ့ရှိခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ဟိုက်ဒရိုဂျင်မော်လီကျူးများသည် လမျက်နှာပြင်ပေါ်သို့ နေ၏စွမ်းအင်လှိုင်းများ အဆက်မပြတ်ရိုက်ခတ်ခဲ့မှု သို့မဟုတ် လမျက်နှာပြင်ပေါ်သို့ ဥက္ကာခဲကျရောက်ခဲ့မှုများကြောင့် ပေါ်ထွက်လာခြင်းဖြစ်နိုင်ကြောင်း သိပ္ပံပညာရှင်များက တွက်ဆထားသည်။

လကမ္ဘာပေါ်၌ လူသားများအနေဖြင့် အမြဲတမ်းအခြေစိုက်စခန်း ထားရှိမည်ဆိုလျှင် ဟိုက်ဒရိုဂျင်သည် လမျက်နှာပြင်ပေါ်မှာပင် တိုက်ရိုက်ရယူသုံးစွဲနိုင်မည့် အရင်းအမြစ်တစ်ခု ဖြစ်လာနိုင်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

ဟိုက်ဒရိုဂျင်မော်လီကျူးများကို သုံး၍ လူသားများအနေဖြင့် လကမ္ဘာပေါ်တွင် ရေဓာတ်ဖန်တီးနိုင်ကြောင်း သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

ထို့ပြင် လနှင့်ကမ္ဘာကြား ခရီးစဉ်များအတွက် ဒုံးပျံလောင်စာ ထုတ်လုပ်ရာတွင် လပေါ်ရှိဟိုက်ဒရိုဂျင်မော်လီကျူးများကို အသုံးပြုနိုင်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**

# HEALTH

## သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုကြောင့် မြို့ပြ၌ ရင်သားကင်ဆာဖြစ်ပွားနှုန်း ကျေးလက်ထက်ပိုမြင့်မား

**နယူးယောက် နိုဝင်ဘာ ၂၆**

သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုများကြောင့် မြို့ပြ၌ ရင်သားကင်ဆာရောဂါ ဖြစ်ပွားနှုန်း ကျေးလက်ဒေသ၌ ရင်သားကင်ဆာဖြစ်ပွားနှုန်းထက်ပို၍ မြင့်မားကြောင်း သုတေသနပညာရှင်များက နိုဝင်ဘာ ၂၅ ရက်တွင် ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များသည် သဘာဝပတ်ဝန်းကျင်အရည်အသွေး အညွှန်းကိန်းများနှင့် မြို့ပြနှင့်ကျေးလက် ရင်သားကင်ဆာဖြစ်ပွားနှုန်းတို့ နှိုင်းယှဉ်လေ့လာခဲ့ကြသည်။

လေ့လာမှုမှ ပေါ်ထွက်လာသော ရလဒ်များအရ သဘာဝပတ်ဝန်းကျင်အရည်အသွေးကောင်းမွန်သည့်နေရာများ၌ ရင်သားကင်ဆာရောဂါ ဖြစ်ပွားမှုသည် သဘာဝပတ်ဝန်းကျင် အရည်အသွေးညံ့သည့်နယ်မြေများ၌ ဖြစ်ပွားသည့် အရေအတွက်နှင့်နှိုင်းယှဉ်ပါက ပိုနည်းသည်ကိုတွေ့ရကြောင်း သိရသည်။

သို့ဖြစ်ရာ သဘာဝပတ်ဝန်းကျင် အရည်အသွေး ညံ့မှုပြဿနာကြောင့် မြို့ပြ၌ ရင်သားကင်ဆာဖြစ်ပွားနှုန်းမှာ ကျေးလက်ဒေသများထက် ပိုမြင့်မားနေခြင်းဖြစ်နိုင်ကြောင်း သုတေသနပညာရှင်များက သုံးသပ်ထားသည်။

မိမိတို့၏ လေ့လာချက်အရ ပတ်ဝန်းကျင် အရည်အသွေးညံ့သည့် မြို့ပြနယ်မြေများ၌ ကင်ဆာရောဂါဖြစ်ပွားနှုန်းမှာ ပတ်ဝန်းကျင်အရည်အသွေး ကောင်းမွန်သည့် ကျေးလက်ဒေသများထက် ပို၍ မြင့်မားသည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အထက်ပါလေ့လာမှုကို မြောက်ကာရိုလိုင်းနားပြည်နယ် ဂျူကင်ဆာရောဂါ အင်စတီကျုမှ ဆေးပညာရှင်များက ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

## ညပိုင်းအိပ်ရေးမဝခဲ့လျှင် မိနစ် ၂၀ ကြာ လေ့ကျင့်ခန်း ပြုလုပ်ခြင်းဖြင့် ဦးနှောက်ကျန်းမာရေးကို မြှင့်တင်နိုင်

**လန်ဒန် နိုဝင်ဘာ ၂၆**

ညပိုင်းအိပ်ရေးမဝခဲ့လျှင် မိနစ် ၂၀ ကြာအချိန်ယူ၍ လေ့ကျင့်ခန်းပြုလုပ်ပေးခြင်းဖြင့် ဦးနှောက်ကျန်းမာရေးကို မြှင့်တင်နိုင်ကြောင်း နိုဝင်ဘာ ၂၅ ရက် သတင်းများအရ သိရသည်။

ဗြိတိန်နိုင်ငံ ပို့သ်မောက်စ်တက္ကသိုလ်မှ သုတေသနပညာရှင်များသည် စမ်းသပ်မှုနှစ်ရပ်ကို လူ ၂၄ ဦးဖြင့် ပြုလုပ်ခဲ့သည်။

အဆိုပါ စမ်းသပ်မှုနှစ်ရပ်မှ ပေါ်ထွက်လာသည့် ရလဒ်များအရ ညပိုင်းကာလ အိပ်စက်ချိန်ပုံမှန်ထက်နည်းခဲ့လျှင်ပင် မိနစ် ၂၀ ကြာမျှ အားစိုက်ရသည့်လေ့ကျင့်ခန်းများ ပြုလုပ်ပေးပါက ဦးနှောက်ကျန်းမာရေးကို မြှင့်တင်ရာတွင် အထောက်အကူပြုကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အိပ်စက်ခြင်းသည် ကျန်းမာရေးနှင့်ညီညွတ်သည့်ဘဝကို တည်ဆောက်ရာတွင် အခြေခံကျသည့် ဇီဝကမ္မဖြစ်စဉ်ဖြစ်သည်။

အရွယ်ရောက်သူများအနေဖြင့် တစ်ညလျှင် အိပ်စက်ချိန် ခုနစ်နာရီနှင့် ကိုးနာရီကြား ရှိသင့်ကြောင်း နိုင်ငံတကာ ဆေးပညာရှင်များက အကြံပြုထားသည်။

အိပ်စက်ချိန် ပုံမှန်ထက်နည်းခဲ့ပါက တွေးတောဆင်ခြင်နိုင်မှုစွမ်းရည်ကျဆင်းမှုကဲ့သို့ ဦးနှောက်ကျန်းမာရေးပြဿနာများ ပေါ်လာတတ်ကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ပွဲအနည်းဆုံးဖြင့် သွင်းဂိုး ၅၀ ပြည့်မြောက်ခဲ့သည့်ကစားသမားအဖြစ် ဟာလန်း စံချိန်သစ်တင်



**လန်ဒန် နိုဝင်ဘာ ၂၆**

မန်စီးတီးအသင်း တိုက်စစ်မှူး ဟာလန်းသည် လီဗာပူးအသင်းကို တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် သွင်းဂိုး တစ်ဂိုးသွင်းယူပေးနိုင်ခဲ့သောကြောင့် ပရီးမီးယားလိဂ်ပြိုင်ပွဲ ၄၈ ပွဲ ကစားခဲ့ရာတွင် သွင်းဂိုး ၅၀ ပြည့်မြောက်ခဲ့သည့် စံချိန်ကောင်းတစ်ရပ်ကိုရရှိခဲ့သည်။

ပရီးမီးယားလိဂ် သမိုင်းတွင် ပွဲအနည်းဆုံးကစားကာ သွင်းဂိုး ၅၀ ပြည့်မြောက်ခဲ့သည့်တိုက်စစ်မှူးများအဖြစ် အင်ဒီကိုးလ်က ၆၅ ပွဲဖြင့် ပထမ၊ အလန်ရှီးယားက ၆၆ ပွဲဖြင့် ဒုတိယ၊ နစ္စတယ်ရွိုင်းက ၆၈ ပွဲဖြင့် တတိယနေရာနှင့်တောရက်စ်နှင့် ဆာလာဟ်တို့က ၇၂ ပွဲဖြင့် စတုတ္ထနေရာတွင် ရပ်တည်နေသော်လည်း လီဗာပူးအသင်းနှင့် ပွဲစဉ်တွင် တိုက်စစ်မှူးဟာလန်းက ပွဲကစားချိန် ၂၇ မိနစ်တွင် အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့ပြီးနောက် ပရီးမီးယားလိဂ် ၄၈ ပွဲတွင် သွင်းဂိုး ၅၀ သွင်းယူနိုင်သည့်ကစားသမားဖြစ်လာခဲ့ကြောင်း သိရသည်။

ထို့ပြင် တိုက်စစ်မှူးဟာလန်းသည် ပြီးခဲ့သည့်ဘောလုံးရာသီကလည်း ပရီးမီးယားလိဂ်သွင်းဂိုး ၃၆ ဂိုးထိ သွင်းယူနိုင်ခဲ့သဖြင့် ပွဲဦးထွက်ဘောလုံးရာသီတွင် သွင်းဂိုးအများဆုံးသွင်းယူနိုင်သည့်မှတ်တမ်းကောင်းရရှိခဲ့ပြီး ယခုနှစ်တွင်လည်း ပြိုင်ပွဲစုံ ပွဲ ၂၀ ပါဝင်ကစားခဲ့ရာတွင် သွင်းဂိုး ၁၈ ဂိုးထိ သွင်းယူခြေစွမ်းပြသနိုင်ခဲ့သည်။

လက်ရှိ ပရီးမီးယားလိဂ်သမိုင်းတွင် တိုက်စစ်မှူးဟောင်း အလန်ရှီးယားက ပြိုင်ပွဲစုံ ၁၂၄ ပွဲတွင် သွင်းဂိုး ၁၀၀ ပြည့်မြောက်ခဲ့သည့် စံချိန်ကောင်းတစ်ခုကို ပိုင်ဆိုင်ထားပြီး တိုက်စစ်မှူးဟာလန်းက ပွဲအနည်းဆုံးကစား၍ အလန်ရှီးယား၏စံချိန်ကို လိုက်မီနိုင်ရန်အခွင့်အရေးကောင်းများ ရှိနေကြောင်း သိရသည်။

Ref : Xinhua
Trs : ML

# စီးရီးအေဘောလုံးသမိုင်းတွင် အသက်အငယ်ဆုံး ကစားသမားအဖြစ် ကာမာဒါ မှတ်တမ်းဝင်

**ရောမ နိုဝင်ဘာ ၂၆**

အေစီမီလန်အသင်းနှင့်ဖီအိုရင်တီးနားအသင်းတို့ ကစားခဲ့သည့်ပွဲစဉ်တွင် အေစီမီလန်အသင်းက တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့ပြီး ယင်းပွဲစဉ်တွင် လူစားဝင်ကစားသမားအဖြစ် ပါဝင်ခွင့်ရခဲ့သည့် လူငယ်ကစားသမား ကာမာဒါသည် စီးရီးအေဘောလုံးသမိုင်းတစ်လျှောက်တွင် အသက်အငယ်ဆုံးကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

လက်ရှိ စီးရီးအေပြိုင်ပွဲတွင် အသက်အငယ်ဆုံး ပွဲထွက်ခွင့်ရရှိထားသည့်ကစားသမားမှာ ဂျီနိုအာအသင်းမှ တောင်ပံကစားသမား ဖီနီသည် အမှတ်ပေးပွဲစဉ်တွင်ပါဝင်ကစားခဲ့သည့်အချိန်၌ ၁၇ နှစ် ၄ လ ၂၀ ရက်သာ ရှိသေးသဖြင့် အသက်အငယ်ဆုံးအဖြစ် ရပ်တည်နေသော်လည်း ယခုအခါအေစီမီလန်အသင်းမှ တိုက်စစ်မှူးကာမာဒါက အသက် ၁၅ နှစ် ၈ လ ၁၅ ရက်သာရှိသေးသဖြင့် စီးရီးအေဘောလုံးသမိုင်းတွင် အသက်အငယ်ဆုံးပါဝင်ကစားခွင့်ရရှိခဲ့သူအဖြစ် မှတ်တမ်းဝင်ခဲ့ခြင်းဖြစ်သည်။

လူငယ်ကစားသမား ကာမာဒါသည် အဆိုပါပွဲစဉ်တွင် ပွဲကစားချိန် ၈၃ မိနစ်အရောက်၌ တိုက်စစ်မှူးဂျိုဗစ်နှင့် လူစားလဲကစားခွင့်ရခဲ့ပြီး အသင်းအတွက်အကောင်းဆုံး ပါဝင်ကစားပေးနိုင်ခဲ့သကဲ့သို့အသင်းအနေဖြင့်လည်း ပထမပိုင်းတွင် ရရှိခဲ့သည့် သီယိုဟာနန်ဒက်စ်၏ ပင်နယ်တီသွင်းဂိုးဖြင့်သာ အနိုင်ရခဲ့ကြောင်း သိရသည်။

ဖီအိုရင်တီးနား အသင်းကို အနိုင်ရခဲ့သည့် အေစီမီလန်အသင်းသည် အမှတ်ပေးပွဲစဉ် ၁၃ ပွဲအပြီးတွင် ရမှတ် ၂၆ မှတ်ရရှိခဲ့ပြီး အဆင့်(၃)နေရာသို့ တက်ရောက်ခဲ့ကာ အဆင့်(၁)မှ အင်တာမီလန်အသင်းနှင့် ငါးမှတ်သာကွာဟလျက်ရှိသကဲ့သို့ လာမည့်နိုဝင်ဘာ ၂၉ ရက်တွင် ချန်ပီယံလိဂ်ပွဲစဉ်အဖြစ် ဒေါ့မွန်အသင်းကို အိမ်ကွင်းတွင်လည်းကောင်း၊ အမှတ်ပေးပွဲစဉ်အဖြစ် ဒီဇင်ဘာ ၃ ရက်တွင် ဖရိုစီဝမ်းအသင်းကို အိမ်ကွင်း၌လည်းကောင်းယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

Ref : RT
Trs : ML



# နော်တင်ဟမ်အသင်းနှင့်ပွဲစဉ်တွင် တိုက်စစ်မှူးဖာတီ ဒူးဒဏ်ရာရရှိခဲ့ကြောင်း ဘာရိုက်တန်အသင်းပြောကြား

**လန်ဒန် နိုဝင်ဘာ ၂၆**

ပရီးမီးယားလိဂ်ပွဲစဉ်(၁၃)အဖြစ် ယှဉ်ပြိုင်ကစားခဲ့သည့် နော်တင်ဟမ်အသင်းနှင့် ဘာရိုက်တန်အသင်းတို့ ပွဲစဉ်တွင် တိုက်စစ်မှူးဖာတီသည် ပွဲကစားချိန် ၂၀ မိနစ်အရောက်တွင် ဒူးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ယခုနှစ် ဘောလုံးရာသီတွင် ဘာစီလိုနာအသင်းမှ အငှားခေါ်ယူထားသည့် တိုက်စစ်မှူးဖာတီသည် နည်းပြဒီဇာဘီ၏လက်အောက်တွင် ပုံစံကောင်းပြသနေသဖြင့် ယခုပွဲစဉ်တွင် ပွဲထွက်ကစားသမားအဖြစ် ပါဝင်လာခဲ့ရာ ပွဲကစားချိန် ၂၀ မိနစ်အရောက်တွင် ဒူးဒဏ်ရာရရှိခဲ့သောကြောင့် အသင်းဖော်ကစားသမား ဂျာအိုပက်ထရိုနှင့် လူစားလဲထွက်ခွာခဲ့ရပြီး ၎င်း၏ဒဏ်ရာကို လိုအပ်သည့်စစ်ဆေးမှုများ ပြုလုပ်နေကြောင်း ဘာရိုက်တန်အသင်းက ပြောကြားခဲ့သည်။

တိုက်စစ်မှူးဖာတီသည် လူငယ်ကစားသမားများထဲတွင် ခြေစွမ်းပိုင်းကောင်းမွန်သည့် ကစားသမားတစ်ဦးဖြစ်သော်လည်း ၎င်းအနေဖြင့် ဒဏ်ရာပြဿနာများနှင့်သာ ရုန်းကန်နေရသဖြင့် ကစားသမားဘဝအတွက် စိုးရိမ်စရာအခြေအနေဖြစ်နေပြီး ဘာစီလိုနာအသင်းတွင်လည်း ဒဏ်ရာပြဿနာများကြောင့် ကာလရှည် အနားယူခဲ့ရသောကြောင့် ပုံစံကောင်းပျောက်ဆုံးခဲ့သဖြင့် ယခုနှစ်တွင် ဘာရိုက်တန်အသင်းသို့ အငှားစေလွှတ်ခြင်းခံခဲ့ရသူဖြစ်ပြီး လက်ရှိအချိန်ထိဒဏ်ရာပြဿနာနှစ်ကြိမ်ထိ ကြုံတွေ့ခဲ့ရကြောင်း သိရသည်။

ဖာတီသည် ယခုနှစ်ဘောလုံးရာသီ ဘာရိုက်တန်အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၁၃ ပွဲ ပါဝင်ကစားခဲ့ရာ သွင်းဂိုး လေးဂိုးထိ သွင်းယူခြေစွမ်းပြသနိုင်ခဲ့သောကြောင့် ဘာစီလိုနာအသင်းက အငှားစာချုပ်ကုန်ဆုံးချိန်တွင် အသင်းသို့ပြန်လည်ခေါ်ယူမည်ဖြစ်ကြောင်း ပြောကြားထားသော်လည်း ၎င်း၏ဒဏ်ရာအခြေအနေကို စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။

Ref : Sputnik
Trs : ML

## အားကစားသတင်း အတိုအထွာများ

- ကွင်းလယ်ကစားသမား မက်ခီတာရန်းအနေဖြင့် အင်တာမီလန်အသင်းနှင့် နှစ်နှစ်သက်တမ်းတိုးစာချုပ် ချုပ်ရန်အတွက် အသင့်ဖြစ်နေကြောင်း ၎င်း၏အေးဂျင့် ပီမန်တာက ထုတ်ဖော်ပြောကြားခဲ့သည်။
- မန်စီးတီးအသင်းကို သရေရလဒ်ကစားနိုင်ခဲ့သော်လည်း တိုက်စစ်မှူးဂျိုတာနှင့် အယ်လစ်ဆန်တို့ ဒဏ်ရာရရှိခဲ့ကြောင်း လီဗာပူးအသင်းနည်းပြကလော့ပ်က အတည်ပြုပြောကြားခဲ့သည်။
- ကွင်းလယ်ကစားသမား ဒီဘရိုင်းကို ဆော်ဒီကလပ်အသင်းများကခေါ်ယူရန် တရားဝင်ကမ်းလှမ်းမှုပြုလုပ်ခဲ့သဖြင့် မန်စီးတီးတာဝန်ရှိသူများကငြင်းပယ်၍ ဒီဘရိုင်းကိုရောင်းချမည်မဟုတ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ ML

### အီတလီစီးရီးအေ ပွဲစဉ် (၁၃) ရလဒ်

| | | | | |
|---|---|---|---|---|
| ကက်ဂလီယာရီ | ၁ | - | ၁ | မွန်ဇာ |
| အမ်ပိုလီ | ၃ | - | ၄ | ဆက်ဆူအိုလို |
| ဖရိုစီဝမ်း | ၂ | - | ၁ | ဂျီနိုအာ |

(ဝ၄ဝ)

# Australian PGA Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆုကို ဩစတြေးလျကစားသမား မင်ဝူလီ ဆွတ်ခူး

**ဘရစ္စဘိန်း နိုဝင်ဘာ ၂၆**

ဩစတြေးလျနိုင်ငံ ဘရစ္စဘိန်းမြို့တွင်ကျင်းပခဲ့သည့် Australian PGA Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဩစတြေးလျဂေါက်သီးရိုက်ကစားသမားမင်ဝူလီက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် အချက် ၂၀ လျော့ရိုက်ကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျပန်ဂေါက်သီးရိုက်ကစားသမား ဟိုရှီနိုက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၇ ချက်လျော့ရိုက်ကာ ဒုတိယနေရာတွင်ရပ်တည်နိုင်ခဲ့ပြီး ဩစတြေးလျဂေါက်သီးရိုက်ကစားသမား မက်လိုက်ရှ်မန်းက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၆ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ရပ်တည်နိုင်ခဲ့သည်။

မင်ဝူလီသည် ဒုတိယနေ့မှစ၍ နောက်ဆုံးနေ့ထိ အမှတ်ပေးဇယားကိုတောက်လျှောက် ဦးဆောင်နိုင်ခဲ့ခြင်းဖြစ်ပြီး နောက်ဆုံးနေ့တွင် အကောင်းဆုံးစွမ်းဆောင်ရည်ပြနိုင်ပြီး ချန်ပီယံဆုကိုဆွတ်ခူးနိုင်ခဲ့ပြီးနောက် လာရောက်ကြည့်ရှုအားပေးသည့် ဩစတြေးလျပရိသတ်များနှင့်အတူ အောင်ပွဲခံခဲ့သည်။



မင်ဝူလီက "ဩစတြေးလျမြေမှာ ယှဉ်ပြိုင်ကစားခဲ့ရတာအရမ်းအဆင်ပြေတယ်။ ကျွန်တော်ငယ်စဉ်ကတည်းက အာဒမ်စကော့တို့လို ဩစတြေးလျနိုင်ငံရဲ့ နာမည်ကြီးကစားသမားတွေကို ကြည့်ရှုအားပေးလာခဲ့ရတာပါ။ အာဒမ်စကော့ဟာ ကျွန်တော်လေးစားအတုယူခဲ့ရတဲ့ ကစားသမားတစ်ယောက်ဖြစ်ပါတယ်။ အခုဒီပြိုင်ပွဲမှာလဲ အာဒမ်စကော့လို ကစားသမားကို ကျော်ဖြတ်ပြီး ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့လို့ ဝမ်းသာဂုဏ်ယူမိပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT
Trs : AZL

# 7th World Vovinam Championships ပြိုင်ပွဲတွင် မြန်မာဗိုဗီနမ်အားကစားအဖွဲ့က ငွေတံဆိပ်သုံးခုနှင့်ကြေးတံဆိပ် လေးခုရရှိ

**ဟိုချီမင်း နိုဝင်ဘာ ၂၆**

ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့တွင် အိမ်ရှင်အဖြစ်လက်ခံကျင်းပလျက်ရှိနေသည့် 7th World Vovinam Championships ပြိုင်ပွဲတွင် မြန်မာဗိုဗီနမ်အားကစားအဖွဲ့ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိရာ ယနေ့ပွဲစဉ်များအပြီးတွင် ငွေတံဆိပ်သုံးခုနှင့် ကြေးတံဆိပ် လေးခု စုစုပေါင်းဆုတံဆိပ် ခုနစ်ခုရရှိထားကြောင်း သိရသည်။




7th World Vovinam Championships ပြိုင်ပွဲ နိုဝင်ဘာ ၂၅ ရက်က ကျင်းပခဲ့သည့်ပွဲစဉ်များမှ Four Element Staff Form ပြိုင်ပွဲအမျိုးအစားတွင် တင်ထူးဇော်က ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ငွေတံဆိပ် တစ်ခု၊ 3 Male၊ 3Female ပြိုင်ပွဲအမျိုးအစားတွင် တင်ထူးဇော်၊ ကျော်သူစိုးအောင်၊ ဟိန်းထက်အောင်၊ ချစ်နှင်းဒီဆောင်း၊ မေဟန်နီအောင်လွင်၊ အိမ်ရွှေဖူးတို့ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ငွေတံဆိပ်တစ်ခုကိုလည်းကောင်း အသီးသီးဆွတ်ခူးနိုင်ခဲ့သည်။

ဆက်လက်ပြီး ယနေ့ကျင်းပခဲ့သည့်ပွဲစဉ်များတွင်လည်း မြန်မာဗိုဗီနမ်အားကစားအဖွဲ့က ဆက်လက်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ၅၄ ကီလိုတန်း(အတိုက်ပြိုင်ပွဲ)တွင် မင်းမင်းထိုက်က ကြေးတံဆိပ်တစ်ခု၊ Female Staff Defense (အပြပြိုင်ပွဲ)တွင် အောင်ခိုင်လင်း၊ ချစ်နှင်းဒီအောင်တို့အတွဲက ကြေးတံဆိပ်တစ်ခု၊ Pair Sword Form Male ပြိုင်ပွဲတွင် တင်ထူးဇော်၊ ကျော်သူစိုးအောင်တို့အတွဲက ကြေးတံဆိပ်တစ်ခု၊ Ying Yang Sword Form Male ပြိုင်ပွဲတွင် ဟိန်းထက်အောင်က ကြေးတံဆိပ်တစ်ခု၊ Ying Yang Sword Form Female ပြိုင်ပွဲတွင် မေဟန်နီအောင်လွင်က ငွေတံဆိပ်တစ်ခု စုစုပေါင်း ငွေတံဆိပ် သုံးခုနှင့်ကြေးတံဆိပ် လေးခု ရရှိထားသည်။

အဆိုပါပြိုင်ပွဲကို နိုဝင်ဘာ ၃၀ ရက်ထိ ကျင်းပသွားမည်ဖြစ်ပြီး မြန်မာဗိုဗီနမ်အဖွဲ့တွင် နည်းပြနှစ်ဦးနှင့် ပြိုင်ပွဲဝင်ကစားသမား ငါးဦး သွားရောက်ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။ **STA**

# Davis Cup ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်၌ ဆားဘီးယားအသင်းက အီတလီအသင်းကိုရှုံးနိမ့်

**မာလာဂါ နိုဝင်ဘာ ၂၆**

စပိန်နိုင်ငံ မာလာဂါမြို့တွင် ကျင်းပနေသည့် Davis Cup တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့် ပွဲစဉ်တစ်ပွဲအဖြစ် ဆားဘီးယားအသင်းနှင့် အီတလီအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အီတလီအသင်းက(၂-၁)ရလဒ်ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲစဉ်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဆားဘီးယားအသင်းနှင့်အီတလီအသင်းတို့ပွဲစဉ်တွင် တစ်ဦးချင်းပွဲစဉ်(၁)အဖြစ် ဆားဘီးယားအသင်းမှ ကက်မာနိုဗစ်နှင့်အီတလီအသင်းမှ မူဆက်တီတို့ယှဉ်ပြိုင်ကစားခဲ့ရာ ကက်မာနိုဗစ်က (၆-၇၊ ၆-၂၊ ၆-၁)ရလဒ်ဖြင့် အနိုင်ရရှိခဲ့သည့်အတွက် ဆားဘီးယားအသင်းက (၁-၀) ရလဒ်ဖြင့် ဦးဆောင်ခွင့်ရခဲ့သည်။

တစ်ဦးချင်းဒုတိယပွဲစဉ်အဖြစ် ဆားဘီးယားအသင်းမှ ဂျိုကိုဗစ်နှင့် အီတလီအသင်းမှဂျန်နစ်ဆင်နာတို့ ပွဲစဉ်တွင် (၆-၂၊ ၂-၆၊ ၇-၅) ရလဒ်ဖြင့် ဂျန်နစ်ဆင်နာက အနိုင်ရရှိခဲ့သည့်အတွက်ကြောင့် ဆားဘီးယားအသင်းနှင့် အီတလီအသင်းတို့ (၁-၁)ရလဒ်ထွက်ပေါ်ခဲ့သည်။

အနိုင်အရှုံးအတွက် အဆုံးအဖြတ်ပွဲစဉ်ကို ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ နှစ်ယောက်တွဲပွဲစဉ်အဖြစ် အီတလီအသင်းမှ ဂျန်နစ်ဆင်နာနှင့်ဆိုနီဂိုတို့အတွဲက ဆားဘီးယားအသင်းမှ ကက်မာနိုဗစ်နှင့် ဂျိုကိုဗစ်တို့အတွဲကို (၆-၃ ၊ ၆-၄) ရလဒ်ဖြင့်အနိုင်ရရှိကာ အီတလီအသင်းက (၂-၁)ရလဒ်ဖြင့် ဗိုလ်လုပွဲစဉ်သို့ တက်ရောက်ခဲ့သည်။

ဂျိုကိုဗစ်က "ဗိုလ်လုပွဲစဉ်အဆင့်ကို တက်ရောက်နိုင်ခဲ့တဲ့ အီတလီအသင်းကို ဂုဏ်ပြုပါတယ်။ အီတလီအသင်းဟာ ထိုက်ထိုက်တန်တန်နဲ့ ဗိုလ်လုပွဲစဉ်အဆင့်ကို တက်ရောက်ခဲ့တာဖြစ်ပါတယ်။ အထူးသဖြင့် ဂျန်နစ်ဆင်နာကစားသွားတာ အရမ်းကောင်းတယ်။ ကျွန်တော်နဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ တစ်ဦးချင်းပွဲစဉ်မှာ ဂျန်နစ်ဆင်နာဟာ အများမရှိသလောက်ဖြစ်ခဲ့တယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Sputnik**
**Trs : AZL**

# ပြည်နယ်နှင့်တိုင်းဒေသကြီး ပိုက်ကျော်ခြင်း(အမျိုးသား၊အမျိုးသမီး)ပြိုင်ပွဲ ပွဲစဉ်များဆက်လက်ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၆**

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်တို့ပူးပေါင်းကျင်းပသည့် ပြည်နယ်နှင့်တိုင်းဒေသကြီး ပိုက်ကျော်ခြင်း(အမျိုးသား၊အမျိုးသမီး)ပြိုင်ပွဲ ပွဲစဉ်များကို ယနေ့ နံနက် ၉ နာရီမှစတင်၍ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ(C)၌ ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

ယနေ့ပွဲစဉ်များအဖြစ် အမျိုးသား လေးယောက်တွဲ အုပ်စုပွဲစဉ်များယှဉ်ပြိုင်ကစားခဲ့ရာ ပဲခူးတိုင်းဒေသကြီးအသင်းက ကချင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းက ချင်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ရခိုင်ပြည်နယ်အသင်းက မကွေးတိုင်းဒေသကြီး အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ မွန်ပြည်နယ်အသင်းက ကရင်ပြည်နယ်အသင်းကို နှစ်ပွဲတစ်ပွဲဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့သည်။

ဆက်လက်ပြီး အမျိုးသားလေးယောက်တွဲ ရှုံးထွက်ပွဲစဉ်များကိုယှဉ်ပြိုင်ကစားခဲ့ကြရာ မကွေးတိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲတစ်ပွဲဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက ရခိုင်ပြည်နယ်အသင်းကို နှစ်ပွဲ တစ်ပွဲဖြင့် လည်းကောင်း၊ ပြည်ထောင်စုနယ်မြေနေပြည်တော်အသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ အမျိုးသမီးလေးယောက်တွဲ ရှုံးထွက်ပြိုင်ပွဲ ပွဲစဉ်များတွင် ရှမ်းပြည်နယ်အသင်းက မကွေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ရခိုင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ မွန်ပြည်နယ်အသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ကြောင်း သိရသည်။ **STA**

# နေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၂၀)တွင် ရန်ကုန်ယူနိုက်တက်အသင်း အနိုင်ရရှိ

**ရန်ကုန် နိုဝင်ဘာ ၂၆**

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၂၀)အဖြစ် ယနေ့ညနေ ၄ နာရီက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် ရန်ကုန်ယူနိုက်တက်အသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရန်ကုန်ယူနိုက်တက်အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့်အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် မြန်မာနေရှင်နယ်လိဂ်ထိပ်တန်းအသင်းနှစ်သင်းတွေ့ဆုံသည့် ပွဲစဉ်ဖြစ်သည်နှင့်အညီ အပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ပြီး ပွဲချိန် ၂၈ မိနစ်တွင် ပင်နယ်တီမှတ်ဆင့် ဇင်မင်းထွန်းက ဟံသာဝတီယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူပေးနိုင်ခဲ့သော်လည်း ပွဲချိန် ၄၃ မိနစ်တွင် ဇာနည်ထက်က ရန်ကုန်ယူနိုက်တက်အသင်းအတွက် ချေပဂိုး သွင်းယူပေးနိုင်ခဲ့သောကြောင့် ပထမပိုင်းအပြီးတွင် တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့သည်။

ဆက်လက်ပြီး ဒုတိယပိုင်းမြန်လည်စတင်ချိန်တွင် နှစ်သင်းစလုံးတိုက်စစ်ဖြင့်ဖိအားပေးမှုများကြောင့် ပိုမိုအကြိတ်အနယ်ရှိခဲ့ပြီး ပွဲချိန် ၆၃ မိနစ်တွင် ဇော်ဝင်းသိန်းက ရန်ကုန်ယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။

လက်ကျန် ပွဲချိန်များတွင် ဟံသာဝတီယူနိုက်တက်အသင်းက ချေပဂိုးနှင့် အနိုင်ဂိုးများအတွက် ပြန်လည်ဖိအားပေးခဲ့သော်လည်း အချိန်မီသတ်ပိုင်း အားနည်းမှုများကြောင့် ပွဲပြီးဆုံးချိန်တွင် ရန်ကုန်ယူနိုက်တက်အသင်းက ဟံသာဝတီယူနိုက်တက်အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အဆိုပါ ပွဲစဉ်အတွက် အကောင်းဆုံး ကစားသမားဆုကို ရန်ကုန်ယူနိုက်တက်အသင်းအတွက် သွင်းဂိုး တစ်ဂိုး သွင်းယူပေးနိုင်ခဲ့သည့် ကွင်းလယ်ကစားသမား ဇော်ဝင်းသိန်းက ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

**STA**

# WBA၊ WBC၊ IBF၊ WBO၊ IBO အမျိုးသမီးလိုက်ဝယ်သာဝိတ်တန်း ပြိုင်ဘက်ကင်းချန်ပီယံဆုကို အိုင်ယာလန်လက်ဝှေ့မယ် ကေတီတေလာ ဆွတ်ခူး




**ဒပ်ဗ်လင် နိုဝင်ဘာ ၂၆**

WBA၊ WBC၊ IBF၊ WBO၊ IBO အမျိုးသမီး လိုက်ဝယ်သာဝိတ်တန်းပြိုင်ဘက်ကင်းချန်ပီယံဆုမကျေပွဲစဉ်အဖြစ် လက်ရှိချန်ပီယံ အင်္ဂလန်လက်ဝှေ့မယ် ချန်တယ်လီနှင့်စိန်ခေါ်သူ အိုင်ယာလန်လက်ဝှေ့မယ် ကေတီတေလာတို့ နိုဝင်ဘာ ၂၅ ရက်တွင် အိုင်ယာလန်နိုင်ငံ ဒပ်ဗ်လင်မြို့တွင် ထိုးသတ်ခဲ့ရာ ကေတီတေလာက ဗိုင်အမှတ်ဖြင့် အနိုင်ရရှိကာ အမျိုးသမီးလိုက်ဝယ်သာဝိတ်တန်း၏ ပြိုင်ဘက်ကင်းချန်ပီယံအဖြစ် ရပ်တည်ခွင့်ရခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ကေတီတေလာသည် လိုက်ဝိတ်တန်းတွင် ပြိုင်ဘက်ကင်းချန်ပီယံအဖြစ် ရပ်တည်နေသူဖြစ်ပြီး ယခုထပ်မံ၍ လိုက်ဝယ်သာဝိတ်တန်းတွင်လည်း ပြိုင်ဘက်ကင်းချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းကြောင့် မတူညီသော ဝိတ်တန်းနှစ်ခု၏ ပြိုင်ဘက်ကင်း ချန်ပီယံအဖြစ် ရပ်တည်ခွင့်ရသွားခဲ့သည်။

ချန်တယ်လီနှင့်ကေတီတေလာတို့သည် ပထမပွဲစဉ်အဖြစ် မေ ၂၀ ရက်တွင် ဒပ်ဗ်လင်မြို့၌ ထိုးသတ်ခဲ့ပြီး ယင်းပွဲစဉ်တွင် ချန်တယ်လီက ဗိုင်အမှတ်ဖြင့် အနိုင်ရခဲ့သည်။

တစ်ပွဲစီ အနိုင်ရထားသည့်အတွက် ပြတ်သားသောရလဒ်ထွက်ပေါ်လာရေးအတွက် တတိယမကျေပွဲစဉ်ထိုးသတ်သွားရန်အတွက် စိန်ခေါ်လာခဲ့ပါက လက်ခံသွားမည်ဖြစ်ကြောင်း ကေတီတေလာက ပြောကြားခဲ့သည်။

**Ref : Xinhua**
**Trs : AZL**

### ပြင်သစ်လီဂူး ပွဲစဉ် (၁၃) ရလဒ်

| | | | | |
|---|---|---|---|---|
| နိုက် | ၁ | - | ၀ | တူးလော့ |
| လိုရီယန့် | ၂ | - | ၃ | မက်ဇ် |
| မောင့်ပယ်လီယာ | ၁ | - | ၃ | ဘရက် |
| နန့်တက် | ၀ | - | ၀ | လီဟာဗေး |
| ရင်းနက် | ၃ | - | ၁ | ရိမ်း |

(၀၄၀)

# တရုတ်နိုင်ငံစီးပွားရေးမဟာဗျူဟာနှင့် မြန်မာ့အကျိုးစီးပွား

ပိုက်တင်

မြန်မာ့အိမ်နီးချင်း အင်အားကြီးနိုင်ငံဖြစ်တဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံဟာ ၂၀၁၃ ခုနှစ်မှာ ကမ္ဘာလုံးဆိုင်ရာလွှမ်းခြုံမှုကိုရည်မှန်းတဲ့ စီးပွားရေးဆိုင်ရာ မဟာဗျူဟာတစ်ရပ်ကို ရေးဆွဲအကောင်အထည်ဖော်ခဲ့ပါတယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၀၀၀ က တရုတ်နိုင်ငံစီးပွားရေးကို တစ်ဟုန်ထိုး တိုးတက်ဖွံ့ဖြိုးစေခဲ့တဲ့ ပိုးလမ်းမ (The Silk Road) စီမံကိန်းကို အခြေခံပြီး ၂၁ ရာစုမှာ တရုတ်နိုင်ငံနဲ့ တစ်ကမ္ဘာလုံးက အတူတကွ ဖွံ့ဖြိုးတိုးတက်ရေးကိုရည်မျှော်ပြီး B&R(Belt and Road initiative) လို့ အမည်ပေးထားတဲ့ စီးပွားရေးဆိုင်ရာ မဟာဗျူဟာကို စိတ်ကူးပုံဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။ ဒီအစီအစဉ်က တရုတ်သမ္မတ ရှီကျင့်ဖျင်ရဲ့ နိုင်ငံခြားရေးမူဝါဒမှာ ဗဟိုချက်မအဖြစ် ပါဝင်နေတာဖြစ်ပြီးတော့ ကမ္ဘာ့နိုင်ငံပေါင်း ၁၅၀ လောက်နဲ့ နိုင်ငံတကာအဖွဲ့အစည်းများစွာမှာ ရင်းနှီးမြှုပ်နှံဖို့ ရည်ရွယ်လုပ်ဆောင်ခဲ့ပါတယ်။ ရှေးယခင်တရုတ်အစိုးရအဆက်ဆက်ရဲ့ စီးပွားရေးလုပ်ကိုင်ပုံတွေနဲ့ များစွာကွဲပြားခြားနားတာဖြစ်တဲ့အပြင် ကမ္ဘာ့သမိုင်းမှာလဲ အင်မတန်မှထူးခြားတဲ့ စီးပွားရေးမူဝါဒဖြစ်ပြီးတော့ တရုတ်နိုင်ငံနဲ့လက်တွဲလုပ်ကိုင်တဲ့ နိုင်ငံတိုင်း၊ ဒေသတိုင်းဟာ တရုတ်နိုင်ငံနဲ့ အတူတကွ ကြီးပွားချမ်းသာစေရမယ်ဆိုတဲ့ အာမခံချက်နဲ့ စီစဉ်ဆောင်ရွက်နေခြင်းဖြစ်ပါတယ်။

လက်တွေ့မှာလဲ B&R စီးပွားရေးဆိုင်ရာမဟာဗျူဟာအစီအစဉ်အရ တရုတ်နိုင်ငံနဲ့ စီးပွားရေးပူးပေါင်းဆောင်ရွက်ဖို့ သဘောတူကြတဲ့ နိုင်ငံတိုင်းမှာ အကျိုးဖြစ်ထွန်းစေဖို့ လက်တွေ့ကျတဲ့လုပ်ငန်းတွေကို ပွင့်လင်းမြင်သာမှုရှိစွာ ဆောင်ရွက်နေတာတွေရှိပါတယ်။ B&R စီးပွားရေးဆိုင်ရာမဟာဗျူဟာရဲ့ထူးခြားချက်ကတော့ ပွင့်လင်းမြင်သာမှုဖြစ်ပါတယ်။ စီးပွားဖက်နိုင်ငံတွေနဲ့ ဆက်ဆံဆောင်ရွက်ရာမှာ ဘာလျှို့ဝှက်ချက်မှမပါဘဲ နှစ်ဖက်အကျိုးစီးပွားကို မျှတအောင် ညှိနှိုင်းဆောင်ရွက်ခြင်းက B&R ရဲ့ အနှစ်သာရဖြစ်ပါတယ်။ ကမ္ဘာလုံးဆိုင်ရာစီးပွားရေး လွှမ်းခြုံမှုကိုဦးတည်ပြီး ကမ္ဘာ့သာယာဝပြောရေးနဲ့ တရုတ်နိုင်ငံတိုးတက်ရေးကို ချိန်ခွင်လျှာမျှတဖို့အာရုံစိုက်တဲ့ အကြီးကျယ်ဆုံးစီမံကိန်းဖြစ်ပါတယ်။ ဒီမဟာဗျူဟာအစီအစဉ်အကောင်အထည်ဖော်မှုရဲ့ ရလဒ်အသီးအပွင့်တွေကို အာရှ၊ အာဖရိကနဲ့ ဥရောပဒေသတချို့မှာလဲ စတင်မြင်တွေ့နေရပြီဖြစ်ပြီး တရုတ်နိုင်ငံဟာ ယူကရိန်းပဋိပက္ခမှစတင်ပြီး ကမ္ဘာ့နိုင်ငံရေး စစ်ရေးလှုပ်ခတ်မှုတွေ ပြင်းထန်လာနေတဲ့ကာလမှာပင် သူ့ရဲ့ကြီးကျယ်တဲ့ မဟာရည်မှန်းချက်ကို လုံးဝအထိပါးမခံဘဲ အထူးအာရုံစိုက်ထားကြောင်း ထင်ရှားစွာမြင်တွေ့ရပါတယ်။ နိုဝင်ဘာလထဲမှာ တရုတ်သမ္မတ ရှီကျင့်ဖျင်နဲ့ အမေရိကန်သမ္မတတို့ တွေ့ဆုံကြတဲ့အခါမှာလဲ B&R မူဝါဒတွေရဲ့ကမ္ဘာ့ ငြိမ်းချမ်းရေးနဲ့ ကြီးပွားတိုးတက်ရေးဆိုတဲ့ ပင်မအနှစ်သာရကိုထင်ဟပ်တဲ့ တရုတ်နိုင်ငံရဲ့လိုအင်ဆန္ဒတွေကိုပဲ တရုတ်သမ္မတအနေနဲ့အလေးပေးပြောဆိုခဲ့တာ တွေ့ရမှာဖြစ်ပါတယ်။ အင်အားကြီးနှစ်နိုင်ငံအနေနဲ့ တရုတ်နဲ့အမေရိကန်တို့ဟာ ကမ္ဘာ့မကြုံစဖူးခေတ်အပြောင်းအလဲကြီးကို ပူးပေါင်းရင်ဆိုင်ကြပြီး ကမ္ဘာ့လုံခြုံရေးနဲ့စည်ပင်ဝပြောမှုကို အတူတကွဆောင်ရွက်ကြမလား၊ ဒါမှမဟုတ် ဘယ်သူမှ အနိုင်မရမဲ့ အားလုံးရှုံးနိမ့်ကြမဲ့ Zero Sum Game ကို လုပ်ဆောင်မလားဆိုတဲ့ ရွေးချယ်မှုနှစ်ခုရှိကြောင်း၊ မဆက်ဆံလို့မရတဲ့နိုင်ငံကြီးတွေဖြစ်ကြပြီး ဘယ်သူက ဘယ်သူ့ကိုမှ ပြောင်းလဲဖို့ မကြိုးစားသင့်ကြောင်း၊ နှစ်နိုင်ငံစလုံးရဲ့ အောင်မြင်မှုဟာ အပြန်အလှန်အခွင့်အလမ်းတွေဖြစ်ပြီး ကမ္ဘာကြီးရဲ့ အကျိုးစီးပွားလဲဖြစ်ကြောင်း၊ တရုတ်နိုင်ငံဟာ ဘယ်အခါမှ ဗိုလ်ကျလွှမ်းမိုးရေးကိုလုပ်ကိုင်မှာ မဟုတ်သလို အခြားနိုင်ငံတွေရဲ့ တွေးခေါ်မြော်မြင်မှုကိုလဲ ဆန့်ကျင်မှာမဟုတ်ကြောင်း၊ အမေရိကန်က တရုတ်ကို ကျော်တက်ဖို့ ဒါမှမဟုတ် ဖိနှိပ်ထားဖို့မလုပ်သင့်သလို အမေရိကန်ကို ကျော်တက်ဖို့ ဒါမှမဟုတ် အမေရိကန်ရဲ့နေရာကို ရယူဖို့လဲ တရုတ်က ကြိုးစားမှာမဟုတ်ကြောင်း အထူးအလေးပေးပြောဆိုခဲ့ရုံမက တရုတ်-အမေရိကန် ဆက်ဆံရေးအတွက်-

၁။ မှန်ကန်သောနားလည်မှု တည်ဆောက်ရန်၊
၂။ သဘောထားကွဲလွဲမှုများကို ထိရောက်စွာ ထိန်းချုပ်စီမံရန်၊
၃။ အကျိုးတူ ပူးပေါင်းဆောင်ရွက်ရန်၊
၄ အင်အားကြီးနိုင်ငံများ၏တာဝန်ကို ပူးပေါင်းဆောင်ရွက်ရန်၊
၅။ လူမှုယဉ်ကျေးမှု ဖလှယ်ခြင်းကို အတူတကွ ဆောင်ရွက်ရန် ဆိုတဲ့

မူငါးချက်ကိုလဲ တရုတ်သမ္မတက အဆိုပြုခဲ့ပါတယ်။ ဒါကိုကြည့်ရုံနဲ့ တရုတ်နိုင်ငံဟာ ကမ္ဘာ့မဟာအင်အားကြီးနိုင်ငံအဖြစ် ပုံပေါ်လာတဲ့အချိန်မှာ ကမ္ဘာ့ငြိမ်းချမ်းရေးနဲ့ သာယာဝပြောရေးကိုပဲ ဦးတည်ဆောင်ရွက်လိုပြီး ပဋိပက္ခတွေကို အထူးရှောင်ရှားလိုကြောင်း အတိအလင်း ဆန္ဒရှိနေတာ ထင်ရှားပါတယ်။ နောက်တစ်ချက်ကတော့ သူ့ရဲ့စီးပွားရေးမဟာဗျူဟာကို ချောမွေ့စေဖို့ အထူးအလေးထားတာကြောင့် စူပါပါဝါနိုင်ငံဖြစ်ခဲ့တဲ့ အမေရိကန်နိုင်ငံကိုလဲ မူဝါဒတွေနဲ့လိုက်လျောညီထွေစွာ စည်းရုံးဆွဲဆောင်ပြီး ကမ္ဘာ့ပဋိပက္ခတွေကိုပါ ကြိုတင်ဟန့်တားဖို့ ရည်ရွယ်ထားတာ အထူးမြင်သာပါတယ်။ မြန်မာနိုင်ငံက အဲဒီလို ကမ္ဘာနဲ့ချီတဲ့ စီးပွားရေးရည်မှန်းချက်ကြီးလဲရှိပြီး များမကြာမီ ကမ္ဘာ့နံပါတ်တစ် အင်အားကြီးနိုင်ငံလဲ ဖြစ်လာတော့မဲ့ တရုတ်နိုင်ငံနဲ့ အိမ်နီးချင်းဖြစ်နေတဲ့ နိုင်ငံဖြစ်ပါတယ်။ ဒါတင်မက မြန်မာ-တရုတ် ဆက်ဆံရေးဟာ အင်မတန်ရင်းနှီးချစ်ကြည်တဲ့ ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးဖြစ်သလို မြန်မာ့နိုင်ငံရေး အကျပ်အတည်းကာလတိုင်းမှာ တရုတ်နိုင်ငံက အမှားအယွင်းမရှိအောင် အထူးသတိထား ဆက်ဆံဆောင်ရွက်တယ်ဆိုတာ တွေ့ရပါတယ်။ တရုတ်နိုင်ငံအတွက်လဲ မြန်မာနိုင်ငံဟာ မဟာဗျူဟာမြောက် အိမ်နီးချင်း (Strategic Neighbour) ဖြစ်ပြီး သူ့ရဲ့ B&R စီးပွားရေးစီမံကိန်းအတွက်လဲ မဟာဗျူဟာမြောက် လုပ်ဖော်ကိုင်ဖက်(Strategic Partner) အဖြစ် အလေးထားလက်ခံစဉ်းစား ဆောင်ရွက်နိုင်မဲ့ အခြေအနေနဲ့ အလားအလာတွေ အသေအချာရှိနေပါတယ်။ B&R အစီအစဉ်အရ မြန်မာနိုင်ငံနဲ့ ဆောင်ရွက်လက်စ အစီအစဉ်တချို့လဲ ရှိပြီးဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ B&R အစီအစဉ်ကို အခွင့်အလမ်းတစ်ရပ်အဖြစ်သာ ပိုင်ပိုင်နိုင်နိုင်အသုံးချနိုင်မယ်ဆိုရင် လက်ရှိဖွံ့ဖြိုးတိုးတက်တဲ့နှုန်းထက် အဆများစွာ တစ်မဟုတ်ချင်း တိုးတက်ကြီးပွားနိုင်ပါတယ်။ ပထဝီအနေအထားအရ တရုတ်နိုင်ငံအတွက် အရေးပါတဲ့နေရာမှာ အသေအချာတည်ရှိနေခြင်း၊ ဆက်ဆံရေးကောင်းတစ်ရပ် ထူထောင်ထားပြီးဖြစ်ခြင်း၊ နှစ်နိုင်ငံ အပြန်အလှန် အကျိုးဖြစ်ထွန်းစေရေး ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်တဲ့ စီးပွားရေးနဲ့ဖွံ့ဖြိုးရေးကဏ္ဍတွေ မြောက်မြားစွာရှိနေခြင်း၊ မြန်မာနိုင်ငံရှိ လုပ်သားအင်အား အရင်းအမြစ်တွေက အလျှံပယ်ရှိနေခြင်း၊ အပြန်အလှန်ကုန်သွယ်မှုတန်ဖိုးတွေကို မြှင့်တင်နိုင်ရေးနည်းလမ်းတွေ တိုးတက်ရှာဖွေ လုပ်ကိုင်ဆောင်ရွက်နိုင်ခြင်းစတဲ့အကြောင်းအချက်များစွာက နှစ်နိုင်ငံအတူတကွ ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် ရှိနှင့်ပြီးသားအခြေခံတွေဖြစ်ပါတယ်။

ကမ္ဘာလုံးဆိုင်ရာကြွယ်ဝချမ်းသာရေးနဲ့ လုံခြုံရေးကို နိုင်ငံကြီးတစ်နိုင်ငံရဲ့ တာဝန်အနေနဲ့ ဆောင်ရွက်ဖို့ဆန္ဒရှိပြီး လက်တွေ့မှာလဲ မဟာဗျူဟာချမှတ်ဆောင်ရွက်နေပြီဖြစ်တဲ့ တရုတ်နိုင်ငံအနေနဲ့လဲ ပထဝီနိုင်ငံရေးအရ မဟာဗျူဟာမြောက် တည်နေရာမှာရှိရုံမက သူတို့နိုင်ငံရည်မှန်းချက်အတိုင်း ကြီးပွားချမ်းသာရေးကိုဆောင်ရွက်ရာမှာ သာမန်အဆင့်မဟုတ် အထူးအထောက်အပံ့ပေးနိုင်တဲ့ အခြေအနေရှိတဲ့ မြန်မာနိုင်ငံနဲ့ အပြန်အလှန်အကျိုးစီးပွားကို တည်ဆောက်ဖို့ ဆန္ဒရှိပြီးသားဖြစ်မယ်ဆိုတာကို သံသယရှိစရာမလိုပါ။ တစ်ကမ္ဘာလုံး ငြိမ်းချမ်းသာယာဝပြောရေးကို ဆောင်ရွက်ရာမှာ မြန်မာနိုင်ငံအကျိုးစီးပွားကို ကွက်ပြီးချန်လှပ်ထားစရာ ဘာအကြောင်းမှမရှိနိုင်ပါဘူး။ တကယ်လို့ ဒီလိုချန်လှပ်ထားရင်၊ မြန်မာနိုင်ငံရဲ့ အထူးအရေးပါတဲ့အနေအထားကို အလေးမထားရင် သူ့ရဲ့ရာစုနှစ်နဲ့ချီ ရည်မှန်းဆောင်ရွက်နေတဲ့ အစီအမံကြီးက အောင်မြင်ပြီးမြောက်နိုင်စရာ အကြောင်းမရှိပါဘူး။ တရုတ်နိုင်ငံ ခေါင်းဆောင်တွေအနေနဲ့လဲ ဒီအချက်ကို အလေးအနက်တွေးခေါ်ဆင်ခြင်ပြီးသားဖြစ်မှာ သေချာပါတယ်။

မြန်မာနိုင်ငံအနေနဲ့ကတော့ B&R စီးပွားရေးဆိုင်ရာ မဟာဗျူဟာရဲ့ အလားအလာတွေအားလုံးနဲ့ အစီအစဉ်တွေအားလုံးကို ကျကျနနလေ့လာသုံးသပ်ပြီးတော့ ကိုယ့်နိုင်ငံအကျိုးစီးပွားဖြစ်ထွန်းရေး အကောင်းဆုံး ဘယ်နည်းနဲ့ချဉ်းကပ်ဆောင်ရွက်နိုင်တယ်ဆိုတာကို အလေးအနက်ထား ဦးတည်ဆောင်ရွက်ဖို့ပဲလိုအပ်ပါတယ်။ တရုတ်နိုင်ငံနဲ့ သဟဇာတမျှတစွာ ဆက်ဆံဆွေးနွေးဆောင်ရွက်နိုင်ရုံနဲ့ လက်ရှိစီးပွားရေးဖြစ်ထွန်းမှုတွေကို အဆပွားအောင် ဆောင်ရွက်နိုင်မဲ့ အခွင့်အလမ်းတစ်ရပ် အသေအချာရှိနေပါတယ်။ တစ်ဖက်ကလဲ ၂၀၅၀ ပြည့်နှစ်မှာ ကမ္ဘာ့ဒုတိယအင်အားကြီးနိုင်ငံအဖြစ် ရပ်တည်တော့မဲ့ အိန္ဒိယနိုင်ငံနဲ့လဲ ဆက်ဆံရေးကောင်းမွန်တဲ့ အိမ်နီးချင်းနိုင်ငံဖြစ်နေတဲ့ မြန်မာနိုင်ငံအနေနဲ့ အင်အားကြီးနိုင်ငံ နှစ်နိုင်ငံကြား စီးပွားတိုးတက်ရေးနဲ့ ငြိမ်းချမ်းသာယာဝပြောရေးကို ပေါင်းကူးဆောင်ရွက်နိုင်တဲ့ နိုင်ငံအဖြစ်တည်ရှိနေတာကြောင့် ပြောင်းလဲလာနေတဲ့ ကမ္ဘာ့အင်အားချိန်ခွင်လျှာအသစ်ကို မြန်မာနိုင်ငံ တိုးတက်စည်ပင်သာယာဝပြောရေးအတွက် အထူးအခွင့်အလမ်းတစ်ရပ်အဖြစ် ပိုင်ပိုင်နိုင်နိုင် အသုံးချဆောင်ရွက်နိုင်မဲ့အကြောင်း အလေးအနက် ထောက်ပြလိုခြင်းဖြစ်ပါတယ်။

**❖ မြန်မာနိုင်ငံအနေနဲ့ကတော့ B&R စီးပွားရေးဆိုင်ရာမဟာဗျူဟာရဲ့ အလားအလာတွေအားလုံးနဲ့ အစီအစဉ်တွေအားလုံးကို ကျကျနနလေ့လာသုံးသပ်ပြီးတော့ ကိုယ့်နိုင်ငံအကျိုးစီးပွားဖြစ်ထွန်းရေး အကောင်းဆုံး ဘယ်နည်းနဲ့ချဉ်းကပ်ဆောင်ရွက်နိုင်တယ်ဆိုတာကို အလေးအနက်ထား ဦးတည်ဆောင်ရွက်ဖို့ပဲ လိုအပ်ပါတယ်။ တရုတ်နိုင်ငံနဲ့ သဟဇာတမျှတစွာ ဆက်ဆံဆွေးနွေးဆောင်ရွက်နိုင်ရုံနဲ့ လက်ရှိစီးပွားရေးဖြစ်ထွန်းမှုတွေကို အဆပွားအောင်ဆောင်ရွက်နိုင်မဲ့ အခွင့်အလမ်းတစ်ရပ် အသေအချာရှိနေပါတယ်။ ❖**

# ဘားအံမြို့နယ်၌ နောင်ဘို-ကော့မူးသွေ ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**ဘားအံ နိုဝင်ဘာ ၂၆**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာထွက်ကုန်များ ဈေးကွက်သို့ လွယ်ကူချောမွေ့စွာ သယ်ယူနိုင်စေရန်ရည်ရွယ်၍ နောင်ဘို -ကော့မူးသွေကျေးရွာချင်းဆက် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို နိုဝင်ဘာ ၂၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရလွင်နှင့် တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများက ကျေးလက်ကုန်ထုတ်လမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ နောင်ဘို-ကော့မူးသွေ ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကွန်ကရစ်လမ်းကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်ရက်အတွင်း အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

နောင်ဘို-ကော့မူးသွေ ကျေးရွာချင်းဆက်လမ်း အရှည် ငါးဖာလုံ၊ အကျယ် ၁၆ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေကျပ် ၁၄၆ ဒသမ ၈၁၅ သန်းဖြင့် တင်ဒါအောင်မြင်သော DNT ကုမ္ပဏီက ယခုနှစ် မေလ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၈၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများပြီးစီးပါက နောင်ဘိုကျေးရွာနှင့် ကော့မူးသွေကျေးရွာရှိ အိမ်ခြေ ၁၀၁၆ အိမ်မှ လူ ၄၄၉၁ ဦးတို့၏ လယ်ဧက ၆၀၀ ကျော်မှ ထွက်ရှိလာသော ထုတ်ကုန်များကို ကုန်ကျစရိတ်သက်သာစွာဖြင့် ဈေးကွက်သို့ သယ်ယူပို့ဆောင်နိုင်တော့မည်ဖြစ်ကြောင်း ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ဘိုဘို**

# တောင်ဥက္ကလာပမြို့နယ် ရွှေမြန်မာပန်းချီပြခန်းတွင် ပန်းချီဆရာ ၁၁ ဦး၏ အွန်လိုင်းပန်းချီပြပွဲ ပြသမည်



**ရန်ကုန် နိုဝင်ဘာ ၂၆**

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်ရှိ ရွှေမြန်မာပန်းချီပြခန်းတွင် ပန်းချီဆရာ ၁၁ ဦး၏ အွန်လိုင်းပန်းချီပြပွဲကို ဒီဇင်ဘာ ၁ ရက်မှ ဒီဇင်ဘာ ၁၀ ရက်ထိ ပြသသွားမည်ဖြစ်ကြောင်း အဆိုပါပန်းချီပြခန်း တာဝန်ခံ ဦးဝဏ္ဏကြည်က ပြောပြ၍ သိရသည်။

အဆိုပါ အွန်လိုင်းပန်းချီပြပွဲတွင် ဝါရင့်ပန်းချီဆရာကြီးများဖြစ်သည့် ပန်းချီ စောလှိုင်၊ ပန်းချီ တင်လှဝင်းထင်၊ ပန်းချီလှတင်ထွန်း၊ ပန်းချီ ဌေးအောင်၊ ပန်းချီ သန်းဆိုင်၊ ပန်းချီ ပန်းကြည်၊ ပန်းချီ တင်မြ၊ ပန်းချီ စောတင့်ဝေ၊ ပန်းချီ မောင်ကျော်ခေါင်၊ ပန်းချီ တင်အောင်ထိုက်၊ ပန်းချီ ဝင်းမြတ်အောင်တို့၏ ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ် စသည်ဖြင့် အရောင်အသွေးစုံ၊ လက်ရာစုံ ပန်းချီကား ၅၀ ကို ပြသရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဝါရင့် ပန်းချီဆရာကြီးတွေရဲ့ အရောင်အသွေးစုံ၊ လက်ရာစုံ၊ ပန်းချီကား ၅၀ ကို ပြသမှာဖြစ်ပါတယ်။ အဲဒီအထဲမှာ ပန်းချီ တင်လှဝင်းထင်၊ ပန်းချီ စောလှိုင်တို့လို ဝါရင့်ပန်းချီဆရာကြီးတွေရဲ့ ပန်းချီကားတွေလဲပါပါမယ်။ ပန်းချီ ပန်းကြည်တို့၊ ပန်းချီ ဝင်းမြတ်အောင်တို့လို လူငယ်ပန်းချီဆရာတွေရဲ့ ပန်းချီကားတွေလဲပါပါမယ်။ ပန်းချီကားအားလုံးကတော့ ကျွန်တော်တို့ပြခန်းက ဝယ်ယူစုဆောင်းထားတဲ့ ပန်းချီကားတွေချည်း ပြသရောင်းချပေးမှာပါ" ဟု ရွှေမြန်မာပန်းချီပြခန်းတာဝန်ခံ ဦးဝဏ္ဏကြည်က ပြောပြသည်။

အဆိုပါပန်းချီပြပွဲတွင် ပြသပေးမည့် ပန်းချီကားများ၏အရွယ်အစားများမှာ (၃၆×၂၄) လက်မ၊ (၂၄×၂၄) လက်မ၊ (၁၈×၂၄) လက်မ၊ (၁၈×၁၈) လက်မ စသည်ဖြင့် အရွယ်အစားအစုံ ပါဝင်ပြီး ဈေးနှုန်းမှာ အနည်းဆုံးငွေကျပ် ၁၀ သိန်းမှ အများဆုံး ငွေကျပ် သိန်း ၄၀ ထိရှိကြောင်း သိရသည်။ ASH

# Napoleon ဇာတ်ကား ပထမသီတင်းပတ်ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၃၀ ကျော်ရရှိနိုင်

**နယူးယောက် နိုဝင်ဘာ ၂၆**

Apple+TV ၏ Napoleon ဇာတ်ကားသည် ပထမသီတင်းပတ်ကုန်ဝင်ငွေ အမေရိကန် ဒေါ်လာ သန်း ၃၀ ကျော်ရရှိနိုင်ကြောင်း နိုဝင်ဘာ ၂၅ ရက် သတင်းများအရ သိရသည်။

Apple+TV သည် အဆိုပါဇာတ်ကားကို နိုဝင်ဘာ ၂၂ ရက်တွင် စတင်ရုံတင်ပြသခဲ့ခြင်းဖြစ်သည်။

ဒါရိုက်တာ ရစ်ဒလေစကော့ ရိုက်ကူးထားသည့် Napoleon ဇာတ်ကားသည် ပြင်သစ်ဘုရင် နပိုလီယန်နှင့် မိဖုရား ဂျိုးဆက်မင်းတို့အကြောင်း ရိုက်ကူးထားသည့် သမိုင်းနောက်ခံဇာတ်ကားဖြစ်သည်။


အဆိုပါဇာတ်ကားသည် ဒါရိုက်တာ ရစ်ဒလေစကော့အတွက် Robin Hood (2010) ဇာတ်ကားနောက်ပိုင်း ပွဲဦးထွက် ပထမသီတင်းပတ်ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၃၀ ကျော်လွန်သည့် ပထမဆုံးရုပ်ရှင်ဇာတ်ကားဖြစ်လာလိမ့်မည်ဖြစ်သည်။

Napoleon ဇာတ်ကားတွင် မင်းသား ယိုအာကွင်းဖီးလစ်၊ မင်းသမီး ဗင်နက်ဆာကာဘီတို့က နပိုလီယန်နှင့် ဂျိုးဆက်မင်းတို့အဖြစ် ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

**Ref: Russia Today**
**Trs: KKO**




# အဆိုတော် ဝိုင်းလေး၏ ချစ်တော့ချစ်တယ် ဒါပေမယ့် သီချင်း MV ထွက်ရှိမည်




**ရန်ကုန် နိုဝင်ဘာ ၂၆**

အဆိုတော် ဝိုင်းလေး၏ ချစ်တော့ချစ်တယ် ဒါပေမယ့် သီချင်း Music Video(MV) နိုဝင်ဘာ ၂၉ ရက်တွင် ထွက်ရှိမည်ဖြစ်ကြောင်း ၎င်းက ပြောပြ၍ သိရသည်။

ချစ်တော့ချစ်တယ် ဒါပေမယ့် Music Video(MV) သီချင်းကို အဆိုတော် ဝိုင်းလေးက ကိုယ်တိုင်ရေးသားသီဆိုထားခြင်းဖြစ်ကာ တေးသီချင်း Music Video(MV) ကို Hey Play Application က တာဝန်ယူ ရိုက်ကူးထုတ်လုပ်ထားခြင်းဖြစ်ကြောင်း၊ အဆိုပါသီချင်းကို Hey Play Application နှင့် You Tube Channel တို့မှလည်း ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

"ဝိုင်းလေးရဲ့ ချစ်တော့ ချစ်တယ် ဒါပေမယ့် သီချင်း Music Video(MV) မှာတော့ ဝိုင်းလေးနဲ့အတူ သရုပ်ဆောင် ယွန်းရွှေရည်နဲ့ ဗညားဘုန်းပြည့်တို့က သရုပ်ဆောင်ထားကြပါတယ်။ နိုဝင်ဘာ ၂၉ ရက်မှာ ဒီတေးသီချင်း Music Video(MV) ထွက်ရှိလာမှာပါ။ Hey Play Application နဲ့ YouTube Channel တို့ကလဲထုတ်လွှင့်ပေးမှာဖြစ်ပါတယ်"ဟု အဆိုတော် ဝိုင်းလေးက ပြောပြသည်။

အဆိုတော် ဝိုင်းလေး၏ ချစ်တော့ချစ်တယ် ဒါပေမယ့် တေးသီချင်းသည် ၂၀၂၄ ခုနှစ်တွင် ထွက်ရှိလာမည့် Wyne Lay ၏ EP ALBUM တွင်ပါဝင်မည့် တေးသီချင်းများအနက်မှ ပထမဆုံးသီချင်းတစ်ပုဒ်ကို Music Video(MV) အဖြစ် ရိုက်ကူးတင်ဆက်ထုတ်လွှင့်ဖြန့်ဝေခြင်းဖြစ်ကြောင်း သိရသည်။ ASH

# Babygirl တွင် မင်းသား အန်တိုနီယိုဘန်ဒါရက်နှင့် မင်းသမီး နစ်ကိုးကစ်မင်းတို့ ပါဝင်မည်

**နယူးယောက် နိုဝင်ဘာ ၂၆**

A24 ရုပ်ရှင်ကုမ္ပဏီ၏ Babygirl အမည်ရှိ လျို့ဝှက်သည်းဖို ဇာတ်ကားတွင် ဟောလိဝုဒ်နာမည်ကျော်များဖြစ်ကြသည့် မင်းသား အန်တိုနီယိုဘန်ဒါရက်နှင့် မင်းသမီး နစ်ကိုးကစ်မင်းတို့ ပါဝင်မည်ဖြစ်ကြောင်း နိုဝင်ဘာ ၂၅ ရက် သတင်းများအရ သိရသည်။

Babygirl ဇာတ်ကားကို နယ်သာလန်အမျိုးသမီးဒါရိုက်တာ ဟာကီနာရိုက်က ကိုယ်တိုင်ဝတ္ထုဇာတ်ညွှန်းရေး၍ ကိုယ်တိုင်ရိုက်ကူးမည်ဖြစ်သည်။

အဆိုပါဇာတ်ကားသည် ဒါရိုက်တာ ဟာကီနာရိုက်က A24 ရုပ်ရှင်ကုမ္ပဏီအတွက် ရိုက်ကူးပေးခဲ့သော ဒုတိယမြောက်ရုပ်ရှင်ဇာတ်ကားဖြစ်သည်။

ဒါရိုက်တာ ဟာကီနာရိုက်သည် Bodies Bodies Bodies အမည်ရှိ ထိတ်လန့်သည်းဖိုဇာတ်ကားကို ၂၀၂၂ ခုနှစ်တွင် A24 ကုမ္ပဏီအတွက် ရိုက်ကူးပေးခဲ့ဖူးသည်။

Babygirl ဇာတ်ကားတွင် မင်းသမီး နစ်ကိုးကစ်မင်းနှင့် အန်တိုနီယိုဘန်ဒါရက်တို့အပြင် မင်းသား ဟာရစ်ဒစ်ကင်ဆင်လည်း ပါဝင်မည်ဖြစ်သည်။

လက်ရှိအချိန်တွင် Babygirl ဇာတ်ကား စတင်ရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို A24 ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

**Ref: Xinhua News**
**Trs: KKO**




# ရန်ကုန်တိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်သို့ သုံးကောင်တွဲဆင်မိသားစုရုပ်များ ဝင်ရောက်လာ

**ရန်ကုန် နိုဝင်ဘာ ၂၆**

ရန်ကုန်တိုင်းဒေသကြီး အမှတ်တရ လက်ဆောင်ပစ္စည်းဈေးကွက်အတွင်းသို့ သုံးကောင်တွဲ ဆင်မိသားစုရုပ်များ ဝင်ရောက်လာကြောင်း ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ တော်ဝင်မြန်မာ အမှတ်တရ လက်ဆောင်ပစ္စည်းအရောင်းစင်တာမှ မန်နေးဂျင်းဒါရိုက်တာ ဒေါ်ခင်မြင့်ခိုင်က ပြောပြ၍ သိရသည်။

အဆိုပါ သုံးကောင်တွဲ ဆင်မိသားစုရုပ်များကို မလေးရှား ပိတောက်သားဖြင့် ထုလုပ်ထားခြင်းဖြစ်ကာ ပဲခူးတိုင်းဒေသကြီး ရွှေသာလျောင်းဘုရားကြီး ပန်းပုတန်းမှ ရန်ကုန်တိုင်းဒေသကြီး အမှတ်တရလလက်ဆောင်ပစ္စည်းဈေးကွက်အတွင်းသို့ ဝင်ရောက်လာခြင်းဖြစ်ကြောင်း သိရသည်။

"နိုဝင်ဘာလနောက်ဆုံးပတ်မှာမှ ဈေးကွက်ထဲကိုဝင်လာတဲ့ သုံးကောင်တွဲ ဆင်မိသားစုရုပ်လေးဖြစ်ပါတယ်။ ပဲခူးရွှေသာလျောင်းဘုရားကြီး ပန်းပုတန်းကနေ ဈေးကွက်ထဲကို ဝင်လာတာဖြစ်ပါတယ်။ ဈေးနှုန်းကလဲ သုံးကောင်တွဲဆင်မိသားစုရုပ်တစ်စုံကို ငွေကျပ် ၈၀၀၀၀ လောက်ပဲရှိတဲ့အတွက် လတ်တလောမှာကို အဝယ်ရှိနေပါတယ်"ဟု တော်ဝင်မြန်မာ အမှတ်တရလက်ဆောင်ပစ္စည်းအရောင်းစင်တာမှ မန်နေးဂျင်းဒါရိုက်တာ ဒေါ်ခင်မြင့်ခိုင်က ပြောပြသည်။

အဆိုပါသုံးကောင်းတွဲ ဆင်မိသားစုရုပ်၏ အရွယ်အစားမှာ အလျား ၁၉ လက်မ၊ အမြင့် ရှစ်လက်မ၊ ဒုလေးလက်မရှိပြီး ဈေးနှုန်းမှာ သုံးကောင်တွဲဆင်မိသားစုရုပ်များ တစ်စုံလျှင် ငွေကျပ် ၈၀၀၀၀ ခန့် ဈေးရှိကာ လတ်တလောတွင် ၁၀ စုံခန့် ရောင်းချထားကြောင်း သိရသည်။ ASH

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing, wife Daw Kyu Kyu Hla attend opening ceremony to offer first Matho robes to Maravijaya Buddha Image


Senior General Min Aung Hlaing and wife Daw Kyu Kyu Hla pay homage to the Maravijaya Buddha Image.




Senior General Min Aung Hlaing and wife Daw Kyu Kyu Hla enjoy a group dance.


Senior General Min Aung Hlaing greets pilgrims.

**Nay Pyi Taw November 26**

The opening ceremony of the first Matho robe weaving and offering to the Maravijaya Buddha Image in the precinct of the Buddha Park in Dekkhinathiri Township in Nay Pyi Taw Union Territory was held at the fountain square in the precinct this evening and Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing and wife Daw Kyu Kyu Hla attended the ceremony.

Also present at the ceremony together with the Senior General and wife were the secretary of the SAC, the joint secretary of the SAC and wife, members of the SAC and their wives, union level officials, union ministers and their wives, the chairman of the Nay Pyi Taw Council, senior officers from the Office of the Commander-in-Chief of Defence Services and their wives, the commander of the Nay Pyi Taw Command and officials. A large crowd of pilgrims including monks and laypersons also joined the ceremony.

First, the ceremony was launched by reciting Namo Tassa three times and Union Minister for Religious Affairs and Culture U Tin Oo Lwin read out the Jayamingalar message.

Then, the Senior General and wife opened the ceremony to weave and offer the first Matho robes to the Maravjaya Buddha Image by cutting a ribbon.

Then, Member U Thant Swe of the board of trustees banged the auspicious gong to signal weaving teams to start weaving Matho robes at respective traditional looms. While the teams were weaving robes, artistes from Myanma Radio and Television of the Ministry of Information, cultural troupes of Fine Arts Department of the Ministry of Religious Affairs and Culture, artistes from Myawady Band under the Directorate of Public Relations and Psychological Warfare performed Myaing Myaing Saing Saing La Tazaungdaing and attendees launched small hot-air balloons and balloons.

Then, artistes from Myanma Radio and Television of the Ministry of Information, cultural troupes of Fine Arts Department of the Ministry of Religious Affairs and Culture, artistes from Myawady Band under the Directorate of Public Relations and Psychological Warfare entertained the attendees with group dances, traditional drum bands and music.

Then, the Senior General and wife and guests enthusiastically viewed the weaving of Matho robes by the teams at nine traditional looms one after another.

Afterward, the Senior General and wife and guests enjoyed the launching of big hot-air balloons and Seinnarpan hot-air balloons together with pilgrims to the Buddha image during Tazaungdaing lighting festival.

Then, the Senior General and wife paid obeisance to the Maravijaya Buddha Image by offering flowers, water and lights to the Buddha image and walking around in the precinct of the Buddha image before offering 3600 oil lights to the Buddha image together with pilgrims and greeting them cordially.

The Tazaungdaing festival of the Buddha image is being held from 25 to 27 November in the Buddha Park and festivities such as offering 9000 oil lights to the Buddha image, continuous recitation of Patthana, reciting Buddhist verses, launching fireworks, firecrackers, big hot-air balloons and offering the first Matho robes are being organized while the precinct of the Buddha park is decorated with LED lights. As MSMEs have also set up stalls selling local products, foodstuffs, consumer products and traditional snacks, members of the public have been invited to make pilgrimages to the Buddha image during the festival.

100


Senior General Min Aung Hlaing and wife Daw Kyu Kyu Hla watch the weaving of Matho robes.


Senior General Min Aung Hlaing watches the weaving of Matho robes.

# Myanmar's garment industry receives high demand



A large garment factory in operation.

**Nay Pyi Taw November 26**

The Myanmar Garment Manufacturers Association recently stated that Myanmar's garment industry accepts high demand of products.

The CMP industries with investments in Myanmar are operating manufacturing of garment products, sandals, bags and synthetic hair production with a large amount of investments.

Currently, a total of 788 CMP industries are being operated in Myanmar, more than 500 of which are manufacturing garment products. These garment industries are being operated with local, foreign and joint venture investments.

Currently, some garment industries of trademarks departed from Myanmar. So, some industries reduce their product volumes. Moreover, some industries also voice to depart from Myanmar.

Instead, no garment industries have departed from the country yet, and they have high demand abroad. So, they extend production with new investments. At present, some 100 garment industries have demand orders from Poland.

The Myanmar Garment Manufacturers Association supervises its member industries to follow labour laws and makes voluntary labour compliance assessment over the industries online, giving instructions to improve capacity after inspection them on the ground.

At present, some 500 factories of garment industries are operating businesses with some 550,000 workers. 336

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# More than 130,000 travellers flock to Kayin State from January to October 2023

**Hpa-an November 26**

Kayin State Minister for Economic Affairs U Saw Khin Maung Myint said that a total of 134,359 local and foreign travellers visited destinations in Kayin State from January to October in 2023.

Kayin State is ready to provide accommodation to guests at 2,159 rooms of 60 hotels and lodges for their conveniences.

"Travellers can explore destinations near Hpa-an, Myawady and surrounding areas. So, the state earned revenues worth K2557.751 million from tourism sector," he added.

Local and foreign travellers can visit 18 destinations in Kayin State such as Zwekabin Hill, Taungwaing Hill, Bayint Nyinaug Cave Kawkathoung Cave, Saddan Cave, Shweyinhmyaw Pagoda and Kyaukkalat Pagoda in Hpa-an Township as well as Tawnaw waterfall in Myawady Township.



The Zwekabin Hill and surrounding areas.

Kayin State is endowed with beautiful natural scenes, natural caves and forests and paddy plantations. Travellers can observe ethnic traditions and customs.

ASH

# Yangon Region plans to grow over 43,000 acres of mung bean, produce over 22,000 tons in winter

**Yangon November 26**

Yangon Region is planning to cultivate more than 43,000 acres of mung bean and produce more than 22,000 tons in winter this fiscal year, according to reports from the Myanmar Trade Promotion Organization on November 21.

In agricultural activities, besides rice, oil crops and various kinds of beans and pulses are cultivated seasonally. According to these activities, in the winter of 2022-2023 FY, 40,917 acres of mung beans were planted in the leguminous cultivation sector in Yangon Region. At the time of harvesting, the opening price of a basket of 72 pounds of mung bean is from K65,000 Kyats to K95,000 at the end of the mung bean season. Therefore, in Yangon Region, there are plans to expand the cultivation of mung bean to 43,686 acres in the winter of 2023-2024.

It is expected to produce 22,914 tons of mung bean with an average rate of 16.64 baskets per acre. In addition, when the mung bean comes out, the traders and farmers of the area expect to earn up to K91,000 per basket.

In Yangon Region, mung bean is mostly grown in the townships of Taikkyi, Hmawby and Htantabin, and they have been growing it since October. Therefore, currently, the price of mung bean in Yangon Region is good at a rate of K130,000 per basket. 336

# Despite growing number of vehicles, traffic accidents remarkably decline

**Nay Pyi Taw November 26**

The Department of Road Transport Administration stated that although number of vehicles increases across the nation, traffic accidents remarkably declines.

The statistics of the department indicated that a total of 6,519,043 vehicles have taken registration up to October 2023.

However, number of traffic accidents declined year after year. During the 10 months period from January to October 2022, the whole country faced 4,744 traffic accidents compared with 4,050 in the same period of 2023, declined by 694.

From January to October 2022, a total of 6,613 people were injured and 2,343 dead in the traffic accidents, compared with 5,656 injured and 2,068 dead in 2023.

In Yangon Region from January to October 2023, a total of 721 traffic accidents occurred as the largest amount, followed by 612 in Ayeyawady Region and 565 in Mandalay Region.

But, there was no traffic accident in Kayah State and just three cases in Chin State during the period.

336



A downtown road in Yangon busy with traffic.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ယူကရိန်းက တန်ပြန်ထိုးစစ်တွင် တပ်ဖွဲ့ဝင် ၁၃၀၀၀ ကျော်ဆုံးရှုံးခဲ့ဟု ရုရှားကာကွယ်ရေးဝန်ကြီးပြော



ယူကရိန်းတို့သည် တန်ပြန်ထိုးစစ်တွင် နိုဝင်ဘာ ၁ ရက်မှ ၂၁ ရက်ထိ တပ်ဖွဲ့ဝင် ၁၃၀၀၀ ကျော်နှင့်တင့်ကားအစီးရေ ၁၈၀၀ ခန့် ဆုံးရှုံးခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီး Sergey Shoigu က အစိုးရအဖွဲ့ဝန်ကြီးများကို နိုဝင်ဘာ ၂၁ ရက်တွင် ဝန်ကြီးအဆင့် အစည်းအဝေးတစ်ခု၌ ထုတ်ဖော်ပြောကြားခဲ့သည်။

ရုရှားတပ်ဖွဲ့များသည် ယူကရိန်းတို့၏ ခံစစ်စည်းများကို ချိုးဖောက်ဝင်ရောက်ရန် ကြိုးပမ်းလာမှုများနှင့် ၎င်းတို့၏စစ်ရေးစွမ်းအားစုများကို ဆက်လက်တိုက်ခိုက်ချေမှုန်းဖျက်ဆီးလျက်ရှိရာ တန်ပြန်ထိုးစစ်ဆင်မှုများကို အောင်မြင်စွာတားဆီးနိုင်ခဲ့ကြောင်း ဝန်ကြီးက ပြောကြားခဲ့သည်။

ယူကရိန်းတပ်ဖွဲ့ဝင်များသည် ၎င်းတို့၏ တန်ပြန်ထိုးစစ်မှာ အချည်းနှီးဖြစ်နေမှန်း သိရှိခဲ့ပြီးနောက် လက်နက်ချအညံ့ခံမှုများလည်းရှိခဲ့ကြောင်း Sergey Shoigu က ပြောကြားခဲ့သည်။

ကာကွယ်ရေးဝန်ကြီးက ယူကရိန်း၏ ကံကြမ္မာဆိုးငင်သည့် တန်ပြန်ထိုးစစ်စတင်ချိန်မှစ၍ ဂူလိုင်လနှောင်းပိုင်းတွင် ယူကရိန်းတပ်ဖွဲ့ဝင် အသေအပျောက် ဦးရေ ၉၀၀၀၀ ကျော်သွားပြီဟု နောက်ဆုံးအကဲဖြတ်ဆန်းစစ်ချက်ကို အောက်တိုဘာလနှောင်းပိုင်းတွင် ထုတ်ပြန်ပေးခဲ့ဖူးသည်။

ယခုသီတင်းပတ် အစည်းအဝေး၌ Shoigu က ပဋိပက္ခတွင် ယူကရိန်းတပ်ဖွဲ့ဝင်များ ဆုံးရှုံးမှုကြီးမားကြောင်း မှတ်ချက်ပြုခဲ့သည်။

တစ်ဖက်ကလည်း ယူကရိန်းထိပ်တန်းစစ်ဗိုလ်ချုပ်ကြီး Valery Zaluzhny က ရုရှားနှင့်ပဋိပက္ခသည် ရှေ့မတိုးနောက်မဆုတ်ဖြစ်နေကြောင်းနှင့် ၎င်း၏လက်နက်ကိုင်တပ်ဖွဲ့များသည် ထိပ်တိုက်ရင်ဆိုင်တိုက်ပွဲများတွင် အောင်မြင်မှုများရရှိနိုင်မည်မဟုတ်ကြောင်း မကြာသေးမီက ဝန်ခံပြောကြားခဲ့ဖူးသည်။

ယူကရိန်းသမ္မတ ဇီလန်စကီးက ၎င်းဝန်ခံချက်ကိုငြင်းဆိုခဲ့ပြီး ယူကရိန်းနိုင်ငံသည် ၂၀၁၄ ခုနှစ် မတိုင်မီကတည်းက နိုင်ငံပိုင်နက် နယ်နိမိတ်ကို ပြန်လည်ပိုင်ဆိုင်နိုင်ရန် ကြိုးပမ်းမှုတွင် တိုးတက်မှုရှိနေဆဲဖြစ်ကြောင်း တုံ့ပြန်ပြောကြားခဲ့သည်။

နိုင်ငံတကာ အကူအညီအနေဖြင့် နိုဝင်ဘာ ၂၀ ရက်တွင် အမေရိကန်ကာကွယ်ရေးဝန်ကြီး လွိုက်အော်စတင်သည် ယူကရိန်းမြို့သို့ သွားရောက်ခဲ့ပြီး ယူကရိန်းသမ္မတ ဇီလန်စကီးနှင့်တွေ့ဆုံကာ အမေရိကန်ထံမှ စစ်ဘက်ဆိုင်ရာအကူအညီများ၊ အမေရိကန်ဒေါ်လာ သန်း ၁၀၀ တန်ဖိုးရှိ စစ်လက်နက်ပစ္စည်းများ ထပ်မံပေးအပ်သွားမည်ဖြစ်သည်ဟု ကြေညာခဲ့ကြောင်း သိရသည်။

သို့သော်လည်း ယူကရိန်းအတွက် ခွဲဝေသုံးစွဲရန် ကွန်ဂရက်လွှတ်တော်မှ ခွင့်ပြုထားသောငွေကြေးများ ကုန်သွားပြီဖြစ်ကြောင်း ပင်တဂွန်စစ်ဌာနချုပ်က သတိပေးထားသေးသည်။

ယူကရိန်းအတွက် စစ်ရေး၊ ဘဏ္ဍာရေးအကူအညီ ရန်ပုံငွေသည် ရီပတ်ဘလစ်ကန်ပါတီ၏ ကွန်ဆာဗေးတစ်အုပ်စုအဖွဲ့မှ နောက်ထပ်အကူအညီများကို ကန့်ကွက်မှုများနှင့်အတူ အငြင်းပွားစရာများဖြစ်လာခဲ့ကြသည်။

အိမ်ဖြူတော်၏ ကတိကဝတ်များဖြစ်သော အချိန်ကြာသရွေ့ ယူကရိန်းကို ထောက်ပံ့ပေးမည်ဆိုသည့်အပေါ် ဝေဖန်သူများက ပွင့်လင်းမြင်သာမှုမရှိခြင်းနှင့် ပတ်သက်၍ ပြောကြားခဲ့ကြပြီး အမေရိကန်သည် ပို၍အရေးကြီးသော ဦးစားပေးမှုများရှိနေသည်။

ယူကရိန်း ကာကွယ်ရေးဝန်ကြီးဌာနအပါအဝင် ယူကရိန်းအစိုးရကို ယခုနှစ်အတွင်း အကျင့်ပျက်ခြစားမှု အရှုပ်တော်ပုံများကြောင့် အကူအညီလက်ခံနေသည့်အဖွဲ့အဖြစ် ရီပတ်ဘလစ်ကန်ပါတီဝင် ဥပဒေပြုအမတ်များက ကန့်ကွက်ဝေဖန်နေကြသည်။

ဂျာမနီကာကွယ်ရေးဝန်ကြီး Boris Pistorius၊ ဥရောပကောင်စီဥက္ကဋ္ဌ Charles Michel နှင့် မော်လ်ဒိုဗာနိုင်ငံသမ္မတ Maia Sandu တို့ အပါအဝင် မြို့တော်တွင် ယူကရိန်းနိုင်ငံခေါင်းဆောင်သည် နိုဝင်ဘာ ၂၁ ရက်က လက်ခံတွေ့ဆုံခဲ့သည်ဟု သတင်းများအရ သိရသည်။

ယူကရိန်း၏ ဒီမိုကရေစီနည်းကျ ရွေးချယ်တင်မြှောက်ထားသော အစိုးရကို လက်နက်ကိုင်ဖြုတ်ချကာ ဆန္ဒပြအဓိကရုဏ်းများဖြစ်ပေါ်ခဲ့မှုအား ယူကရိန်းက ဂုဏ်သိက္ခာရှိသော တော်လှန်ရေးဟုခေါ်ဝေါ်သုံးနှုန်းခဲ့ပြီး ၁၀ နှစ်မြောက်နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုအခမ်းအနားကျင်းပပြုလုပ်ခဲ့သေးသည်။ ၎င်းတော်လှန်ရေးအပြီးတွင် ရုရှားနှင့် လက်ရှိထိပ်တိုက်တွေ့ဆုံနေခြင်းအနေအထားထိ ရောက်ရှိနေခြင်းလည်းဖြစ်သည်။

ရုရှားနိုင်ငံသည် ယူကရိန်းပဋိပက္ခကို အမေရိကန် ဦးဆောင်တိုက်ခိုက်နေသည့် ကြားခံ(ကိုယ်ပွား)ပဋိပက္ခ၏ တစ်စိတ်တစ်ပိုင်းသာဖြစ်ကြောင်း အတိအလင်းထုတ်ဖော်ပြောကြားထားပြီး ၎င်းတွင် ယူကရိန်းနိုင်ငံသားများကို အသုံးပြုနေခြင်းဖြစ်သည်ဟု ဝေဖန်ထောက်ပြထားကြောင်း သိရသည်။

**Ukraine has lost over 13,000 troops this month – Moscow ကို ဘာသာပြန်ဆိုထားပါသည်။**

## ဗြိတိန်တော်ဝင်လေတပ်က ပထမဆုံး MQ-9B Protector ဒရုန်း ပထမဆုံးစမ်းသပ်ပျံသန်းနိုင်ခဲ့

ဗြိတိန်နိုင်ငံ တော်ဝင်လေတပ်၏ ပထမဆုံး MQ-9B Protector ဒရုန်းကို လင်ကွန်းမြို့တွင် ပထမဆုံးပျံသန်းမှု အောင်မြင်စွာ လုပ်ဆောင်နိုင်ခဲ့ကြောင်း The Defense Post သတင်းဌာနက နိုဝင်ဘာ ၂၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

စမ်းသပ်မှုအတွင်း အဆိုပါဒရုန်းကို ဗြိတိန်တော်ဝင်လေတပ်၏ Waddington လေယာဉ်ကွင်းမှပျံတက်ခဲ့ပြီး မြေပြင်အခြေစိုက် လေယာဉ်မှူးခန်းရှိ လူသားအော်ပရေတာက လမ်းညွှန်ထိန်းကျောင်းပျံသန်းခဲ့ခြင်းလည်းဖြစ်သည်။

အဆိုပါ သမိုင်းမှတ်တိုင်သည် ၂၀၂၀ ပြည့်နှစ်က အမေရိကန်နိုင်ငံ General Atomicsနှင့်ချုပ်ဆိုထားသော သဘောတူစာချုပ်၏ တစ်စိတ်တစ်ပိုင်းအဖြစ် အောက်တိုဘာလက MQ-9B Protector ဒရုန်းကို ဗြိတိန်တော်ဝင်လေတပ်သို့ လွှဲပြောင်းပေးပြီးနောက် ပြုလုပ်ခဲ့ခြင်းလည်းဖြစ်သည်။

၂၀၂၁ ခုနှစ်က ဗြိတိန်နိုင်ငံသည် နောက်ထပ် MQ-9Bs ၁၃ စင်းကို မှာယူခဲ့ပြီး အနာဂတ် Protector ဒရုန်းအုပ်တွင် ၁၆ စင်းထိ တိုးမြှင့်တပ်ဖြန့်သွားရန် ရည်ရွယ်ထားကြောင်း သိရသည်။

အဆိုပါ MQ-9B Protector သည် ယခုအခါ မြေပြင် လက်တွေ့စစ်ဆင်ရေးအတွက် တာဝန်ထမ်းဆောင်နိုင်ရေးပြင်ဆင်မှုအနေဖြင့် စမ်းသပ်မှုများလုပ်ဆောင်နေကြောင်း ဗြိတိန်တော်ဝင်လေတပ်က ထုတ်ပြန်ထားသည်။

စနစ်၏လုပ်ငန်းတာဝန်များတွင် ရေကြောင်းနှင့် မြေပြင်စောင့်ကြည့်ထောက်လှမ်းခြင်း၊ အကြမ်းဖက်မှုတန်ပြန်နှိမ်နင်းခြင်းနှင့် အရပ်ဘက်အာဏာပိုင်အဖွဲ့အစည်းများကို အထောက်အပံ့များပေးခြင်းတို့ ပါဝင်မည်ဖြစ်သည်။

ထို့ပြင် စစ်ဘက်သည် ဗြိတိန်အစိုးရ၏ အမျိုးသားရေကြောင်း အရေးပေါ်အပိုင်းဖြစ်သော HM Coastguard ဦးဆောင်၍ ရှာဖွေရေးနှင့် ကယ်ဆယ်ရေးမစ်ရှင်များကို ကူညီပေးရန်အတွက် MQ-9B Protector ဒရုန်းကို အသုံးပြုသွားမည်ဖြစ်သည်။

DE&S တွင် ကျွန်ုပ်တို့၏ အဓိကစွမ်းအားစုများထဲမှ တစ်ခုဖြစ်သည့် MQ-9B Protector ဒရုန်းကို တပ်ဖွဲ့ဝင်များလက်သို့ လွှဲပြောင်းပေးအပ်နိုင်ခဲ့ခြင်းဖြင့် စစ်ဆင်ရေးများကို ပိုမိုအားကောင်းမောင်းသန်ဆောင်ရွက်လာနိုင်စေသည်ဟု ဗြိတိန်နိုင်ငံ ကာကွယ်ရေးပစ္စည်းနှင့် အဝေးထိန်းလေကြောင်းစနစ်များ ထောက်ပံ့ပေးရေးအကြီးအကဲ Simon Holford က ပြောကြားခဲ့သည်။



"ဗြိတိန်နိုင်ငံရဲ့ ပထမဆုံး Protector ဒရုန်း အမိမြေပေါ်မှာပျံသန်းတာကိုမြင်ရတာက ကျွန်တော်တို့ရဲ့ ပန်းတိုင်ကိုရောက်ဖို့ ဒီခရီးတစ်လျှောက် အရေးကြီးတဲ့အခိုက်အတန့်ပါပဲ"ဟု ၎င်းက ထည့်သွင်းပြောကြားသွားခဲ့သည်။

ဗြိတိန်နိုင်ငံ၏အနာဂတ် MQ-9B လေယာဉ်အုပ်သည် ၂၀၂၅ ခုနှစ်တွင် ဝန်ဆောင်မှုပေးနိုင်ရန် စီစဉ်ထားပြီး လွှဲပြောင်း၊ ပေးပို့ခြင်းနှင့် လိုအပ်သော စမ်းသပ်မှုများအပြီးတွင် အဆိုပါဒရုန်းများသည် ဗြိတိန်တော်ဝင်လေတပ်၏ ၁၅ နှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့ပြီးဖြစ်သော Reaper MQ-9As ဒရုန်းများနေရာတွင် အစားထိုး အသုံးပြုသွားလိမ့်မည်ဖြစ်ကြောင်း သိရသည်။

ပြည်တွင်းထောက်လှမ်းခြင်း၊ ပစ်မှတ်စိစစ်ဖော်ထုတ်ခြင်း၊ ကင်းထောက်ခြင်းအပြင် ဥရောပရှိ အရပ်ဘက်လေပိုင်နက်အတွက် NATO စံနှုန်းများနှင့်အညီ အခြားဘေးကင်းလုံခြုံရေး အသိအမှတ်ပြုလက်မှတ်များအတွက် Protectors ဒရုန်းများကို အကဲဖြတ်ဆန်းစစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**First Royal Air Force MQ-9B Protector Drone Completes Maiden Flight ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ရေဘဝဲပိဿာချိန် ၅၄၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ



**ဖျာပုံ နိုဝင်ဘာ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ရေဘဝဲပိဿာချိန် ၅၄၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဆွေဆွေက ပြောပြ၍ သိရသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်းက ရေဘဝဲပိဿာချိန် ၃၃၀၀၀ ထိသာ တင်ပို့ရောင်းချခဲ့ရပြီး အောက်တိုဘာ ၁ ရက်မှ ၃၁ ရက်ထိ ရေဘဝဲပိဿာချိန် ၅၄၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း၊ ထို့ကြောင့် အောက်တိုဘာလအတွင်း ရေဘဝဲပိဿာချိန် ၂၀၀၀၀ ထိ ပိုမိုတင်ပို့ရောင်းချခဲ့ရကြောင်း သိရသည်။

"ဒေသထွက်ရေထွက်ကုန်တွေကို ရန်ကုန်မြို့ကို ပုံမှန်တင်ပို့ရောင်းချနေပါတယ်။ ရန်ကုန်ဘက်က ဒီဘက်ကတင်ပို့တဲ့ ရေထွက်ကုန်တွေရဲ့ အဓိကဈေးကွက်ပါ။ အောက်တိုဘာလအတွင်း ရေဘဝဲပိဿာချိန် ၅၄၀၀၀ ထိ ရောင်းချခဲ့ရတယ်။ တင်ပို့ရောင်းချခဲ့တဲ့ ရေဘဝဲတွေရဲ့ လတ်ဆတ်မှုနဲ့ အရွယ်အစားအပေါ်မူတည်ပြီး ဈေးအပြောင်းအလဲရှိပါတယ်။ လက်ရှိနိုဝင်ဘာလထဲမှာလဲ ရေဘဝဲတွေ အဝယ်လိုက်နေပါတယ်။ ဒီဘက်ကနေ တင်ပို့တဲ့ ရေဘဝဲတွေကို ဒေသတွင်းဈေးကွက်အပြင် အခြားဒေသတွေကို ပြန်လည်တင်ပို့ရောင်းချနေတယ်"ဟု ဒေါ်ဆွေဆွေက ပြောပြသည်။

ဖျာပုံမြို့နယ်မှ တင်ပို့ရောင်းချခဲ့သည့် ရေဘဝဲအသေး လက်ရှည်တစ်ကီလိုလျှင် ငွေကျပ် ၁၉၅၀၀၊ ရေဘဝဲလက်တိုတစ်ကီလိုလျှင် ငွေကျပ် ၁၇၅၀၀ ဈေးပေါက်နေကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# ပြည်မြို့နယ် ကြို့ပင်ကျေးရွာ၌ Mobile Financial Payment စနစ်ဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပြည် နိုဝင်ဘာ ၂၆**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက MCB ဘဏ်နှင့်ပူးပေါင်း၍ ကြို့ပင်ကျေးရွာနှင့် ကုလားတန်ကျေးရွာအတွက် Mobile Financial Payment စနစ်ဖြင့် သတ္တမအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက ကြို့ပင်ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဌေးဇော်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဝင်ကျေးရွာများရှိ ကျေးလက်နေပြည်သူများ ဒစ်ဂျစ်တယ်ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများကို လက်လှမ်းမီစေရန်နှင့် အုပ်ချုပ်မှုဆိုင်ရာဝန်ထုပ်ဝန်ပိုးများလျှော့ချနိုင်စေရန်ရည်ရွယ်၍ Mobile Phone အသုံးပြုကာ ချေးငွေထုတ်ယူခြင်းအစီအစဉ်ကို ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ Mobile Financial Payment စနစ်ဖြင့် ချေးငွေများထုတ်ချေးပေးခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ အရင်းဆပ်ကာလ၊ အတိုးဆပ်ကာလနှင့် စီမံကိန်းစက်ဝန်းကာလသတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ ပြည်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီမံကိန်းတာဝန်ခံဦးစီးအရာရှိ ဒေါ်သော်သော်သိန်းအေးက ချေးငွေထုတ်ချေးပေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၀ ဒသမ ၄ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကြို့ပင်ကျေးရွာနှင့် ကုလားတန်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ၅၀ ကို ငွေကျပ် ၂၁ ဒသမ ၉၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၃ ဦးကို ငွေကျပ် ၁၈ ဒသမ ၄၅ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၉၃ ဦးကို ငွေကျပ် ၄၀ ဒသမ ၄ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ချိုလေး**

# မြိတ်မြို့နယ် ဝန်ဖို့ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**မြိတ် နိုဝင်ဘာ ၂၆**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဝန်ဖို့ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မြိတ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းဝင်းနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာကုန်ထုတ်လမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ဝန်ဖို့ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှုများ၊ Box Culvert တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းဝင်းက ကျေးရွာတာဝန်ရှိသူများ၊ တင်ဒါရကုမ္ပဏီမှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး သတ်မှတ်ကာလအတွင်း လုပ်ငန်းများ စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

မြိတ်မြို့နယ် ဝန်ဖို့ကျေးရွာ၌ အရှည် တစ်မိုင် လေးဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် နှစ်ပေ ကိုးလက်မရှိ မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်းနှင့် အဆိုပါလမ်းပေါ်တွင် အရှည် ပေ ၂၀၊ အကျယ် ၁၂ ပေ၊ အမြင့် လေးပေ ကိုးလက်မရှိ Box Culvert လေးစင်း တည်ဆောက်ခြင်းလုပ်ငန်းများကို ပြည်ထောင်စု နှင့်ပုံငွေကျပ် ၁၈၃ ဒသမ ၃၅၅ သန်းဖြင့် ထူးထူးထက်ကုမ္ပဏီက တာဝန်ယူ၍ ယခုနှစ် ဇူလိုင် ၉ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၄၀ ရာခိုင်နှုန်းခန့်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက ဝန်ဖို့ကျေးရွာရှိ အိမ်ခြေ ၁၇၁ အိမ်မှ လူ ၉၆၇ ဦးတို့၏သီးနှံများ ဈေးကွက်သို့ အချိန်မီတင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း သိရသည်။ **ကိုညို**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

**နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက်**

**အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို**



- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၂၆-၁၁-၂၀၂၃**

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဗေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၁၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၀၂၀၀၀/၁၀၄၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၅၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၇၄၀၀၀/၇၈၀၀၀ |
| နွေဧယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၉၀၀၀/၇၂၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၄၅၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၂၄၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၃၄၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၁၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၂၂၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၃၅၀ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

# မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်အား (၃၄)ကြိမ်မြောက် မသိုးမြတ်သင်္ကန်းတော် ရက်လုပ်လှူဒါန်းပူဇော်ခြင်းဖွင့်ပွဲအခမ်းအနား ကျင်းပ



**မန္တလေး နိုဝင်ဘာ ၂၆**

မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်အား (၃၄)ကြိမ်မြောက် မသိုးမြတ်သင်္ကန်းတော် ရက်လုပ်လှူဒါန်းပူဇော်ခြင်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက မဟာမုနိဘုရားကြီးရင်ပြင်တော် မိုးကောင်းမဏ္ဍာရုံမဏ္ဍပ်တွင်ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်ခိုင်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် အတွင်းရေးမှူး၊ ဧည့်ပရိသတ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့သည် မဟာမုနိရုပ်ရှင်တော်အားဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်းနှင့် ရွှေသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ရင်ပြင်တော်တွင် ကျင်းပသည့် မသိုးမြတ်သင်္ကန်းတော် ရက်လုပ်လှူဒါန်းပူဇော်ခြင်းအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ရွှေမိုးငွေမိုးများရွာသွန်းပေးကာ မသိုးမြတ်သင်္ကန်းတော်အတွက် ဗိုင်းငင်ဝါဖတ်မှစတင်ကာ ရက်ကန်းစင်တော်များဖြင့် အဆင့်ဆင့်ရက်လုပ်လှူဒါန်းပူဇော်နေမှုများကို လိုက်လံကြည့်ရှုအားပေးပြီး ရက်ကန်းပညာရှင်၊ စက်ချုပ်ပညာရှင်၊ လုပ်အားဒါနပြုအဖွဲ့ကို ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

မသိုးမြတ်သင်္ကန်းတော်ရက်လုပ်ပူဇော်ခြင်းကို ဗုဒ္ဓမြတ်ရှင်တော်လက်ထက် ဘိက္ခုနီသာသနာတော်ခေတ် မိထွေးတော် ဂေါတမီကိုအကြောင်းပြု၍ ခွင့်ပြုတော်မူခဲ့သော ရှေးဟောင်းအမွေအနှစ်ကာလဒါနကိုဖော်ထုတ်ခြင်း၊ ကျေးလက်ယဉ်ကျေးမှုအနုပညာကိုပြသဖော်ထုတ်ခြင်း စသည့်ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ပြီး ရက်လုပ်လှူဒါန်းပူဇော်ရာတွင် ရေကြည်ပေါက်ကျေးရွာ၊ အုန်းတောကျေးရွာ၊ အင်းလေးဒေသ၊ ကိုးလုံးတကာ စသည့်ရက်ကန်းပညာရှင်အဖွဲ့များနှင့် ကိုးလုံးတကာ စက်ချုပ်ပညာရှင်အဖွဲ့တို့က လုပ်အားဒါနပြုကာ ညတွင်းချင်းရက်လုပ်၍ တန်ဆောင်မုန်းလပြည့်နေ့ နံနက်ပိုင်းတွင် မဟာမုနိရုပ်ရှင်တော်အား ကပ်လှူပူဇော်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**





ဆရာတော်ထံ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း ကထိန်လျာမြတ်သင်္ကန်းအား ဆက်ကပ်လှူဒါန်းစဉ်။

# အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ (၁၃)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်အလှူတော်မင်္ဂလာ ပြုလုပ်

**နေပြည်တော် နိုဝင်ဘာ ၂၆**

အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ (၁၃)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်အလှူတော်မင်္ဂလာကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် မဟာသန္တိရုံသိမ်စေတီတော်ကြီး မဏ္ဍာရုံ၌ပြုလုပ်ရာ ရှမ်းပြည်နယ်(တောင်ပိုင်း) ခိုလမ်မြို့ မဟာဇောဓိပရိယတ္တိကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝိမာလ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် အဖွဲ့ဝင်များ၊ အရာရှိ စစ်သည်၊ မိသားစုဝင်များနှင့် စေတနာရှင်အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တာဝန်ရှိသူများက မဏ္ဍာရုံကြီးအတွင်းရှိ တိုင်းစစ်ဌာနချုပ်နှင့် တပ်ရင်း၊တပ်ဖွဲ့များက ဘုန်းတော်ကြီးကျောင်းအသီးသီးကို လှူဒါန်းရန် ပြင်ဆင်ထားသည့် ကထိန်လျာသင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် ပဒေသာပင်များကို လှည့်လည်ကြည့်ရှုကြသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက မဟာဇောဓိပရိယတ္တိကျောင်းတိုက်ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး သံဃာတော်များ ချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များအား နာယူကြည်ညိုကြသည်။ ၎င်းနောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သံဃာတော်များထံ ကထိန်လျာမြတ်သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုများကို အသီးသီးဆက်ကပ်လှူဒါန်းကြပြီး မဟာဇောဓိပရိယတ္တိကျောင်းတိုက် ဆရာတော်ထံမှ အနုမောဒနာတရားနာကြားကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေပြီး သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

အဆိုပါ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ (၁၃)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန် အလှူတော်မင်္ဂလာတွင် တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်ရင်း၊တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ လှူဒါန်းသည့် လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူငွေ စုစုပေါင်း လှူဒါန်းငွေကျပ် ၂၈၉၁၈၀၀၀ တန်ဖိုးရှိ ပဒေသာပင် ၁၇ ခုကို သက်ဆိုင်ရာ ဘုန်းတော်ကြီးကျောင်းများသို့ မော်တော်ယာဉ်များဖြင့် ပို့ဆောင်ကာ လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

# တောင်ကြီးမြို့၏ သာယာလှပသောရှုခင်းများကို Sight Seeing ကြည့်ရှုနိုင်ရန်အတွက် တောင်ကြီး-ပေါ်မူ၊ ပေါ်မူ-တောင်ကြီး ရထားခရီးစဉ်ကို တန်ဆောင်တိုင်ပိတ်ရက်များ၌ အထူးရထားပြေးဆွဲပေးလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၆**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် ဒေသခံတိုင်းရင်းသားပြည်သူများနှင့် ပြည်တွင်း၊ ပြည်ပခရီးသွားများ တောင်ကြီးမြို့၏ သာယာလှပသောရှုခင်းများကို Sight Seeing ကြည့်ရှုနိုင်ရန် တောင်ကြီး-ပေါ်မူ၊ ပေါ်မူ-တောင်ကြီး ရထားခရီးစဉ်ကို နိုဝင်ဘာ ၂၅ ရက်မှ ၂၇ ရက်ထိ တန်ဆောင်တိုင် ပိတ်ရက်များတွင် တောင်ကြီးဘူတာမှစတင်၍ နံနက် ၈ နာရီတွင် အထူးရထားအဖြစ် ပြေးဆွဲပေးလျက်ရှိသည်။

ယနေ့နံနက်ပိုင်းတွင် တောင်ကြီး-ပေါ်မူ-တောင်ကြီး တန်ဆောင်တိုင်ပိတ်ရက်ရထားခရီးစဉ်၌ တောင်ကြီးမြို့ရှိ ဒေသခံပြည်သူများ၊ တောင်ကြီးတန်ဆောင်တိုင်ပွဲတော်သို့ လာရောက်ကြသည့် အနယ်နယ်အရပ်ရပ်မှ ခရီးသွားမိဘပြည်သူများ တပျော်တပါး လိုက်ပါစီးနင်းခဲ့ကြသဖြင့် နိုဝင်ဘာ ၂၇ ရက်တွင်လည်း ဆက်လက်ပြေးဆွဲပေးသွားမည်ဖြစ်သည်။

တောင်ကြီး-ပေါ်မူခရီးစဉ်သည် ၁၁ ဒသမ ၄၁ မိုင်ကွာဝေးပြီး ပြေးဆွဲချိန် ၁ နာရီခွဲခန့်ကြာမြင့်မည်ဖြစ်ကာ လမ်းခရီးတွင် ဘဝ သံသရာအဝိုင်းအနီးဝန်းကျင်ရှိ သဘာဝရှုခင်းအလှများကို ကြည့်ရှုခံစားနိုင်ရန် ထီးသိမ်ဘူတာ၌ ၁၅ မိနစ် ရပ်တန့်ပေးမည်ဖြစ်သည်။ ပေါ်မူဘူတာသို့ ရောက်ရှိပါက ရထားတွဲဆိုင်းကို တောင်ကြီးဘက်သို့ ပြန်လှည့်နိုင်ရန် တွဲရွှေ့ပြုလုပ်ချိန် ၁ နာရီ ရပ်တန့်ပေးမည်ဖြစ်ပြီး ပြေးဆွဲမည့်ရထားတွဲဆိုင်းမှာ မြင်းကောင်ရေ ၂၀၀၀ အားစက်ခေါင်းဖြင့် အထက်တန်းနှစ်တွဲ၊ ရိုးရိုးတန်းနှစ်တွဲနှင့် ရထားထိန်းတွဲ တစ်တွဲတို့ဖြင့် ပြေးဆွဲပေးလျက်ရှိသည်။

တောင်ကြီး-ပေါ်မူခရီးစဉ်တွင် အထက်တန်းလက်မှတ် တစ်ဦးလျှင် အသွားခရီး ငွေကျပ် ၂၀၀၀၊ အပြန်ခရီး ငွေကျပ် ၂၀၀၀ ဖြင့်လည်းကောင်း၊ ရိုးရိုးတန်းလက်မှတ် တစ်ဦးလျှင် အသွားခရီး ငွေကျပ် ၁၀၀၀၊ အပြန်ခရီး ငွေကျပ် ၁၀၀၀ ဖြင့်လည်းကောင်း ပြေးဆွဲပေးလျက်ရှိသည်။ တောင်ကြီးမြို့ရှိ ဒေသခံပြည်သူများ၊ တောင်ကြီးတန်ဆောင်တိုင်ပွဲတော်သို့ လာရောက်ကြသည့် အနယ်နယ်အရပ်ရပ်မှ ခရီးသွားမိဘပြည်သူများအနေဖြင့် စိတ်လက်အေးချမ်းပျော်ရွှင်စွာ ရထားစီးပြီး အပန်းဖြေသွားလာနိုင်ရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**











☆ **ကျောပုံးမှအဆက်**

ကုသိုလ်ပြုဆီမီးထွန်းညှိနိုင်မည့်နေရာများ၊ မီးပုံးပျံလွှတ်တင်ပူဇော်မည့်နေရာများ၊ မသိုးရွှေကြာသင်္ကန်းရက်လုပ်နေသည့်နေရာများ၊ ဈေးပွဲတော်နေရာများနှင့် အခြားသွားရောက်လေ့လာနိုင်မည့်နေရာများကို အလွယ်တကူသွားရောက်နိုင်ရေးအတွက် လမ်းညွှန်ပြသပေးကြသည်။

တန်ဆောင်တိုင် မီးထွန်းပွဲတော်သို့ လာရောက်ကြသည့် ဘုရားဖူးလာ ရဟန်းရှင်လူပြည်သူများသည် စိတ်အေးချမ်းသာစွာဖြင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော်အတွင်း ဆီမီးကပ်လှူပူဇော်ခြင်း၊ အသံမစဲပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခြင်းနှင့် ဝတ်အသင်းအဖွဲ့များက ဝတ်ရွတ်စဉ်များဖြင့် ပူဇော်ခြင်းတို့ကို ဆောင်ရွက်ကြရာ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း မြတ်စွာဘုရားရှင်၏ တရားမမွှသံများ စိတ်ကြည်နူးဖွယ်ရာ ဖုံးလွှမ်းလျက်ရှိသည်။

တန်ဆောင်တိုင်မီးထွန်းပွဲတော်ကာလအတွင်း ကုသိုလ်ထူးရရှိနိုင်ရေးအစီအစဉ်တစ်ခုအဖြစ် တန်ဆောင်မုန်းလပြည့်နေ့၌ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ပထမအကြိမ် မသိုးရွှေကြာသင်္ကန်းကပ်လှူပူဇော်သွားမည်ဖြစ်သည့်အတွက် ယနေ့ညနေပိုင်းမှစတင်၍ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်းရှိ ရေပန်းရင်ပြင်တော်၌ ရက်ကန်းစင်ကိုးစင်ဖြင့် မသိုးရွှေကြာသင်္ကန်းကို အားကြိုးမာန်တက်စတင်ရက်လုပ်နေကြရာ အဆိုပါရက်ကန်းရက်လုပ်နေမှု အဆင့်ဆင့်ကို အားပေးလေ့လာကြည့်ရှုကြသည့် ဘုရားဖူးလာပြည်သူများဖြင့်လည်း စည်ကားလျက်ရှိသည်။

ထို့ပြင် မြတ်စွာဘုရားရှင်အား မီးပုံးပျံများလွှတ်တင်၍ ပူဇော်ခြင်းကုသိုလ်ထူးကို ရရှိခံစားနိုင်စေရန် စီစဉ်ဆောင်ရွက်ထားရှိသည့်အတွက် မီးပုံးပျံမလွှတ်တင်မီ အစောပိုင်းကပင် ဘုရားပရိဝုဏ်အတွင်းအနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားလျက်ရှိပြီး မီးပုံးပျံများလွှတ်တင်၍ မြတ်စွာဘုရားရှင်အားပူဇော်မည့်အချိန်ရောက်ရှိသည့်အခါတွင် ဘုရားဝင်းအတွင်း သတ်မှတ်နေရာများအလိုက် မီးပုံးပျံအသေးများ၊ အလှညမီးကြီးနှင့် စိန်နားပန်မီးပုံးပျံကြီးများ လွှတ်တင်ပူဇော်ခြင်းတို့ဖြင့်လည်း နေပြည်တော် တန်ဆောင်မုန်းလ၏ညအလှကို ပိုမိုပေါ်လွင်စေခဲ့သည့်အပြင် ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း၌လည်း LED မီးများဖြင့် အလှဆင်ပူဇော်ထားရှိသည့်အတွက် ခမ်းနားထည်ဝါစွာ တည်ထားပူဇော်ထားသည့် ဘုရား၊ စေတီ၊ ပုထိုးများ၏သပ္ပာယ်မှုများနှင့် အံ့မခန်းဗိသုကာလက်ရာများကိုလည်း လာရောက်ကြသည့် ဘုရားဖူးလာပြည်သူများ တစ်နှစ်တွင် တစ်ကြိမ်သာ ကြုံတွေ့ရမည့် တန်ဆောင်တိုင်မီးထွန်းပွဲတော်နှင့် ယှဉ်တွဲ၍ ဖူးမြော်ကြည်ညိုလေ့လာနိုင်ကြမည်ဖြစ်သည်။

အလားတူ ကျောက်စာရုံစေတီ၊ မုစလိန္ဒအိုင်၊ နဂါးရုံဘုရားများ၊ ဂန္ဓကုဋိတိုက်များ၊ သုဓမ္မာဇရပ်များ၊ မာရဝိဇယကျောင်းတော်နှင့် အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုလေ့လာကြသည့် ဘုရားဖူးလာပြည်သူများနှင့် ရေပန်းရင်ပြင်နှင့် ရေပန်းဝိုင်းအကြီး၊ ရေပန်းဝိုင်းအသေး နေရာများ၌လည်း မိသားစုလိုက်သော်လည်းကောင်း၊ မိတ်ဆွေသူငယ်ချင်း အစုအဖွဲ့လိုက်သော်လည်းကောင်း ပျော်ရွှင်စွာအမှတ်တရဓာတ်ပုံရိုက်ကြသည့် ဘုရားဖူးလာပြည်သူများဖြင့်လည်း အထူးစည်ကားလျက်ရှိသည်။ ထို့အတူ ပွဲတော်လာပြည်သူများအတွက် ဖျော်ဖြေရေးအစီအစဉ်ကောင်းများအဖြစ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားခေတ်ပေါ်တေးဂီတအဖွဲ့နှင့် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနတို့မှ အနုပညာရှင်များက မြန်မာ့ရိုးရာယဉ်ကျေးမှုကို ဖော်ကျူးရေးစပ်ထားသည့် တေးသီချင်းကောင်းများဖြင့်လည်းကောင်း၊ သရုပ်ဖော်အကအလှများဖြင့်လည်းကောင်း သီဆိုကပြဖျော်ဖြေကြရာ လာရောက် အားပေးနားဆင်ကြည့်ရှုသူများဖြင့် ကြိတ်ကြိတ်တိုးစည်ကားလျက်ရှိသည်။

ထို့ပြင် ဘုရားဖူးလာပြည်သူများ ဒေသထွက်လက်ဆောင်အဖြစ် ဝယ်ယူနိုင်ရန်အတွက် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME) လုပ်ငန်းများ၏ ဒေသထွက်ကုန်၊ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းအရောင်းဆိုင်များ ဖွင့်လှစ်၍ ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးလျက်ရှိရာ ဘုရားဖူးပြည်သူများ စိတ်ဝင်တစားဖြင့် ကြိတ်ကြိတ်တိုးဝယ်ယူလျက်ရှိကြသည့်အပြင် ဒေသထွက်မြန်မာ့ရိုးရာမုန့်ဆိုင်များ၌လည်း မြန်မာမုန့်များကို နှစ်သက်စွာဖြင့် ဝယ်ယူအားပေးကြသူများကိုလည်း တွေ့မြင်ရသည်။

အလားတူ ဘုရားဖူးလာကလေးငယ်များအတွက်လည်း ကလေးကစားကွင်းထားရှိပေးထားရာ ကစားနည်းများအလိုက် စိတ်ပျော်ရွှင်ချမ်းမြေ့စွာဖြင့် ကစားနေကြသည့် ကလေးငယ်များဖြင့်လည်း အထူးစည်ကားလျက်ရှိသည်။

တန်ဆောင်တိုင် မီးထွန်းပွဲတော်လာပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် ကုသိုလ်ကောင်းမှုပြုလုပ်ကြပြီး ပွဲတော်ကို ဆင်နွှဲနိုင်ရေးအတွက်လည်း တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့က ဘုရားပရိဝုဏ်အတွင်း စနစ်တကျလိုအပ်သည်များကို ကူညီဆောင်ရွက်ပေးသည့်အပြင် ဘုရားဖူးလာပြည်သူများ ကျန်းမာရေးကိစ္စတစ်စုံတစ်ရာဖြစ်ပေါ်လာပါက အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်အတွက်လည်း ကျန်းမာရေးစောင့်ရှောက်မှုဆေးခန်းများ ဖွင့်လှစ်ထားရှိသည်ကိုလည်း တွေ့မြင်ရသည်။

အဆိုပါ တန်ဆောင်တိုင်မီးထွန်းပွဲတော်ကို နိုဝင်ဘာ ၂၇ ရက် တန်ဆောင်မုန်းလပြည့်နေ့တွင်လည်း စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပသွားမည်ဖြစ်သည့်အတွက် အနယ်နယ်အရပ်ရပ်မှ ပြည်သူများအနေဖြင့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွား ဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုရင်း တန်ဆောင်တိုင်ည၏ရသကို အပြည့်အဝခံစားနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ်နိုင်ပြီး မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်

**နေပြည်တော် နိုဝင်ဘာ ၂၆**

ယနေ့မွန်းလွဲ ၁၂ ခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် နိုဝင်ဘာ ၂၇ ရက်၌ လေဖိအားနည်းရပ်ဝန်း (Low Pressure Area) တစ်ခုဖြစ်ပေါ်နိုင်သည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး ပိုမိုအားကောင်းလာနိုင်ကာ နိုဝင်ဘာ ၂၉ ရက်တွင် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်း၌ မုန်တိုင်းငယ်(Depression) အဖြစ်သို့ ရောက်ရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

# ဒီဇယ်စက်ခေါင်းစက်ရုံ(ရွာထောင်)နှင့် လူစီးတွဲနှင့် ကုန်တွဲစက်ရုံ(မြစ်ငယ်)တို့ကို ဒုတိယဝန်ကြီးချုပ်နှင့်ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ကြည့်ရှုစစ်ဆေး



**နေပြည်တော် နိုဝင်ဘာ ၂၆**

ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးသည် ဒုတိယဝန်ကြီး၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့က မြန်မာ့မီးရထား၏ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ရှိ ဒီဇယ်စက်ခေါင်းစက်ရုံ(ရွာထောင်)နှင့် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ လူစီးတွဲနှင့် ကုန်တွဲစက်ရုံ(မြစ်ငယ်)တို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့် အဖွဲ့သည် စစ်ကိုင်းမြို့ရှိ မြန်မာ့မီးရထားဒီဇယ်စက်ခေါင်းစက်ရုံ(ရွာထောင်)သို့ ရောက်ရှိရာ စက်ရုံခန်းမ၌ တာဝန်ရှိသူများက စက်ရုံ၏နောက်ခံသမိုင်း၊စက်ခေါင်းများမွမ်းမံပြင်ဆင်ခြင်းလုပ်ငန်းစဉ်များ၊နှစ်စဉ်လျာထားချက်နှင့် စွမ်းဆောင်နိုင်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများ ကျွမ်းကျင်မှုပိုမိုမြင့်မားလာရေးနှင့် စွမ်းဆောင်မှုစဉ်ဆက်မပြတ်တိုးတက်စေရေးအတွက် လိုအပ်ချက်များကို မှာကြားပြီး စက်ရုံရှိ စက်မှုသင်တန်းကျောင်း၌ သင်တန်းပို့ချလေ့ကျင့်ပေးမှုနည်းစနစ်၊ သင်တန်းဆိုင်ရာ စာအုပ်စာတမ်းများ၊ သင်ကြားလေ့ကျင့်ရေးတွင် အသုံးပြုနေသည့် စက်ကိရိယာပစ္စည်းများနှင့် သင်တန်းခန်းမတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် စက်ရုံအတွင်း၌ ဝန်ထမ်းများက စက်ခေါင်းများ အကြီးတန်းမွမ်းမံပြင်ဆင်ရေးလုပ်ငန်းစဉ်အတိုင်း အင်ဂျင်ပိုင်းဆိုင်ရာ၊ ကိုယ်ထည်ပိုင်းဆိုင်ရာ၊ လျှပ်စစ်ပိုင်းဆိုင်ရာ၊ ဘီးဘိုဂီဆိုင်ရာအစိတ်အပိုင်းများကို မွမ်းမံပြင်ဆင်ရေးဆောင်ရွက်နေသည့် အခြေအနေများနှင့် စက်ခေါင်းအတွက် လိုအပ်သည့်အရန်ပစ္စည်းများ ထုတ်လုပ်မှုလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ရွာထောင်ရှိ မြန်မာ့မီးရထား၏ ၂၅ခုတင်ဆံ့ဆေးရုံ၌ ဆေးကုသပေးနေမှုအခြေအနေများကိုလည်းကောင်း၊ ရွာထောင်ဘူတာကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဘူတာယာဒ်ဝင်းသန့်ရှင်းသပ်ရပ်ရေးနှင့်လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို မှာကြားကာ လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ရွာထောင်ရှိ မြန်မာ့မီးရထားဘိုးဘွားရိပ်သာသို့ သွားရောက်ပြီး အဘိုးအဘွားများကို အားပေးစကားပြောကြားကာ အလှူငွေများ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အမရပူရမြို့နယ်ရှိ မြန်မာ့မီးရထား၏ လူစီးတွဲနှင့် ကုန်တွဲစက်ရုံ(မြစ်ငယ်)စက်ရုံသို့သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု၊ စက်ရုံ၏နောက်ခံသမိုင်း၊ လုပ်ငန်းတာဝန်များ၊လူစီးတွဲနှင့် ကုန်တွဲများ အကြီးတန်းပြင်ဆင်မှုနှင့် လူစီးတွဲနှင့် ကုန်တွဲများ အသစ်တပ်ဆင်တည်ဆောက်နေမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးပြီး စက်ရုံအတွင်း လူစီးတွဲနှင့် ကုန်တွဲအသစ်များ တပ်ဆင်ထုတ်လုပ်သည့်နည်းစနစ်နှင့် လုပ်ငန်းစဉ်များ၊ တပ်ဆင်ထုတ်လုပ်ထားပြီးဖြစ်သည့် လူစီးတွဲသစ်များ၊ကွန်တိန်နာတင်ကုန်တွဲများ၊ လေအိတ်ဘိုဂီများတည်ဆောက်ထားမှုနှင့် အသုံးပြုလျက်ရှိသည့် လူစီးတွဲနှင့် ကုန်တွဲများ အကြီးတန်းမွမ်းမံပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြစ်ငယ်ရှိ မြန်မာ့မီးရထား၏ခုတင် ၅၀ ဆံ့ဆေးရုံသို့ ရောက်ရှိပြီး ဆေးကုသမှုခံယူနေသော ဝန်ထမ်းမိသားစုလူနာများကို အားပေးကာ စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နယ်စပ်ဒေသများတွင် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေသူများကို ဥပဒေနှင့်အညီဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူများထံသို့ ဆက်လက်လွှဲပြောင်းပေးအပ်

**နေပြည်တော် နိုဝင်ဘာ ၂၆**

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများအပါအဝင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို အလေးထားဆောင်ရွက်လျက်ရှိပြီး အချို့သော ပြည်ပနိုင်ငံသားများအနေဖြင့် နယ်စပ်ဒေသများမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိကြောင်း သိရှိရသည့်အတွက် အုပ်ချုပ်ရေးအဖွဲ့အစည်းများမှ လိုအပ်သည့်စိစစ်မှုများပြုလုပ်ကာ ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ လွှဲပြောင်းပေးအပ်ခြင်းများကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင်လည်း တရုတ်နိုင်ငံသား အမျိုးသားဦးရေ ၅၈၀၊ အမျိုးသမီး ၆၈ ဦး စုစုပေါင်း ၆၄၈ ဦးကို စိစစ်ဖော်ထုတ်ရရှိခဲ့ပြီး ထပ်မံလွှဲပြောင်းပေးနိုင်ခဲ့ခြင်းကြောင့် ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁၁ ရက်မှ ယနေ့ထိ တရုတ်နိုင်ငံသား အမျိုးသား ၇၈၄၆ ဦး၊ အမျိုးသမီး ၇၉၅ ဦး စုစုပေါင်း ၈၆၄၁ ဦးတို့ကို ဖော်ထုတ်ရရှိခဲ့ပြီး ဥပဒေနှင့်အညီ လိုအပ်သည့်စိစစ်ခြင်းများ ဆောင်ရွက်ခဲ့ကာ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တာဝန်ရှိသူများထံသို့ စနစ်တကျပြန်လည်လွှဲပြောင်းပေးအပ်ခြင်းများ ဆောင်ရွက်နိုင်ခဲ့သည်။

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများမှ တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိသည့် ပြည်ပနိုင်ငံသားများကို စိစစ်ဖော်ထုတ်ခြင်းနှင့် ပြန်လည်လွှဲပြောင်းခြင်းလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။



**နယ်စပ်ဒေသများတွင် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေသူများကို ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူများထံသို့ လွှဲပြောင်းပေးအပ်စဉ်။**

# ပင်းပက်သံမဏိစက်ရုံတွင် လက်နက်ခဲယမ်းများထုတ်လုပ်နေသည့်အပြင် နျူကလီးယားကိစ္စပါ ကြိုးပမ်းနေကြောင်း မဟုတ်မမှန်သတင်းများ လူမှုကွန်ရက်စာမျက်နှာတွင် ရေးသားဖြန့်ဝေလျက်ရှိ




**နေပြည်တော် နိုဝင်ဘာ ၂၆**

ရှမ်းပြည်နယ် တောင်ကြီးမြို့နယ် နမ့်ဆီးကျေးရွာအုပ်စုရှိ စက်မှုဝန်ကြီးဌာန အမှတ်(၂) ပင်းပက်သံမဏိစက်ရုံစီမံကိန်းတွင် လက်နက်ခဲယမ်းများထုတ်လုပ်ရန်၊ ယူရေနီယမ်ကိစ္စနှင့်လည်းပတ်သက်ဆက်နွှယ်နေပြီး လက်ရှိတွင် နမ့်တဘက်ချောင်းတစ်လျှောက်နေထိုင်သည့် ဒေသခံတောင်ပေါင်းများစွာ၏အသက်မွေးဝမ်းကျောင်းနှင့် လယ်ယာမြေများကိုဖျက်ဆီးရန်ခြိမ်းခြောက်လာနေကြောင်း၊စီမံကိန်းကြောင့် သက်လတ်ပိုင်းလူနာအများစုသည် အဆုတ်ကင်ဆာရောဂါခံစားနေကြရကြောင်း ပအိုဝ်းလူငယ်အစည်းအရုံး(PYO)မှသိရသည်ဟု မဟုတ်မမှန်သတင်းများ တရားမဝင်ပြည်ဖျက် မီဒီယာများမှတစ်ဆင့် လူမှုကွန်ရက်စာမျက်နှာများတွင် ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာစက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ပြောကြားချက်အရ လက်နက်ခဲယမ်းများ ထုတ်လုပ်နေသည်ဆိုသည့် ရေးသားချက်မှာ မှားယွင်းနေပြီး တပ်တွင်းသတင်းရင်းမြစ်ထံကဆိုသည့် "နျူကလီးယားကိစ္စပါ ကြိုးပမ်းလာနေကြောင်းသိရသည်" ဟူသောရေးသားချက်မှာလုံးဝမှားယွင်းနေကြောင်း၊ စက်ရုံမှ အသုံးပြုမည့် ပင်းပက်သံသတ္တုသံရိုင်း(iron ore)တွင် ဟီမင်တိုက်နှင့် လီမွန်နိုက်ဟူသော သံရိုင်းအမျိုးအစားနှစ်မျိုးသာ အဓိကပါဝင်ပြီး ကျန်သတ္တုများတွင် ဆီလီကာနှင့်အလူမီနာသတ္တုရိုင်းများရာခိုင်နှုန်းအနည်းငယ်ရောနှောပါဝင်လျက်ရှိကြောင်း၊ အထူးသဖြင့် နျူကလီးယားထုတ်လုပ်ရန် လိုအပ်သော ယူရေနီယမ်နှင့် ပလူတိုနီယမ်သတ္တုတို့ကို ရှာဖွေမတွေ့ရှိကြောင်း၊ ထို့အတွက် "နျူကလီးယားကိစ္စပါ ကြိုးပမ်းလာနေသည်"ဟူသော ရေးသားချက်မှာ လုံးဝမှားယွင်းနေပါကြောင်း၊ အမှတ်(၂) သံမဏိစက်ရုံ(ပင်းပက်)ကို တစ်နှစ်လျှင် သံစိမ်းတန်ချိန် ၂၀၀၀၀၀ (နှစ်သိန်း)ထုတ်လုပ်ပြီး နိုင်ငံတော်၏သံနှင့်သံမဏိလိုအပ်ချက်ကို ဖြည့်ဆည်းပေးရန် ရည်မှန်းချက်ဖြင့် အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ကာ နိုင်ငံအတွက် အဓိကလိုအပ်သည့် သံနှင့်သံမဏိထုတ်ကုန်များထုတ်လုပ်ပေးရန်၊ သွင်းကုန်အစားထိုးထုတ်လုပ်နိုင်ပြီး နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်နှင့် သံ၊ သံမဏိထုတ်လုပ်မှုနည်းပညာနှင့် လူ့စွမ်းအားအရင်းအမြစ်များ အသုံးပြုပြီး မြန်မာနိုင်ငံသားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများဖော်ဆောင်ရန်တို့အတွက် ဖြစ်ကြောင်း သိရှိရသည်။

သို့ဖြစ်၍ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ၏ စက်မှုကုန်ကြမ်းပစ္စည်းလိုအပ်ချက်များကိုပြည်တွင်းတွင် ဈေးနှုန်းချိုသာစွာဖြင့် အသုံးပြုနိုင်ရေးရေရှည်စီမံကိန်းများချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ပြည်ဖျက်မီဒီယာများက နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ ပျက်စီးစေရန်နှင့် တိုင်းရင်းသားပြည်သူများ အထင်အမြင်လွဲမှားစေရန် တရားမဝင်ပြည်ဖျက်မီဒီယာများမှတစ်ဆင့် လူမှုကွန်ရက်များတွင် တစ်ဖက်သတ်စွပ်စွဲရေးသားချက်များသာဖြစ်ကြောင်း သတင်းရရှိသည်။

# အကြမ်းဖက်သမားများ၏ မိုင်းထောင်ဖောက်ခွဲ၊ မီးရှို့ဖျက်ဆီးမှုများကြောင့် လျှပ်စစ်ဓာတ်အားလိုင်းတာဝါတိုင် ၈၁ ခု ပျက်စီးဆုံးရှုံးခဲ့ရ




အကြမ်းဖက်သမားများဖျက်ဆီးခဲ့သည့် ၁၃၂ ကေဗွီ ဘီလူးချောင်း(၂)-တီကျစ်နှစ်ထပ်ဓာတ်အားလိုင်း တာဝါတိုင်အမှတ်(၁၁၅) ပြိုလဲပျက်စီးခဲ့သည့်မှတ်တမ်းဓာတ်ပုံ။



အကြမ်းဖက်သမားများဖျက်ဆီးခဲ့သည့် ၁၃၂ ကေဗွီ ဘီလူးချောင်း(၂)-တီကျစ်နှစ်ထပ်ဓာတ်အားလိုင်း တာဝါတိုင်အမှတ်(၁၅၁) ပြိုလဲပျက်စီးခဲ့သည့်မှတ်တမ်းဓာတ်ပုံ။




အကြမ်းဖက်သမားများဖျက်ဆီးခဲ့သည့် ကေဗွီ ၂၃၀ သာယာကုန်း-ကမာနတ်၊ သာယာကုန်း-ဘိုင်းဒါး နှစ်ထပ်ဓာတ်အားလိုင်း ပြိုလဲပျက်စီးခဲ့သည့်မှတ်တမ်းဓာတ်ပုံ။



အကြမ်းဖက်သမားများဖျက်ဆီးခဲ့သည့် ၁၃၂ ကေဗွီ ဘီလူးချောင်း(၂)-တီကျစ်နှစ်ထပ်ဓာတ်အားလိုင်း တာဝါတိုင်အမှတ်(၁၅၂) ပြိုလဲပျက်စီးခဲ့သည့်မှတ်တမ်းဓာတ်ပုံ။




အကြမ်းဖက်သမားများဖျက်ဆီးခဲ့သည့် ကေဗွီ ၂၃၀ သာယာကုန်း-ကမာနတ်၊ သာယာကုန်း-ဘိုင်းဒါး နှစ်ထပ်ဓာတ်အားလိုင်း ပြိုလဲပျက်စီးခဲ့သည့်မှတ်တမ်းဓာတ်ပုံ။




အကြမ်းဖက်သမားများဖျက်ဆီးခဲ့သည့် ကေဗွီ ၂၃၀ တောင်ငူ-သာယာကုန်းဓာတ်အားလိုင်း တာဝါတိုင်အမှတ်(၂၂၅) ပြိုလဲပျက်စီးခဲ့သည့်မှတ်တမ်းဓာတ်ပုံ။




အကြမ်းဖက်သမားများဖျက်ဆီးခဲ့သည့် ကေဗွီ ၂၃၀ တောင်ငူ-သာယာကုန်းဓာတ်အားလိုင်း တာဝါတိုင်အမှတ်(၂၂၄) ပြိုလဲပျက်စီးခဲ့သည့်မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် နိုဝင်ဘာ ၂၆**

လက်နက်ကိုင်သောင်းကျန်းသူများနှင့်PDF အမည်ခံ အကြမ်းဖက်ပူးပေါင်းအဖွဲ့များသည် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုကို ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံပိုင်ဘဏ်များ၊ ပုဂ္ဂလိကပိုင်ဘဏ်များ၊ ဌာနဆိုင်ရာရုံးများ၊နိုင်ငံတော်ပိုင်ပစ္စည်းများ၊ပုဂ္ဂလိကပိုင်ပစ္စည်းများ၊စက်ရုံ၊ အလုပ်ရုံများ၊တယ်လီဖုန်းတာဝါတိုင်များနှင့် လျှပ်စစ်ဓာတ်အားလိုင်းတာဝါတိုင်များကို မီးရှို့ဖျက်ဆီးခြင်းနှင့်ပစ္စည်းများအား လုယက်ခြင်းစသည့် အဖျက်အမှောင့်လုပ်ရပ်များကို ကျူးလွန်လျက်ရှိသည်။

ထိုသို့ အကြမ်းဖက်အဖွဲ့များ၏ မိုင်းထောင်ဖောက်ခွဲ၊ မီးရှို့ဖျက်ဆီးခြင်းစသည့်အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ခဲ့ခြင်းကြောင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်မှ ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၁၆ ရက်ထိ လျှပ်စစ်ဓာတ်အားပေးတာဝါတိုင် ၈၁ ခု တို့ ပျက်စီးဆုံးရှုံးခဲ့ရသည်။

ယင်းသို့ အကြမ်းဖက်ပူးပေါင်းအဖွဲ့များအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝဖွံ့ဖြိုး တိုးတက်ရေးအတွက် အခြေခံအကျဆုံးဖြစ်သော လျှပ်စစ်ဓာတ်အားပေး တာဝါတိုင်များကို ဆင်ခြင်တုံတရားမဲ့စွာ မိုင်းထောင်ဖောက်ခွဲမီးရှို့ဖျက်ဆီးခြင်းများသည် မိုက်မဲသောလုပ်ရပ်များဖြစ်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လျှပ်စစ်မီးနေ့စဉ်အသုံးပြုလျက်ရှိသည့် ပြည်သူလူထုအတွက်များစွာ ထိခိုက်နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည်။

အကြမ်းဖက်အဖွဲ့များအနေဖြင့် လျှပ်စစ်ဓာတ်အားပေး တာဝါတိုင်များကို ယခုကဲ့သို့မိုင်းထောင်ဖောက်ခွဲမီးရှို့ဖျက်ဆီးခြင်းများလုပ်ဆောင်နေမှုအပေါ် ပြည်သူလူထုတစ်ရပ်လုံးအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့်တည်ငြိမ်အေးချမ်းရေးအတွက် အကြမ်းဖက်သမားများ၏ လှုပ်ရှားမှုသတင်းများကိုရရှိပါက နီးစပ်ရာလုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လျှို့ဝှက်စွာဆက်သွယ်သတင်းပေးပို့ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဒေသတည်ငြိမ်အေးချမ်းရေးအတွက် အကြမ်းဖက်မှုချေမှုန်းရေးစစ်ဆင်ရေးကို ပြည်သူလူထုနှင့် ပူးပေါင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# NUG ၊ PDF အကြမ်းဖက်သောင်းကျန်းသူများနှင့် အချို့သော EAO အဖွဲ့များမှ မြန်မာနိုင်ငံ၏လျှပ်စစ်စွမ်းအားကဏ္ဍဖွံ့ဖြိုးတိုးတက်မှုကို အဓိကထားတိုက်ခိုက်လျက်ရှိသည့်အခြေအနေများ၊ ရှမ်းပြည်နယ်အရှေ့မြောက်ပိုင်း၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် ထိတွေ့တိုက်ပွဲဖြစ်ပွားမှုအခြေအနေများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်

နိုင်ငံတစ်နိုင်ငံရဲ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့၊ လူနေမှုဘဝမြင့်မားစေဖို့နဲ့ လူမှုစီးပွားဘဝလုံခြုံတိုးတက်စေဖို့အတွက် အဓိကက လျှပ်စစ်စွမ်းအားကဏ္ဍဟာ အရေးကြီးပါတယ်။ NUG, PDF အကြမ်းဖက်သောင်းကျန်းသူများနဲ့ အချို့သော EAOs အဖွဲ့များဟာ မြန်မာနိုင်ငံရဲ့ လျှပ်စစ်စွမ်းအားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို နည်းလမ်းပေါင်းစုံနဲ့ အဓိကထားတိုက်ခိုက်နေတာကိုတွေ့ရပါတယ်။ ပြည်သူလူထုရဲ့ အသက်အိုးအိမ်စည်းစိမ်၊ ပြည်သူလူထုရဲ့လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေးအပြင် လျှပ်စစ်ကဏ္ဍကိုလည်း ဖျက်လိုဖျက်ဆီးလုပ်နေတာကိုတွေ့ရပါတယ်။ဒီလိုလုပ်ဆောင်တဲ့နေရာမှာ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်ကနေ ၂၀၂၄ ခုနှစ် နိုဝင်ဘာ ၁၆ ရက်ထိ လျှပ်စစ်ဓာတ်အားပေးလိုင်းများ၊တာဝါတိုင်များကို မိုင်းထောင်ဖောက်ခွဲတာတွေ၊လျှပ်စစ်ဓာတ်အားခွဲစက်ရုံတွေကို အဝေးကနေ ပစ်ခတ်တာတွေ၊ Drop Bomb ချပြီး တိုက်ခိုက်တာတွေ ဆောင်ရွက်ခဲ့ကြောင်းတွေ့ရပါတယ်။ဒီလိုဆောင်ရွက်တဲ့နေရာမှာ လျှပ်စစ်ဓာတ်အားပေးတာဝါတိုင် ၈၁ ခုပျက်စီးခဲ့ကြောင်းတွေ့ရပါတယ်။မိုင်းထောင်ဖောက်ခွဲဖျက်ဆီးတာအဓိကဖြစ်ပါတယ်။ အဓိကအားဖြင့် ကယားပြည်နယ်အတွင်းမှာဖြစ်ခဲ့တာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ လျှပ်စစ်စွမ်းအားကဏ္ဍသည် တစ်နိုင်ငံလုံးလိုအပ်တဲ့အတိုင်းအတာထိပေးနိုင်တဲ့ လုံလောက်မှုမရှိသေးပါဘူး။မလုံလောက်တဲ့ကြားကနေ နိုင်ငံတော်အစိုးရအနေနဲ့ အစိုးရအဆက်ဆက်အနေနဲ့ လျှပ်စစ်စွမ်းအားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို နည်းလမ်းပေါင်းစုံနဲ့ ဆောင်ရွက်နေတာဖြစ်ပါတယ်။



ဗိုလ်ချုပ်ဇော်မင်းထွန်း
(သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင်)
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ဒီလို နည်းလမ်းပေါင်းစုံနဲ့ ဆောင်ရွက်နေတဲ့ကြားက ဒီအဖျက်လုပ်ငန်းများကြောင့် လျှပ်စစ်ဓာတ်အားပေးလိုင်းများပျက်စီးရခြင်း၊ လျှပ်စစ်ဓာတ်အားခွဲစက်ရုံများပျက်စီးရခြင်းကြောင့် နိုင်ငံရဲ့လူမှုစီးပွားဘဝသည် တိုးတက်သင့်သလောက်မတိုးတက်ဘဲနဲ့ နှောင့်နှေးနေတာကိုတွေ့ရမှာဖြစ်ပါတယ်။ အကြမ်းဖက်သောင်းကျန်းသူတွေအနေနဲ့ ပြည်သူလူထုလိုလားတဲ့ ဒီမိုကရေစီအရေးဆိုတာကိုဖန်းပြပြီး တစ်နိုင်ငံလုံးအလုံးစုံပျက်သုဉ်းရေးကို ဦးတည်ဆောင်ရွက်နေတာဖြစ်ပါတယ်။ ဒါကို ပြည်သူလူထုတစ်ရပ်လုံးက သိရှိပြီး ဝိုင်းဝန်းဆန့်ကျင်ဆောင်ရွက်ရမှာဖြစ်ကြောင်း ပြောလိုပါတယ်။ ဒီနေ့ထိတွေ့တိုက်ပွဲများအခြေအနေကတော့ ရှမ်းပြည်နယ်အရှေ့မြောက်ဘက်မှာတော့ မူဆယ်(၁၀၅)မိုင်နားမှာ ထိတွေ့မှုများဖြစ်ပွားခဲ့တာရှိပါတယ်။ လောက်ကိုင်မြို့ကို ရှော့တိုက်ဒုံးနဲ့ မြို့ထဲကို လေးလုံးလာပစ်ခဲ့ပါတယ်။ကုန်းကြမ်းဘက်မှာလည်း ထိတွေ့တိုက်ပွဲဖြစ်ပွားနေတာရှိပါတယ်။ ရခိုင်ပြည်နယ်ဘက်မှာတော့ AAအနေနဲ့ပုဏ္ဏားကျွန်းမြို့နယ်က ပြည်သူလူထုကိုစာထုတ်ပြီးတော့ မြို့ကနေအမြန်ဆုံးထွက်ဖို့ဆိုပြီး ခြိမ်းခြောက်လာတာတွေ့ရပါတယ်။ ယခင်တုန်းကလည်း အလားတူပါပဲ။ပေါက်တောမှာ ခြိမ်းခြောက်ပြီးတော့ မြို့နေလူထုကို အပြင်ထွက်ခိုင်းတာ၊ မြို့ထဲမှာမနေခိုင်းတာမျိုးလုပ်ခဲ့ပါတယ်။ ပြီးရင် ဝါဒဖြန့်ချိမှုအနေနဲ့ ကယ်ထုတ်တယ်ဆိုတဲ့ဟာမျိုးအကြောင်းပြခဲ့တာဖြစ်ပါတယ်။ အခုလည်း ပုဏ္ဏားကျွန်းမှာ ဆက်လုပ်နေကြောင်းတွေ့ရပါတယ်။ အေးချမ်းစွာနေထိုင်လိုတဲ့ ရခိုင်ပြည်သူလူထုအနေနဲ့ AAနဲ့ပတ်သက်လာပြီး ဒီလိုနှင်ထုတ်တာတွေနဲ့ပတ်သက်လာပြီး ဆန့်ကျင်နေကြကြောင်းတွေ့ရပါတယ်။ စစ်ကိုင်းတိုင်းဘက်မှာတော့ ထီးလင်းမှာထိတွေ့တိုက်ပွဲရှိခဲ့ပါတယ်။ KIA, PDF အကြမ်းဖက်သောင်းကျန်းသူများအနေနဲ့ အဲ့ဒီထိတွေ့တိုက်ပွဲမှာ အကျအဆုံးများစွာနဲ့ ပြန်လည်ဆုတ်ခွာသွားကြောင်းသိရပါတယ်။ကျွန်တော်တို့အနေနဲ့ မြန်မာနိုင်ငံအစိုးရ၊တပ်မတော်အနေနဲ့ မြန်မာနိုင်ငံတစ်ဝန်းလုံးပြန်လည်ပြီး အမြန်ဆုံးအေးချမ်းလာဖို့၊တည်ငြိမ်လာဖို့အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်းပြောလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင်ပြည်သူများက ဒံပေါက်ထမင်းဘူးများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်း




စေတနာရှင်အလှူရှင်ပြည်သူများက လှူဒါန်းသည့် ဒံပေါက်ထမင်းဘူးများနှင့် စားသောက်ဖွယ်ရာများ လုံခြုံရေးတပ်ဖွဲ့ဝင်များလက်ဝယ်ရောက်ရှိစဉ်။

**နေပြည်တော် နိုဝင်ဘာ ၂၆**

နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင်ပြည်သူများက အလှူငွေများ ပေးအပ်လှူဒါန်းလျက်ရှိသည့်အပြင် စားသောက်ဖွယ်ရာများကိုလည်း ပေးပို့လှူဒါန်းလျက်ရှိသည်။

ယနေ့တွင်လည်း စေတနာရှင်အလှူရှင်ပြည်သူများက အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များထမ်းဆောင်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဒံပေါက်ထမင်းဘူးများကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူပြီး လားရှိုးမြို့မှတစ်ဆင့် တပ်မတော်မော်တော်ယာဉ်များ၊ ရဟတ်ယာဉ်များဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက်လိုက်လံပို့ဆောင်ပေးကြသည်။

စေတနာရှင်ပြည်သူများ လှူဒါန်းသည့် ဒံပေါက်ထမင်းဘူးများနှင့်အတူ ရဟန်းသံဃာများနှင့် ပြည်သူများက ရေးသားပေးပို့သည့် "တပ်မတော်သားများ ကျန်းမာပါစေကြောင်း၊ ဘေးအန္တရာယ်ကင်းရှင်းပါစေကြောင်းနှင့် တိုက်ပွဲတိုင်းအောင်မြင်ပါစေကြောင်း" စသည့် ဆုတောင်းမေတ္တာစာလွှာများပါရှိကြောင်း သတင်းရရှိသည်။



စေတနာရှင်အလှူရှင်ပြည်သူများကလှူဒါန်းသည့် ဒံပေါက်ထမင်းဘူးများနှင့်အတူ ရဟန်းသံဃာများနှင့် ပြည်သူများကရေးသားပေးပို့သည့် မေတ္တာစာလွှာများကို တွေ့ရစဉ်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် နိုဝင်ဘာ ၂၆**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂ (က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့်တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း နိုဝင်ဘာ ၂၆ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "LAMIN Myat" Facebookအကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အမှတ်(၉၄)ရပ်ကွက်နေ လုကြာကို နံနက် ၄ နာရီ ၅ မိနစ်တွင် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့်ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ယင်းတို့နှင့်ဆက်နွယ်နေသောအဖွဲ့အစည်းများ၊လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

➤ ➤ ➤




# မှန်ကန်သော အပေးအယူ

ဈာန်လေး(ပညာရေး)

(၁)

"အောင်ရင် မင်း ပြန်လာတာ ဘယ်အချိန်ရှိပြီလဲ"

ပက်လက်ကုလားထိုင်ပေါ်တွင် ဇိမ်ကျကျထိုင်နေရင်း သားဖြစ်သူကို ဦးရင်မောင်တစ်ယောက် မသိချင်ယောင်ဆောင်၍ မေးလိုက်သည်။ နာရီက သူ၏ခေါင်းပေါ်တွင် တည့်တည့်ရှိသည်။ ညည့်နက်သန်းခေါင်မှ ဂိမ်းဆော့၍ ပြန်လာတတ်သော အောင်ရင်သည်လည်း သည်အချိန်မှပြန်လာခြင်းသည် မထူးဆန်းတော့ပေ။ အဖေဖြစ်သူ ဘာကြောင့် သည်နေ့မှ အထူးအဆန်းမေးနေသည်က အောင်ရင်အဖို့ ပို၍ထူးဆန်းနေပေသည်။ ခါတိုင်းဆို မူး၍ အိပ်ရာထဲတွင်မြင်နေရသောအချိန် ယခုအခါ ထင်သလိုမဟုတ်ဖြစ်နေသည်။ သည်လိုနှင့် တုန်ယင်နေသောအသံဖြင့် အောင်ရင်တစ်ယောက် အလိုက်သင့်ပြန်ပြောလိုက်သည်။

"ဟုတ်ကဲ့ ၁၀ နာရီခွဲပါပြီ ဖေဖေ"ဟု လေးတွဲနေသောလေသံဖြင့် အောင်ရင်တစ်ယောက် ပြန်ဖြေလိုက်သည်။ ထိုအချိန်သည် လူကောင်းတစ်ယောက် အိမ်ပြန်လာရသောအချိန်မဟုတ်မှန်း အောင်ရင်တစ်ယောက်သိသော်လည်း ဂိမ်းရူးရူးနေသော အောင်ရင်သည် ဆေးစွဲနေသောလူတစ်ယောက်ပမာ။

"အမယ်လေး တော်က သားကို အချိန်တွေဘာတွေ မေးနေရအောင် တော့်လို အမူးသမားရဲ့ပါးစပ်က နတ်စကားတွေ ထွက်နေသေးတယ် အံ့ပါရဲ့"

မိခင်ဖြစ်သူ ဒေါ်ကလျာသည် ဦးရင်မောင်၏ လေသံကို ကြိုက်ဟန်မပေါ် သားဖြစ်သူကိုလည်းမနိုင်။ ထို့ကြောင့် နှစ်ဦးနှစ်ဖက် အဆင်ပြေစေရန် ဝင်ပြောခြင်းဖြစ်သည်။ ဒေါ်ကလျာသည် အထက်တန်းပြဆရာမတစ်ဦးဖြစ်၍ တစ်နေကုန်ကျောင်းတွင် စာသင်ပြီး အိမ်ပြန်ရောက်ချိန်တွင်လည်း မမောနိုင်မပန်းနိုင်၍ အိမ်အတွက် အပိုဝင်ငွေလေးများကို တစ်ဖက်တစ်လမ်းက ရှာဖွေရသေးသည်။ သားဖြစ်သူက သည်ကြားထဲ အလိုက်မသိ ကျောင်းဆက်မတက်ချင်တော့ဘဲ အပေါင်းအသင်းများနှင့် အပြင်မှာပင် ပျော်ပါးနေချင်သည်။ ယောကျ်ားဖြစ်သူကတော့ ကားလေး အော်ဒါမောင်းလိုက်၊ အရက်ကလေးတမြမြနှင့် ဇိမ်ကျနေ၍ အော်ဒါမရသည့်ရက်က များလေတော့ အရက်၏ ကျေးကျွန်လုံးလုံးဖြစ်လို့။

(၂)

ဒေါ်ကလျာ ဝင်ပြောလိုက်သောစကားကြောင့် ဦးရင်မောင်လည်း ငြိမ်သွားကာ ဘာစကားမျှမဟတော့ဘဲ သူ၏အိပ်ခန်းထဲသို့ ထသွားလေတော့သည်။

"သား. . . အောင်ရင် အမေ့ဆီလာအုံး"

"ဟုတ်ကဲ့ မေမေ"

ဒေါ်ကလျာ၏ခေါ်သံကြောင့် အောင်ရင်သည် မရဲတရဲလေးဖြင့် အနားသို့ကပ်သွားခဲ့သည်။

"သားပြန်လာတာ တော်တော်လေးကို အချိန်မရှိတော့ဘူးနော် သား။ နောက်ဆို စောစောပြန်လာပါသားရယ်။ ငါ့သားလေးတစ်ခုခုဖြစ်ရင် အမေရင်ကျိုးရချေရဲ့"

ဒေါ်ကလျာသည် သားလေးတစ်ယောက်တည်းရှိသောကြောင့် အစစအရာရာအကုန်လုံးကို အလိုလိုက်ထားပေသည်။ ထို့ကြောင့်လည်း ထိန်းမနိုင်သိမ်းမနိုင်ဖြစ်၍ ကိုယ့်ကိုယ်ကိုယ်လည်း စိတ်ပျက်နေမိသည်။ သားလေးတစ်ယောက်ကို ပညာတတ်ဘွဲ့ရတစ်ယောက်ဖြစ်စေချင်သည်မှာ ဒေါ်ကလျာ၏ဆန္ဒပင်။ ခက်နေသည်က သူ၏သားကိုယ်တိုင်က မကြိုးစားလေတော့ ခဲလေသမျှ သဲထဲရေသွန်ဖြစ်နေခဲ့သည်။ ပါးနပ်လှသော ဒေါ်ကလျာသည် သားကိုတော့ မျက်ခြည်မပြတ်စောင့်ကြည့်၍ အရာရာကို သွန်သင်ဆုံးမလေ့ရှိသည်။

"ဟုတ်ကဲ့ပါ မေမေ"ဟုပြောကာ အောင်ရင်သည် အိပ်ခန်းထဲသို့ ဝင်သွားတော့သည်။

"ဟုတ်ကဲ့ပါ မေမေ"ဟူသော စကားမှတစ်ပါး အောင်ရင် ပြောစရာစကားမရှိ။ လတ်တလော ဒေါ်ကလျာ စိတ်ကျေနပ်မှုရှိစေရန်အတွက် အောင်ရင်၏ လက်သုံးစကားပင်ဖြစ်သည်။ ထိုစကားဖြင့်ပင် မိခင်ဖြစ်သူ ကျေနပ်လာခဲ့ရခြင်းမှာ အောင်ရင်၏ နိုင်ကွက်ပင်ဖြစ်ပေသည်။ ဘယ်အချိန်မှ အမြင်မှန်ရ၍ အသိတရားနှင့် ဘဝကိုအကျိုးရှိရှိအသုံးချမည်မသိ။ ထိုနေ့ရက်ကို ဒေါ်ကလျာတစ်ယောက်မျှော်လင့်နေမိသည်မှာ ကြာလှလေပြီ။

(၃)

"သားရေ ထထ မျက်နှာသစ် သွားတိုက်တော့၊ ဒီနေ့ ကျောင်းပိတ်ရက်ဆိုတော့ မေမေနဲ့အတူ ဘုန်းကြီးကျောင်းကို လိုက်ခဲ့ရမယ်"

ဘုန်းကြီးကျောင်းဟုပြောလိုက်လျှင် အောင်ရင်တစ်ယောက် စိတ်ညစ်သွားပုံပေါ်သည်။ ဘုန်းကြီးကျောင်းနှင့် တည့်ဟန်မပေါ်။

"မေမေကလဲ သားမလိုက်လို့ မရဘူးလား။ ဒီနေ့ သားသူငယ်ချင်းတွေနဲ့ အပြင်သွားဖို့ချိန်းထားလို့ပါ"

"မရဘူးသား။ ဒီနေ့ မေမေနဲ့အတူ ဘုန်းကြီးကျောင်းကို သား လိုက်ကိုလိုက်ရမယ် ဒါပဲ"

ဘုန်းကြီးကျောင်းသို့ရောက်သော် ဆရာတော်က မောင်အောင်ရင်ကို နားချလိုက်ပြန်သည်။ ဆရာတော်သည် မောင်အောင်ရင်၏ ဦးလေးတော်စပ်သေးသည်။ အောင်ရင်၏ မကြိုက်သောအချက်အလက်များကို ဒေါ်ကလျာက သူ၏မောင်ဖြစ်သူ ဆရာတော်ဦးဇောတိကဆီကို ကြိုတင်၍လျှောက်ထားကာ သားဖြစ်သူကို နည်းမှန်လမ်းမှန်ရအောင် ကူညီ၍ဆုံးမခိုင်းလေသည်။

"ကဲ ကဲ ရောက်တုန်းလေး တရားနာ၊ သီလယူပြီးမှ အိမ်ပြန်ကြပေါ့ကွယ်"

ထိုအခါ အောင်ရင်သည် ပို၍စိတ်ဖိစီးသွားလေသည်။ သို့သော် မိခင်ဖြစ်သူနှင့်ဆရာတော်ကိုလည်း မလွန်ဆန်ရဲပေ။ မည်သို့ပင်ဖြစ်စေကာမူ ဒီနေ့အတွက် အောင်ရင်အဖို့ ပြဿဒါးနေ့ပင်ဖြစ်သည်ဟု တွေးနေမိရင်း ခေါင်းကိုသာ ကုတ်ခြစ်လိုက်ပါတော့သည်။ ညနေစောင်းတော့ သားအမိနှစ်ယောက်အိမ်သို့ ပြန်လာခဲ့ကြတော့သည်။ ဒေါ်ကလျာတော့ သည်နေ့သည် သူ့အတွက် ရက်ရာဇာပင်ဖြစ်သည်။ သည်လိုနှင့် ကျောင်းပိတ်ရက်တိုင်း ဘုန်းကြီးကျောင်းသို့ ခဏခဏ သားအမိနှစ်ယောက် သွားဖြစ်လေသည်။ အောင်ရင်တစ်ယောက်၏အချိုးသည် နည်းနည်းလေးမျှ မပြောင်းလဲခဲ့ပေ။ ထိုအခါ ဆရာတော်က ဒေါ်ကလျာကို နည်းလမ်းတစ်ခုပေးလိုက်လေသည်။ အကြောင်းရင်းကတော့ သားအဖနှစ်ယောက်စလုံးကို အပေးအယူပြုလုပ်ခိုင်းလိုက်လေသည်။ ဒေါ်ကလျာ ချက်ချင်းနားမလည်ပေ။ အရက်ကြိုက်သောယောကျ်ားကို အရက်ဖြတ်မည်ဟု သားဖြစ်သူကို ကတိပေးစေပြီး သားဖြစ်သူကလည်း ဂိမ်းမဆော့တော့ပါဘူးဆိုသည့် ကတိကိုပေးခိုင်းလိုက်ဟု ပြောလိုက်လေသည်။ ထိုအကြံကို ဒေါ်ကလျာမစဉ်းစားမိခဲ့ပေ။ အတွေးများဝေ၍ သဘောကျဟန်ပေါ်သည့် ပြုံးနေမိတော့သည်။

(၄)

ထိုအကြံသည် အပြောလွယ်သလောက် လက်တွေ့သည် အလွန်ကို ခက်ခဲနေလိမ့်မည်ဟု ဒေါ်ကလျာ တစ်ဖန်တွေးနေမိသည်။ ညနေဆို အရက်တမြမြနှင့် ပြန်လာတတ်သော ဦးရင်မောင်ကို စိတ်ကုန်၍ သူလွှတ်ထားခဲ့သည်မှာကြာလှပြီ။ ယခုတော့ ဆရာတော်၏ အကြံဉာဏ်ဖြင့် အလုပ်ဖြစ်တော့မည်ကိုတွေး၍ စိတ်ကူးထဲတွင် ပျော်ရွှင်နေမိသည်။ ထိုနည်းလမ်းသည် ဒေါ်ကလျာအဖို့ "တစ်ချက်ခုတ် နှစ်ချက်ပြတ်" ပင်ဖြစ်သည်။

မရခင်ကဆိုလျှင် ကလျာရေ ကလျာရေနှင့်ပင် နှုတ်မှတဖွဖွခေါ်၍ လိုအင်ဆန္ဒများကို များစွာဖြည့်ဆည်းခဲ့ပေသည်။ ဦးရင်မောင်နှင့် ဒေါ်ကလျာတို့သည် ငယ်ချစ်များဖြစ်ကြသောကြောင့် သူတို့နှစ်ဦး၏ အိမ်ထောင်ရေးသည် ခိုင်မြဲသည်ဟု ဆိုရပေမည်။

အိမ်ထောင်ကျခါစကဆို ဒေါ်ကလျာ စာသင်၍ ပြန်လာပါက သံပရာရည်အသင့်ဖျော်တိုက်လေ့ရှိသည်။ မီးဖိုချောင်အလုပ်ဆိုလျှင် ဒေါ်ကလျာတစ်ယောက် ပြန်၍ လှည့်မကြည့်ရပေ။ အဝတ်အစား လျှော်ဖွပ်သည်မှအစ လိမ်းရန်သနပ်ခါးကိုပင် အဆင်သင့် လုပ်ပေးလျက်ရှိသည်။

သားလေး မောင်အောင်ရင် မွေးလာပြီးမှ အချိုးများ ပြောင်းလာခဲ့ခြင်းဖြစ်သည်။ အကြောင်းရင်းမှာ အဖြူအမည်း ကွဲနေသောကြောင့်ဖြစ်သည်။ သားလေးသည် အသားဖြူဖွေး၍ ဦးရင်မောင်သည် အသားမည်းနေခြင်းကြောင့်ဖြစ်သည်။ ကလေးသည် သူနှင့်ဘာကြောင့် မတူရတာလဲဟု ခဏခဏပြော၍ ရန်လုပ်တတ်သောအကျင့် ရှိလာခဲ့သည်။ သဝန်တိုသည်ဟု ပြောရမလား၊ မယုံကြည်သည်ဟု ပြောရမလား။ ဒေါ်ကလျာတစ်ယောက် ဝေခွဲ၍မရခဲ့သည်မှာ ယခု အောင်ရင်အသက် ၁၅ နှစ်အချိန်ထိပင်ဖြစ်သည်။ ထိုအကြောင်းများကို ပြန်လည်စဉ်းစားမိတိုင်း ဘယ်လိုအားအင်များနှင့် ဘယ်လိုပြောရမလဲဆိုသည်ကို အခက်တွေ့နေမိတော့သည်။ ကိုယ်က စကားကောင်းကောင်းပြောလျှင် သူက ပြန်ပြောပါ့မလားဟူသော အတွေးတစ်စုသည် တဝဲလည်လည်နှင့်ဖြစ်နေခဲ့သည်။

"မေမေ သားကို ဘာလို့ခေါ်တာလဲ။ ဒီနေ့ ကျောင်းပိတ်ရက်တော့ မဟုတ်ပါဘူးနော်"

သည်ကြားထဲ ဘုန်းကြီးကျောင်းသွားရမည်ကို ကြောက်နေသည့် အောင်ရင်တစ်ယောက်ကိုလည်း စိတ်ပျက်မိတာအမှန်။

"မဟုတ်ပါဘူးသားရယ်၊ ခဏလေး သားအဖေ မနက်စာစားနေတုန်းမို့ ပြီးရင်ပြောပြမယ်"

နံနက်စောစော ပြောမည်ဟုဆုံးဖြတ်ထားသော စကားဖြစ်ပေသည်။ ညရောက်သွားလျှင် အမူးနှင့်စကားပြောရမည်ဖြစ်သောကြောင့် စကားသည်အရာမထင်၍ အကောင်အထည်မပေါ်မည်ကို စိုးရိမ်မိသောကြောင့် ဖြစ်သည်။ အောင်ရင်ကတော့ မိခင်၏အမူအရာကို ကြည့်၍ နားလည်ဟန်မပေါ်။ သိချင်စိတ်က ပြင်းပြနေမိတော့သည်။ ဦးရင်မောင်တစ်ယောက်သည် ထိုအဖြစ်အပျက်ကို သိဟန်ပေါ်သည်။ ထို့ကြောင့် စားလက်စထမင်းကို သွက်သွက်လက်လက် စားလိုက်သည်။

ထို့နောက် ဧည့်ခန်းထဲတွင်ထိုင်နေသော သားအမိနှစ်ယောက်ဆီသို့ ခြေလှမ်းကျယ်ကျယ်လေး လျှောက်သွားလေသည်။ ပြီးနောက် အသာလေးထိုင်ကာ သုံးပွင့်ဆိုင်မျက်နှာချင်းဆိုင်လိုက်ကြသည်။ တစ်ယောက်နှင့်တစ်ယောက် သူစိမ်းတွေအလား။

(၅)

"ကဲ. . . " အားလုံးပြိုင်တူ တစ်သံတည်းထွက်ကျလာသည်။ ပြီးနောက် တစ်ယောက်နှင့်တစ်ယောက် ပြုံးစိစိနှင့်။

"ကဲ အမေကခေါ်တာဆိုတော့ အမေကပဲ စပြောလိုက်ပါ"ဟု အောင်ရင်က အလိုက်သိသိနှင့် စကားလမ်းခင်းပေးလိုက်သည်။

"ဟုတ်ပါပြီ။ မေမေက စပြောဆိုတော့ ပြောရမှာပေါ့"

သားအဖနှစ်ယောက်စလုံးက ပြိုင်တူခေါင်းညိတ်လိုက်ကြသည်။

"ကဲ. . . ကိုရင်မောင် ရှင်က ရှင့်သားကို တကယ်မချစ်ဘူးပေါ့"ဟု ဦးစွာ စကားပလ္လင်ခံလိုက်သည်။ ဦးရင်မောင် တစ်ချက်ငြိမ်သက်သွားသည်။ ပြီးတော့မှ-

"ဟ ငါ့သားပဲ ငါကဘာလို့မချစ်ရမှာလဲ"

စာမျက်နှာ ၂၅ သို့ ➤

# ဝန်းသိုမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၉၀၀၅ ဧက စိုက်ပျိုးပြီးစီး


ယခင်နှစ်က နှမ်းစိုက်ခင်းကို တွေ့ရစဉ်။

**ဝန်းသို နိုဝင်ဘာ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင် ဝန်းသိုမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၉၀၀၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဝန်းသိုမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြ၍ သိရသည်။

ဝန်းသိုမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၉၀၀၃ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ နှမ်း ၉၀၀၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဝန်းသိုမြို့နယ်အတွင်း နှမ်း ၉၀၀၃ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ နှမ်း ၉၀၀၅ ဧကထိ စိုက်ပျိုးပြီးပါပြီ။ ဆက်လက်ပြီးလဲ စိုက်ပျိုးနေပါတယ်။ နှမ်းစိုက်ဧက တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAP နည်းစနစ်နဲ့ စိုက်ပျိုးဖို့အတွက်လဲ ဆောင်ရွက်ပေးနေပါတယ်"ဟု ဝန်းသိုမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြသည်။

ဝန်းသိုမြို့နယ်၌ ယခုနှစ် ဆောင်းနှမ်းစိုက်တောင်သူများကို နှမ်းစိုက်ပျိုးရာတွင် တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးသည့်နည်းစနစ်မှန်ကန်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက အသိပညာပေးလျက်ရှိကြောင်း သိရသည်။

GAP နည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့် သီးနှံများသည် အခြားစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးထုတ်လုပ်ထားသည့် သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များကိုပါ တင်ပို့ရောင်းချနိုင်ခြင်းစသည့်အကျိုးကျေးဇူးများကြောင့် GAP နည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့် တောင်သူများအနေဖြင့် အကျိုးစီးပွားပိုမိုဖြစ်ထွန်းကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

(၂၀၆)

# စလင်းမြို့နယ် တည်ဘိုကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**စလင်း နိုဝင်ဘာ ၂၆**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကြို့ဝန်းကြီးကျေးရွာအုပ်စု တည်ဘိုကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို နိုဝင်ဘာ ၂၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်နှင့် ဝန်ထမ်းများသည် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ တည်ဘိုကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းချေးငွေဖြင့် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေများ၊ လစဉ်ဖြည့်သွင်းရမည့် စာရင်းဇယားများ စနစ်တကျဖြည့်သွင်းထားမှုနှင့် စီမံကိန်းဆိုင်ရာ ညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများအပေါ် လိုက်နာဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ မှာကြားသည်။

တည်ဘိုကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ငွေကျပ်သိန်း ၃၀၀ ဖြင့် စတင်ဆောင်ရွက်ခဲ့ပြီး ယခု နဝမစက်ဝန်းတွင် အိမ်ထောင်စု ၂၆၂ စုကို ငွေကျပ် ၄၈ ဒသမ ၄ သန်း ထုတ်ချေးပေးထားပြီး မိသားစု စီးပွားရေးလုပ်ငန်းများ တစ်နိုင်တစ်ပိုင် ဆောင်ရွက်နိုင်ရေး၊ ကျေးလက်နှင့် မြို့ပြကွာဟမှု လျှော့ချနိုင်ရေးအတွက် လိုအပ်သော ငွေကြေးနှင့် ဝန်ဆောင်မှုများ ကူညီပံ့ပိုးပေးလျက်ရှိကြောင်း မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က ပြောပြ၍ သိရသည်။

**သန်းသန်းရိုး**



➤ စာမျက်နှာ ၂၄ မှအဆက်

ထိုစကားကိုကြား၍ ဒေါ်ကလျာ တော်တော်ပျော်သွားမိသည်။ လိုချင်သောစကားလုံးကို ဆွဲယူလို့ရပြီဟုတွေး၍ ပြုံးလိုက်သည်။

"ကောင်းပြီလေ"

"ဒီတစ်ခါဖြေရမှာက ငါ့သားအလှည့်ပဲ။ သားလဲဖြေစမ်းပါအုံး။ သားရဲ့ဖေဖေကို သားက တကယ်ချစ် မချစ်"

ကလေးဟူသည်ကား ဟန်ဆောင်ခြင်းမရှိ၍ ချက်ချင်းပြန်ဖြေခဲ့သည်။

"အမှန်အတိုင်းပြောရရင် သားလူမှန်းသိခါစကတည်းက ဖေဖေရဲ့ မေတ္တာတရားတွေကို မရခဲ့ပါဘူး။ ကြင်နာမှုဆိုတာလဲ ဘယ်ရှိမှန်းမသိခဲ့လို့ တစ်ခါတလေ ဖေဖေ့ကို ပထွေးလို့တောင် ထင်နေခဲ့မိတယ် မေမေ"

အောင်ရင်တစ်ယောက် ပြောရင်းဆိုရင်းနှင့် ပါးပြင်မှမျက်ရည်များသည် အလိုလိုစီးကျလာတော့သည်။

"ဒါပေမဲ့ ဖေဖေဟာ ဖေဖေပါပဲ မေမေ။ သားဖေဖေ့ကို သိပ်ချစ်ပါတယ်"

"ကောင်းပြီလေ အခုချိန်ကစပြီး အပေးအယူတစ်ခုလုပ်ကြမယ်"

"ဘာ. . ."

"ဗျာ. . ."

"အပေးအယူ"

သားအဖနှစ်ယောက်စလုံး သံပြိုင်ထွက်ဆိုခြင်းဖြင့် အံ့သြကြလေသည်။ ဒေါ်ကလျာပြောချင်သောအပေးအယူကို သားအဖနှစ်ယောက်စလုံးသိပြီးနောက်တွင် လက်ခံမည်လား၊ လက်မခံမည်လားတွေးနေရင်း စိတ်ပူနေမိသည်။

(၆)

နောက်တစ်နေ့ရောက်သောအခါ-

ဒေါ်ကလျာကျောင်းမှအပြန် အိမ်ပြန်ရောက်ချိန်တွင် သူ၏မျက်လုံးကို သူ မယုံနိုင်လောက်အောင် ဖြစ်နေမိသည်။ ညနေခင်းစားပွဲပေါ်တွင် သံပရာရည်တစ်ခွက်။

အိပ်ခန်းဘက်သို့ လျှောက်သွားလိုက်သော် သားဖြစ်သူ၏ စာဖတ်ခန်းမှ စာကျက်သံကို ကြားလိုက်ရသော် သူ၏နားကိုပင် သူ မယုံကြည်နိုင်လောက်အောင် ဖြစ်သွားခဲ့ရပါတော့သည်။

ထိုအခါ သူသည် အတိုင်းအဆမရှိ ပြုံးပျော်ကြည်နူးမဆုံးဖြစ်နေပါတော့သည်။ သူ၏အတွေးထဲတွင် အပေးအယူကိစ္စ အောင်မြင်သွားပါသောကြောင့် စိတ်ထဲတွင်လည်း ဆရာတော်ကို ရင်ထဲမှ လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်နေမိပါတော့သည်။

## တို့ပြေ တို့မြေ တို့ဘိုးဘွားမွေ ကာကွယ်ကြမသွေ

\- ဟိုးရှေ့မြောက် တစ်ကြောက
အကြံဆိုးနဲ့ လှုပ်ရှားတယ်၊
တို့နိုင်ငံ အဖျက်ဘေး
ရင်လေးစဖွယ်၊
ဖျက်သူက ဖျက်ကြတယ်
ပြည့်ရေးကွယ် ဝင်ကာနှောင့်၊
ရှေးကလည်း သည်လိုခက်တယ်
ဖျက်ရန်ဆူးငြောင့်။

\- တိုင်းပြည်ရယ် အေးကာချမ်း
လန်းဆန်းမှု မလိုလားတယ်၊
အခြားသူ သွေးတွေထိုး
ဖျက်ရိုးကလွယ်၊
ယုံကြည်ချက် မရှိတယ်
အမြင်ရယ် ဘယ်မရှိ၊
ဆန်ကောလောက် ဇောက်မနက်တယ်
ရက်စက်ကြဘိ။

\- ကိုယ့်နိုင်ငံ ကိုယ့်လူမျိုး
အရောင်ဆိုး ဆေးခြယ်ကာ၊
အေးချမ်းစွာ လုပ်ကိုင်စား
ပြည်သားတွေမှာ၊
နစ်နာလို့ ဒဏ်ခံရှာ
တစ်နပ်စာ လုပ်စားကြ၊
သည်မောင်တွေ ဦးနှောက်လှုပ်က
ကျပ်မပြည့်ပ့ါ။

\- ဖျက်ရန်တွေ သည်ဘေးက
တားကြလို့ ဆီးကာကွယ်၊
ပြည်သူတွေ တစ်တပ်တစ်အားနဲ့
ဝိုင်းကာကူမယ်၊
ချစ်ကြလို့ မြတ်နိုးကြွယ်
တို့ပြည်ကို မထိနဲ့၊
ပြည့်ဖျက်ရန် တိုက်ချေမှုန်းမယ်
သက်ဆုံးပါကွဲ့။

\- ပြည့်ရေးကို အားမာန်တက်လို့
ရဲသွေးထက် ပြည့်ဇာနည်ရယ်၊
တို့မြန်ပြည် တို့အရေး
မနှေးကာကွယ်၊
အချုပ်ခြာနှင့် အာဏာရယ်
မထိနဲ့ကွယ် တို့ပြည်အား၊
တို့ပြည်ကို ကာကွယ်မရှိ့တဲ့
တို့တပ်မတော်သား။

\- တပ်မတော်သည် နိုင်ငံအား
မားမတ်လို့ ရပ်တည်မှန်၊
တို့တာဝန် အရေးသုံးပါး
ဦးထိပ်မှာပန်၊
ချစ်လွန်းပ့ါ တို့မြေမှန်
တစ်လက်မဖန် မကျူးနဲ့၊
ဘိုးဘွားမွေ လာမထိနဲ့
သိသွားမယ်ကွဲ့။ ။

**ပြေအေးသက်**

# မြိုင်မြိုင်ဆိုင်ဆိုင် လတန်ဆောင်တိုင်

**❖ တန်ဆောင်မုန်းလပြည့်နေ့ညတွင် ကောင်းကင်ယံ၌ မိုးတိမ်ကင်းစင်ပြီး ကြယ်တာရာများစုံညီစွာထွန်းလင်းတောက်ပလေ့ရှိသည်။ ရာသီဥတုသည် လွန်စွာသာယာလှပလျက်ရှိသည်။ ထိုသို့ မိုးလေကင်းလွတ်သောညချမ်းတွင် ဗုဒ္ဓအလောင်းတော်၏ဆံတော်ကိုဌာပနာပြီး တာဝတိံသာနတ်ပြည်တွင် တည်ထားသည့် စူဠာမဏိစေတီတော်ကို ရည်မှန်းကာ ဗုဒ္ဓါနုဿတိပွားများလျက် ဆီမီးများဖြင့်ပူဇော်ကန်တော့ကြခြင်းဖြစ်သည်။ ထို့ပြင် မြတ်ဗုဒ္ဓကိုရည်မှန်းကာ မီးပုံးပျံပွဲများ၊ မီးရှူးမီးပန်းပစ်ဖောက်ခြင်းတို့ကိုလည်း ဆောင်ရွက်ကြသည်။ သာဓကအနေဖြင့် တောင်ကြီးတန်ဆောင်တိုင်ပွဲတော်တွင် မြတ်ဗုဒ္ဓကိုရည်မှန်းကာ ညမီးကြီးမီးပုံးပျံများ လွှတ်တင်ပူဇော်ကြသည်။ ❖**

တန်ဆောင်မုန်းလသည် မိုးအကုန်ဆောင်းအကူးကြားကာလဖြစ်သည်။ ရာသီဥတုသည် ပုံမှန်အားဖြင့် သာသာယာယာရှိသည်။ ကောင်းကင်၌ မိုးတိမ်ကင်းစင်သဖြင့် ကျေးလက်တောရွာများတွင် ညအချိန်၌ ကြည်လင်တောက်ပသောလရောင်ကို အပြည့်အဝခံစားခွင့်ရရှိသလို အနည်းငယ်လည်းအေးစိမ့်လာပြီဖြစ်သည်။ နံနက်စောစောလမ်းလျှောက်သည့်အခါ စိမ်းစိုသော မြက်ခင်းပြင်ပေါ်တွင် ဖြူဖြူဖွေးဖွေး ဆီးနှင်းစက်ကလေးများကို မြင်တွေ့ရသည်မှာ ကြည်နူးဖွယ်ရာပင်ဖြစ်သည်။ လမ်းလျှောက်ရင်း သန့်ရှင်းလတ်ဆတ်သော ဆောင်းလေအေးအေးလေးကို ရှူရှိုက်ရသည့်အခါ ပိုမိုလန်းဆန်းတက်ကြွလာစေပါသည်။

တန်ဆောင်မုန်းလအကြောင်းကို "တန်ဆောင်မုန်းဗြိစ္ဆာ၊ ကြတ္တိကာ၊ ရောင်ဝါရှိန်လို့ဖြိုး။ ခဝဲပွင့်ချိန်၊ ခင်းကထိန်၊ ရွှေအိမ်ပိုင်လည်စိုး"ဟု ကင်းဝန်မင်းကြီးက သံပေါက်လင်္ကာဖြင့်ဖွဲ့ဆိုခဲ့သည်။ တန်ဆောင်မုန်းလကို ဗေဒင်အခေါ်အဝေါ်အရ ဗြိစ္ဆာရာသီဟုခေါ်သည်။ ရာသီရုပ်မှာကင်းမြီးကောက်ရုပ်ဖြစ်သည်။ ရာသီပန်းမှာ ခဝဲပန်းဖြစ်သည်။ အမှန်စင်စစ်မှာမူ တန်ဆောင်မုန်းလပြည့်နေ့သည် သာမညဖလအခါတော်နေ့ပင်ဖြစ်သည်။

**စေတနာသဒ္ဓါတရား ထက်သန်**

ပုံမှန်အားဖြင့် နှစ်စဉ် တန်ဆောင်မုန်းလရောက်ပြီဆိုလျှင် လူကြီး၊ လူငယ်၊ လူလတ် အရွယ်ပေါင်းစုံသည် အလှူအတန်းများ၊ ပွဲတော်များအတွက် မမောမပန်းအလုပ်ရှုပ်နေကြသည်။ အားလုံး၏တူညီသော စိတ်စေတနာသည် ကောင်းမှုကုသိုလ်ပြုလုပ်ရန်ဖြစ်သည်မှာ ချစ်စရာမြန်မာ့ဓလေ့ပင်ဖြစ်သည်။ မြန်မာတို့သည် မလှူရလျှင် မနေနိုင်သောသူများဖြစ်ကြသည်။ အလှူရေစက်လက်နှင့်မကွာသည်မှာ ဗုဒ္ဓဘာသာမြန်မာများသာဖြစ်ကြသည်။ ထို့ကြောင့် အလှူအတန်းပြုလုပ်ရာ၌ ကမ္ဘာတွင် မြန်မာနိုင်ငံသည် ပထမပင်ဖြစ်သည်။

စင်စစ်အားဖြင့် ကမ္ဘာပေါ်တွင် ပြက္ခဒိန်တစ်နှစ်လုံးလအလိုက် အလှူအတန်းပြုလုပ်သည့်ပွဲတော်များကျင်းပလျက်ရှိသည့် နိုင်ငံကိုပြရမည်ဆိုလျှင် မြန်မာနိုင်ငံသာရှိမည်ဟုထင်ပါသည်။ အကြောင်းမူကား မြန်မာတို့သည် လအလိုက်ရာသီပွဲတော်များကျင်းပပြီး အလှူအတန်းပြုလုပ်ကြသည့် ရိုးရာဓလေ့ထုံးတမ်းစဉ်လာများကို သားစဉ်မြေးဆက် လက်ဆင့်ကမ်းထိန်းသိမ်းထားကြသောကြောင့်သာဖြစ်သည်။ ထိုသို့ပွဲတော်များကျင်းပခြင်းသည် အပျော်အပါးသက်သက်အတွက် ငွေကြေးသုံးစွဲနေခြင်းမျိုးမဟုတ်ပေ။ လူမျိုးတစ်မျိုး၏ ယဉ်ကျေးမှုဓလေ့စရိုက်ကို တစ်ဖက်တစ်လမ်းက ထိန်းသိမ်းထားသလို အခြားတစ်ဖက်တွင်လည်း လုပ်ငန်းခွင်၌ ပင်ပန်းနေကြသည့် ပြည်သူများကို စိတ်ထွက်ပေါက်ပေးထားခြင်းပင်ဖြစ်သည်။

မြန်မာနိုင်ငံတွင် တန်ဆောင်မုန်းလရောက်ပြီဆိုလျှင် ပွဲတော်များစွာကျင်းပလေ့ရှိကြသည်။ အထူးသဖြင့် ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ၊ မသိုးသင်္ကန်းရက်လုပ်လှူဒါန်းပွဲ၊ ဆီမီးထွန်းပွဲတော်၊ မီးပုံးပျံပွဲတော်၊ နိဗ္ဗာန်ဈေးပွဲတော်၊ ကျီးမနိုးပွဲတော်၊ မဲဇလီဖူးသုပ် ဝေငှသောပွဲတော်၊ ပုံသကူပွဲတော်များကို ကျင်းပလေ့ရှိကြသည်။ ထိုပွဲတော်များစွာအပြင် တန်ဆောင်မုန်းလပြည့်နေ့သည် သာမညဖလအခါတော်နေ့လည်းဖြစ်သည်။ ထိုပွဲတော်အားလုံးကို လွှမ်းခြုံကြည့်မည်ဆိုလျှင် အလှူအတန်းနှင့် ဆက်စပ်လျက်ရှိသည်။ အမှန်စင်စစ်မှာမူ မြန်မာတို့၏ စေတနာသဒ္ဓါတရားထက်သန်ရက်ရောမှုကို ဖော်ညွှန်းနေခြင်းဖြစ်သည်။

**သာမညဖလအခါတော်နေ့**

တန်ဆောင်မုန်းလပြည့်နေ့သည် သာမညဖလအခါတော်နေ့ဖြစ်သည်။ သာမညသည် သာမဏော၊ ရသေ့၊ ရဟန်းပြုလုပ်ခြင်းအဖြစ်ဟု အနက်အဓိပ္ပာယ်ရသည်။ ဖလသည် အကျိုးကျေးဇူးပင်ဖြစ်သည်။ ဆိုလိုသည်မှာ သာမညဖလသည် ရသေ့ရဟန်းပြုလုပ်ရခြင်း၏ အကျိုးကျေးဇူးဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုပါသည်။ သုံးလောကထွတ်ထား ဗုဒ္ဓမြတ်စွာဘုရားရှင်သည် တန်ဆောင်မုန်းလပြည့်ညတွင် အဇာတသတ်မင်းကြီးကို သာမညဖလသုတ္တန်ဒေသနာတော် (ရဟန်းပြုခြင်းအကျိုး)ကိုဟောကြားတော်မူခဲ့သည်။ အဇာတသတ်မင်းသည် ထိုသုတ္တန်ဒေသနာတော်ကို နာကြားရပြီးနောက် ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်သည့် ဥပါသကာအဖြစ်သို့ရောက်ရှိခဲ့သည်။ ထိုအခါ ဖခင် ဘုရင်ဗိမ္ဗိသာရမင်းကြီးအပေါ် ကျူးလွန်ခဲ့သည့်ပြစ်မှုများကြောင့် အိပ်မပျော် စားမဝင်ဖြစ်နေသော အဇာတသတ်မင်းသား၏ ရောဂါဝေဒနာများချုပ်ငြိမ်းသွားခြင်း၊ မြတ်စွာဘုရားရှင်၏ သာသနာတော်ကို အသက်ပေး ကြည်ညိုသူဖြစ်လာခြင်း၊ မဟာအဝီစိငရဲသို့မရောက်တော့ဘဲ လောဟကုမ္ဘီငရဲ၌သာ ကျရောက်ခြင်း၊ နောင်အခါ ဝိဇိတာဝီအမည်ဖြင့် ပစ္စေကဗုဒ္ဓါဖြစ်ပြီး နိဗ္ဗာန်ကိုမျက်မှောက်ပြုရမည့်ပုဂ္ဂိုလ်ဖြစ်ခြင်းစသည့် အကျိုးတရားများခံစားရသည်ကို အကြောင်းပြု၍ တန်ဆောင်မုန်းလပြည့်နေ့ကို သာမညဖလအခါတော်နေ့အဖြစ်သတ်မှတ်ကျင်းပလာခြင်းဖြစ်သည်။ ထို့ကြောင့် တန်ဆောင်မုန်းလပြည့်နေ့ရောက်လျှင် နိုင်ငံတစ်ဝန်းရှိ ဘုရား၊ စေတီ၊ ပုထိုးများတွင် သာမညဖလသုတ္တန်ကိုလည်း ရွတ်ဖတ်ပူဇော်ကြသည်။

**ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ**

ကထိန်သင်္ကန်းအလှူသည် ဗုဒ္ဓဘာသာမြန်မာတို့အတွက် မလှူမဖြစ် လှူဒါန်းသင့်သော အလှူဒါနတစ်ခုဟုပင် ဆိုနိုင်ပါသည်။ "သင်္ကန်းတွင် ကထိန်၊ ကျောင်းမှာ သိမ်"ဆိုသောစကားအတိုင်းပင် ကထိန်သင်္ကန်းသည် ပုဂ္ဂိုလ်စွဲ၊ ဂိုဏ်းဂဏစွဲမထားဘဲ သံဃာကိုသာ ရည်မှန်းလှူဒါန်းရခြင်းဖြစ်သည်။ ကထိန်သင်္ကန်းသည် သံဃာများကိုသာ ရည်မှန်းလှူဒါန်းရသောကြောင့် သံဃိကဒါနမြောက်ခြင်း၊ နှစ်စဉ်သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့မှစ၍ တန်ဆောင်မုန်းလပြည့်နေ့ထိသာ လှူဒါန်းရသဖြင့်ကာလဒါနမြောက်ခြင်း၊ သံဃာတော်များကိုလာဘ်လာဘ ဖြစ်ထွန်းစေကာ ချမ်းသာစေခြင်း၊ လှူဒါန်းသူကို အကျိုးငါးပါးတိုးပွားစေခြင်းနှင့် သံဃာများကို ဝိနည်းသိက္ခာငါးပါးဖြင့် သင့်ရောက်နိုင်သော အာပတ်တို့ကိုပြယ်နိုင်ခြင်းတို့ကြောင့် ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းရခြင်းသည် အမွန်မြတ်ဆုံးဒါန တစ်ခုပင်ဖြစ်သည်။ ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းခြင်း အကျိုးတရားများသည် ရေးသား၍ ကုန်နိုင်မည်မဟုတ်ချေ။ အနှစ်ချုပ်လိုက်မည်ဆိုလျှင် အမြတ်ဆုံးဒါနတစ်ခုပင်ဖြစ်သည်။

**မသိုးသင်္ကန်းရက်လုပ်ဆက်ကပ်လှူဒါန်းပွဲ**

မသိုးသင်္ကန်းရက်လုပ်ဆက်ကပ်လှူဒါန်းပွဲသည် မြတ်စွာဘုရားလက်ထက်တော်ကတည်းကပင် ရှိခဲ့သည်။ မိထွေးတော်ဂေါတမီအမှူးပြုသည့် နန်းတွင်းသူများသည် ဝါဂွမ်းမှအစ ချည်ငင်၊ ဆေးဆိုး၊ ရက်ကန်းစင်တွင်ရက်လုပ်၊ သင်္ကန်းချုပ်ခြင်းလုပ်ငန်းတို့ကို ညတွင်းချင်းအပြီး ဆောင်ရွက်ခဲ့ကြသည်။ နံနက် ၅ နာရီမထိုးမီ မြတ်ဗုဒ္ဓအား မသိုးသင်္ကန်းဆက်ကပ် လှူနိုင်အောင် ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။ ထိုအလေ့အထသည် မျက်မှောက်ကာလထိ ဆက်လက်ရှင်သန်နေဆဲပင်ဖြစ်သည်။ နှစ်စဉ် တန်ဆောင်မုန်းလဆန်း ၁၄ ရက်နေ့ညနေပိုင်းတွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီ၊ စွယ်တော်မြတ်စေတီအပါအဝင် တန်ခိုးကြီးဘုရားများတွင် ရက်ကန်းစင်များဖြင့် ပြည့်လျက်ရှိသည်။ မြတ်စွာဘုရားအတွက် မသိုးသင်္ကန်း ရက်လုပ်လှူဒါန်းကြရန်ဖြစ်သည်။ နေ့ကူးသွားလျှင် ရက်လုပ်ထားသော ထိုသင်္ကန်းကို မသိုးသင်္ကန်းဟု မခေါ်ဆိုနိုင်တော့ပေ။ ထို့ကြောင့် ရက်ကန်းရက်လုပ်ကြသည့် လှပျိုဖြူလေးများသည် ချွေးတစ်လုံးလုံးဖြင့် တစ်ညလုံးမမောမပန်း ရက်လုပ်ကြရသည်။ ထိုလုပ်အားဒါနအတွက် အကျိုးတရားကားရေးသား၍ ကုန်ခန်းနိုင်မည်မဟုတ်ချေ။

**ဆီမီးထွန်းပွဲတော်**

တန်ဆောင်မုန်းလပြည့်နေ့ညတွင် ကောင်းကင်ယံ၌ မိုးတိမ်ကင်းစင်ပြီး ကြယ်တာရာများစုံညီစွာထွန်းလင်းတောက်ပလေ့ရှိသည်။ ရာသီဥတုသည် လွန်စွာသာယာလှပလျက်ရှိသည်။ ထိုသို့ မိုးလေကင်းလွတ်သောညချမ်းတွင် ဗုဒ္ဓအလောင်းတော်၏ဆံတော်ကို ဌာပနာပြီး တာဝတိံသာနတ်ပြည်တွင် တည်ထားသည့် စူဠာမဏိစေတီတော်ကို ရည်မှန်းကာ ဗုဒ္ဓါနုဿတိပွားများလျက် ဆီမီးများဖြင့်ပူဇော်ကန်တော့ကြခြင်းဖြစ်သည်။ ထို့ပြင် မြတ်ဗုဒ္ဓကိုရည်မှန်းကာ မီးပုံးပျံပွဲများ၊ မီးရှူးမီးပန်းပစ်ဖောက်ခြင်းတို့ကိုလည်းဆောင်ရွက်ကြသည်။ သာဓကအနေဖြင့် တောင်ကြီးတန်ဆောင်တိုင်ပွဲတော်တွင် မြတ်ဗုဒ္ဓကိုရည်မှန်းကာ ညမီးကြီးမီးပုံးပျံများ လွှတ်တင်ပူဇော်ကြသည်။ မြင်ရသူအားလုံး ပီတိဖြစ်ဖွယ်ရာပင်ဖြစ်သည်။ ထို့ကြောင့် မိမိတို့၏နေအိမ်များတွင်လည်း မြတ်စွာဘုရားကို ရည်မှန်းပြီး ဆီမီးပူဇော်လှူဒါန်းသွားသင့်ပါသည်။ ဆီမီးလှူဒါန်းခြင်းအားဖြင့် အကျိုးများစွာကိုရရှိစေပါသည်။ လက်တွေ့အားဖြင့် ထိုဆီမီးအလင်းရောင်ကို ကြည့်ပြီး ပီတိဖြစ်ရပါသည်။

**မဲဇလီဖူးသုပ်ဝေငှခြင်း**

ထို့ပြင် ကြတ္တိကာနက္ခတ်စောင့်နတ်သားသည် တန်ဆောင်မုန်းလပြည့်နေ့တွင် လူပြည်သို့ ဆင်းသက်လာသည်ဟုလည်း ယုံကြည်သက်ဝင်ကြသည်။ ထို့ကြောင့် ရှေးယခင်ကတည်းက မင်းနှင့်ပြည်သူတို့သည် ထိုနတ်သားကို ဆီမီးထွန်းညှိပူဇော်ခဲ့ကြသည်ဟုဆိုသည်။ ကြတ္တိကာနက္ခတ်စန်းယှဉ်သော တန်ဆောင်မုန်းလပြည့်ည၌ ဆေးပင်စောင့်နတ်အပေါင်းတို့သည် မဲဇလီပင်စောင့်နတ်အား လာရောက်ခစားကြသည်ဟုဆိုသည်။ ထို့ကြောင့် **မဲဇလီပင်သည် ဆေးပေါင်းစ**သည်ဟုလည်း ယုံကြည်ယူဆလျက် မဲဇလီဖူးသုပ်ကာ ဝေငှအလှူအတန်းပြုကြသည်။ တစ်အိမ်နှင့်တစ်အိမ် အပြန်အလှန်ဝေငှစားသောက်ကြသည်မှာ မြန်မာတို့၏ ချစ်စရာဓလေ့ပင်ဖြစ်သည်။ ထို့ပြင် တန်ဆောင်မုန်းလပြည့်ည ၁၂ နာရီတိတိအချိန်ကို ဆေးပေါင်းခသည့်ည၏ အစွမ်းထက်ဆုံး၊ အမြင့်မားဆုံးအချိန်အဖြစ် သတ်မှတ်ကာ မြန်မာတိုင်းရင်းဆေးဆရာကြီးများသည် ဆေးမျိုးစုံ ဖော်စပ်လေ့ရှိကြသည်ဟုဆိုသည်။

**ပုံသကူအလှူ**

မြန်မာတိုင်းရင်းသားများသည် တန်ဆောင်မုန်းလပြည့်ညတွင် ပုံသကူပစ်ပွဲအလှူဒါနများကိုလည်းပြုလုပ်ကြသည်။ ပုံသကူဟူသောဝေါဟာရသည် ပါဠိဘာသာ "ပံ့သကူလ"မှ ဆင်းသက်လာခြင်းဖြစ်သည်ဟုဆိုသည်။ အနီးစပ်ဆုံးအဓိပ္ပာယ်သည် ပိုင်ရှင်မဲ့ပစ္စည်းဖြစ်ပြီး တွေ့ရှိသူကအလိုရှိသလို သုံးစွဲနိုင်သောပစ္စည်းဟူ၍လည်း အဓိပ္ပာယ်ဖွင့်ဆိုနိုင်မည်ဖြစ်သည်။ ပုံသကူပစ်ခြင်းသည် ပစ္စည်းဥစ္စာပြည့်စုံသူများက ချို့တဲ့သူများ၊ မပြည့်စုံသူများအတွက် ရည်ရွယ်ကာ ပုဂ္ဂိုလ်စွဲမထားဘဲ လိုအပ်သလိုအသုံးပြုနိုင်စေရန်ပစ်ထားခြင်းဖြစ်သည်။ ထိုဒါန၏ ပီတိကိုရေးသားဖော်ပြ၍ မကုန်နိုင်ပေ။

**မြိုင်မြိုင်ဆိုင်ဆိုင် လတန်ဆောင်တိုင်**

အထူးသဖြင့် တန်ဆောင်တိုင်ပွဲတော်ကာလတွင် လူငယ်များသည် အပျော်ကြူးတတ်ကြသည်ကိုလည်း တွေ့ရှိရသည်။ သက်ကြီးရွယ်အိုများသည် တန်ဆောင်မုန်းလပြည့်ညတွင်ပစ္စည်းများကို လုံခြုံစွာသိမ်းဆည်းထားကြရသည်။ လပြည့်ညတွင် ဟင်းသီးဟင်းရွက်နှင့် စားပင်သီးပင်များ၊ အိမ်မွေးကြက်၊ ဘဲများ ပျောက်လေ့ရှိသည်။ လူငယ်များသည် အပျော်သဘောဖြင့် ဆောင်ရွက်ခြင်းဖြစ်သော်လည်း ဆုံးရှုံးသူတွင် နစ်နာမှုများရှိပါသည်။ ပစ္စည်းပိုင်ရှင် မကျေနပ်လျှင် ခိုးမှုမြောက်နိုင်သဖြင့် မိဘများက သား၊ သမီးများကို အကျိုးသင့်အကြောင်းသင့်ရှင်းပြထားသင့်ပါသည်။

ဆိုရလျှင် မြတ်ဗုဒ္ဓသည် တန်ဆောင်မုန်းလပြည့်ညတွင် အဇာတသတ်မင်းကြီးကို သာမညဖလသုတ္တန်ဒေသနာတော် (ရဟန်းပြုရခြင်းအကျိုး) ဟောကြားတော်မူခဲ့သည်။ ထို့ပြင် တန်ဆောင်မုန်းလတွင် ကထိန်သင်္ကန်းဆက်ကပ်အလှူပွဲတော်၊ မသိုးသင်္ကန်းရက်လုပ်လှူဒါန်းပူဇော်ပွဲတော်၊ ဆီမီးထွန်းပွဲတော်၊ မဲဇလီဖူးသုပ်ဝေငှသောပွဲတော်၊ပုံသကူပွဲတော်များဖြင့် ထူးခြားလေးနက်လျက်ရှိသည်။ ထို့ကြောင့် အလှူအတန်းရက်ရောသည့် မြန်မာများအတွက် မြိုင်မြိုင်ဆိုင်ဆိုင် လတန်ဆောင်တိုင်ဟုပင် တင်စားကာ ရေးသားဖော်ပြလိုက်ရပါသည်။

မောင်သောင်းဝင်း(တမန်ဟောင်း)

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူး သက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ငပုတောမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၅၉၂၅ ဧက စိုက်ပျိုးမည်



ယခင်နှစ်က တိုင်ထောင်ပဲစိုက်ခင်းကို တွေ့ရစဉ်။

**ငပုတော နိုဝင်ဘာ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၅၉၂၅ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြ၍ သိရသည်။

ငပုတောမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၅၉၂၅ ဧကကို ဒီဇင်ဘာလတတိယပတ်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ စားဖိုဆောင်သီးနှံ စိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ငပုတောမြို့တွင် ၂၆၉၈ ဧက၊ ဟိုင်းကြီးကျွန်းမြို့တွင် ၂၄၉၉ ဧက၊ ငရုတ်ကောင်းမြို့တွင် ၇၂၈ ဧက စုစုပေါင်း ၅၉၂၅ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ငပုတောမြို့နယ်မှာရှိတဲ့ ဒေသခံတောင်သူတွေက စပါးစိုက်ပျိုးရေးလုပ်ငန်းအပြင် စားဖိုဆောင်သီးနှံတွေကိုလဲ စိုက်ပျိုးလျက်ရှိတယ်။ ဒီနှစ် စားဖိုဆောင်သီးနှံ ၅၉၂၅ ဧက စိုက်ပျိုးသွားမှာဖြစ်ပါတယ်။ စားဖိုဆောင်သီးနှံတွေလျာထားတဲ့ဧကအတိုင်းပြည့်မီအောင် စိုက်နိုင်ဖို့ လိုအပ်တာတွေ ပြင်ဆင်နေပါတယ်။ စားဖိုဆောင်သီးနှံကတော့ ဒေသခံတောင်သူတွေက သူတို့ဒေသနဲ့ကိုက်ညီပြီး အထွက်နှုန်းကောင်း၊ ဝင်ငွေကောင်းတဲ့သီးနှံတွေကို အဓိကစိုက်ပျိုးသွားမှာဖြစ်ပါတယ်"ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြသည်။

ငပုတောမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စိုက်ပျိုးမည့် စားဖိုဆောင်သီးနှံ ၅၉၂၅ ဧကတွင် ငရုတ်ကောင်း၊ မုန်လာ၊ နံနံ၊ တိုင်ထောင်ပဲ၊ ပဲပုစွန်၊ ချဉ်ပေါင်၊ သခွား၊ ဘူးသီး၊ ရွှေဖရုံသီး၊ ပိန်းဥ၊ ကျောက်ဖရုံ၊ ကြက်ဟင်းခါး စသည့်သီးနှံများကို အများဆုံး စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# မင်းတုန်းမြို့နယ် စမ်းကြီးကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများပြီးစီးမှု စစ်ဆေး

**မင်းတုန်း နိုဝင်ဘာ ၂၆**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းတုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စမ်းကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှုကို နိုဝင်ဘာ ၂၅ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းတုန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လှမျိုးသူနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ စမ်းကြီးကျေးရွာ၌ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်း၊ ၄၀၀ ဗို့ဓာတ်အားလိုင်းသွယ်တန်းခြင်းလုပ်ငန်း၊ ရေတင်ပန့် တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာ ရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီးလုပ်ငန်းများရေရှည်အသုံးပြုနိုင်ရေး သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းပေးရန် မှာကြားခဲ့သည်။

မင်းတုန်းမြို့နယ် စမ်းကြီးကျေးရွာ၌ အရှည် ပေ ၂၅၀၀ရှိ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်း၊ ၄၀၀ ဗို့ဓာတ်အားလိုင်း ပေ ၄၈၀ သွယ်တန်းခြင်းလုပ်ငန်းနှင့် ရေပန့်တပ်ဆင်ခြင်းလုပ်ငန်းများကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေ ကျပ် ၇ ဒသမ ၅၅ သန်းအသုံးပြု၍ မင်းတုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများ၏ နည်းပညာပံ့ပိုးကူညီမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ယခုနှစ် အောက်တိုဘာ ၂၈ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်လှမျိုးသူထံမှ သိရသည်။ **ကိုညို**

# မြန်မာနိုင်ငံတွင်အဖြစ်များသော ဆောင်းရာသီရောဂါများ

ပေါက်ပေါက်



မြန်မာနိုင်ငံ၏ ဥတုရာသီကာလများမှာ နွေရာသီသည် တပေါင်းလပြည့်ကျော် ၁ ရက်မှ ဝါဆိုလပြည့်နေ့ထိဖြစ်ပြီး မိုးရာသီသည် ဝါဆိုလပြည့်ကျော် ၁ ရက်မှ တန်ဆောင်မုန်းလပြည့်နေ့ထိဖြစ်ကာ ဆောင်းရာသီသည် တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်မှ တပေါင်းလပြည့်နေ့ထိဖြစ်သည်။ ခေတ်ကာလရွေ့လျားလာသည့်အလျောက် ဆောင်းရာသီကို ခရစ်နှစ်ပြက္ခဒိန်ရာသီ၏ ဒီဇင်ဘာလမှ မတ်လထိ သတ်မှတ်ထားပါသည်။

မျက်မှောက်ကာလ မြန်မာနိုင်ငံ၏ဆောင်းရာသီတွင် အောက်ဖော်ပြပါရောဂါများ အဖြစ်များလေ့ရှိတတ်သဖြင့် ဆောင်ရန်၊ ရှောင်ရန် အချက်လေးများကို ရေးသားဖော်ပြလိုက်ရပါသည်။

**အအေးမိ၊ နှာစေး၊ ချောင်းဆိုးရောဂါ**

ဆောင်းရာသီရောက်လျှင် ကျားမအရွယ်သုံးပါးမရွေး အအေးမိ၊ နှာစေး၊ ချောင်းဆိုးခြင်းဝေဒနာတို့ကြုံရတတ်ပါသည်။

**အအေးမိ၊နှာစေး၊ချောင်းဆိုးခြင်းအတွက် ကုထုံးများ**

ကိုယ်ခံအားကောင်းနေပါက ထိုဝေဒနာများကို မကြုံတွေ့နိုင်ပေ။ ထို့ကြောင့် ကိုယ်ခံအားတောင့်တင်းကြံ့ခိုင်စေရန်အတွက် ဗီတာမင်စီ မြင့်မားစွာပါရှိသည့် မချိုသော လိမ္မော်၊ သံပရာ၊ ရှောက်၊ ဂရိတ်ဖရုစသည့်အသီးများကို စားပေးပါ။ မုန်လာဥနီ၊ မုန်လာဥဖြူ၊ ရွှေဖရုံသီး၊ ကန်စွန်းဥ၊ ရွက်စားမုန်လာ၊ စိမ်းစားဥ၊ အာဒါလွတ်ဥ၊ ကြက်သွန်နီ စသည့်မြေအောက်မြစ်လျောက် ဟင်းသီးဟင်းရွက်များစားပါ။ ငါး၊ အမဲသား၊ ရွှေဖရုံရွက်ညွန့်၊ မုန်လာရွက်၊ ဆန်လုံးညို၊ ရေနွေးကြမ်းလက်ဖက်ခြောက်၊ တလည်းသီး၊ မှျစ်၊ ချဉ်ပေါင်ရွက်၊ အစိမ်းရောင်ပန်းငရုတ်ချိုပွ၊ ကျောက်ဖရုံသီး၊ ကြက်ဟင်းခါးသီး၊ ခရမ်းချဉ်သီး၊ စောင်းလျားသီး၊ ချဉ်စော်ကားသီး၊ ပြည်ပန်းညိုရွက်၊ ဒန့်သလွန်ရွက်၊ မဲဇလီဖူး၊ မဲဇလီရွက်တို့ကလည်း ဆောင်းတွင်းဓာတ်စာများဖြစ်ကြပါသည်။ အပူငြိမ်းဝမ်းမှန်စေရန်အတွက် သင်္ဘောသီးမှည့်၊ ဖီးကြမ်းငှက်ပျောသီးမှည့်စားပါ။ မန်ကျည်းမှည့်ဖျော်ရည်ထဲ ဆားထည့်သောက်ပါ။ ဗီတာမင်စီကြွယ်ဝပြီး အမျှင်ဓာတ်များသော ဂေါ်ဖီထုပ်ကို ဆောင်းရာသီဓာတ်စာ ဟင်းခါးပူပူလေးအဖြစ် မကြာခဏ ချက်သောက်ပေးပါ။

**ပန်းနာရင်ကျပ်ရောဂါ**

ပန်းနာရင်ကျပ်ခြင်းကို တိုတောင်းလျှင်မြန်စွာ အသက်ရှူခြင်းဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုပါသည်။ ပန်းနာရင်ကျပ်ရောဂါသည် ဓာတ်မတည့်သောရောဂါတစ်မျိုးဖြစ်ပြီး ခန္ဓာကိုယ်၏တုံ့ပြန်မှုက အသက်ရှူလမ်းကြောင်းတွင် ပြဿနာအကြီးကြီးဖြစ်စေနိုင်ပါသည်။ ဓာတ်မတည့်သောအရာများကို ထိမိကိုင်မိ၊ စားမိခြင်းတို့ကြောင့် ပန်းနာရင်ကျပ်ရောဂါပြင်းထန်လာတတ်သည်။ ထို့ကြောင့် ဓာတ်မတည့်သောအရာများကို အထူးရှောင်ကြဉ်ပါ။ အေးမြသည့်လေကို ရှူရှိုက်ရသည့်အခါ ရောဂါပိုထစေနိုင်သဖြင့် နှာခေါင်းနှင့် ပါးစပ်တို့ကို ခေါင်းစည်းပဝါဖြင့် စည်းနှောင်ပတ်ထားပါ။ ကျန်းမာရေးဝန်ထမ်းများက ညွှန်ကြားထားသည့်အတိုင်း ဆေးကိုပုံမှန်သောက်ပါ။

**ပန်းနာရင်ကျပ်ရောဂါအတွက် ကုထုံးများ**

အစာအိမ်မှအက်စစ်များ အပေါ်ဆန်တက်လာခြင်းက ရင်ပူနာဖြစ်ကာ ပန်းနာရင်ကျပ်ထခြင်းကို အစပျိုးပေးနိုင်သဖြင့် ထမင်းစားပြီးနောက် ချက်ချင်းလှဲမအိပ်ပါနှင့်။ ပန်းနာရောဂါထနေချိန်တွင် မုန်ညင်းဆီကို ပရုတ်ဆီဖြင့်ရော၍ ကျောနှင့်ရင်ဘတ်အနှံ့စိမ့်ဝင်သွားအောင် ပွတ်နယ်လိမ်းပေးပါ။ ပျားရည်က ချွဲများကိုပျော်ကျစေပြီး အသက်ရှူလမ်းကြောင်းကို ပွင့်စေနိုင်သဖြင့် ပျားရည်ရနံ့ကို ရှူရှိုက်ပေးပါ။ ရေနွေးပူပူတစ်ခွက်ထဲတွင် ပျားရည်လက်ဖက်ရည်ဇွန်းတစ်ဇွန်းရောဖျော်၍ တစ်နေ့ သုံးကြိမ်သောက်ပါ။ ကြက်သွန်ဖြူ ၁၀ မွှာကို နွားနို့ ၃၀ မီလီလီတာဖြင့် ပြုတ်၍ တစ်နေ့တစ်ကြိမ်သောက်ပါ။ သို့မဟုတ် ရေနွေးဆူဆူတွင် ကြက်သွန်ဖြူ လေးမွှာခတ်၍ အချိန် ငါးမိနစ်ခန့် အအေးခံပါ။ နံနက်တစ်ကြိမ်၊ ညနေတစ်ကြိမ်သောက်ပေးခြင်းဖြင့် ပန်းနာရင်ကျပ်ရောဂါ သိသိသာသာလျော့ကျစေသည်။

**အဆုတ်ပွရောဂါ**

နာတာရှည်လေပြွန်ကျဉ်းခြင်းကို အဆုတ်ပွရောဂါဟုခေါ်ပါသည်။ ဆေးလိပ်သောက်ခြင်း၊ ဆေးလိပ်ငွေ့ကိုရှူရှိုက်မိခြင်းနှင့် ညစ်ညမ်းသောလေကို ရှူမိခြင်းတို့ကြောင့် ရောဂါဖြစ်လာရသည်။ ထို့ကြောင့် ဆေးလိပ်ဖြတ်ပါ။ ဖုန်၊ မီးခိုးငွေ့စသည်တို့ကိုရှောင်ပါ။ ကျန်းမာရေးဝန်ထမ်းများက ညွှန်ကြားထားသည့်အတိုင်း ဆေးပုံမှန်သောက်ပါ။

**အဆုတ်ပွရောဂါအတွက် ကုထုံးများ**

ရေများများသောက်ပါ။ ငှက်ပျောဖူးသည် ချွဲသလိပ်ပျော်ကျစေပြီး အသက်ရှူလမ်းကြောင်းပွင့်စေပါသည်။ ပူပူစပ်စပ်စားပါ။ ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ သဘာဝအပူဓာတ်က သွေးလည်ပတ်စီးဆင်းမှုကို အားကောင်းစေပြီး ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။ တရုတ်နံနံပင်၊ ဟင်းနုနယ်ရွက်၊ မုန်လာဥနီ၊ ရွှေဖရုံသီး၊ ပန်းငရုတ်ပွသီး ခေါ် ငရုတ်ချို၊ ဘယ်ရီသီးအမျိုးမျိုး၊ လိမ္မော်၊ နာနတ်၊ ဂရိတ်ဖရုသီး၊ အစိမ်းရောင်ပဲသီးအမျိုးမျိုး၊ ပဲစေ့များ၊ အခွံမာသီး၊ ဂေါ်ဖီထုပ်၊ ပန်းဂေါ်ဖီအဖြူ၊ ပန်းဂေါ်ဖီစိမ်း ခေါ် ဘရိုကိုလီ၊ ကိုက်လန်၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီများက အဆုတ်ကို အားကောင်းစေပါသည်။

**ဝမ်းပျက်ဝမ်းလျှောရောဂါ**

လူအများစုက ဝမ်းပျက်ဝမ်းလျှောရောဂါကို နွေနှင့် မိုးဥတုတို့တွင်ဖြစ်တတ်ပြီး ဆောင်းဥတုတွင် မဖြစ်တတ်ဟု ထင်မှတ်နေကြသည်။ သို့သော် ဝမ်းပျက်ဝမ်းလျှောရောဂါသည် ကူးစက်ရောဂါတစ်မျိုးဖြစ်၍ မြန်မာနိုင်ငံ၏ ရာသီဥတုအားလုံးတွင် ဖြစ်ပွားလေ့ရှိသည်။ မသန့်ရှင်းသောရေသောက်သုံးခြင်း၊ ယင်နားစာများစားသုံးခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းမှု အားနည်းခြင်း၊ ပတ်ဝန်းကျင်သန့်ရှင်းမှု အားနည်းခြင်းတို့ကြောင့် ဝမ်းပျက်ဝမ်းလျှောရောဂါ ကူးစက်တတ်ပါသည်။ ဆောင်းဥတုဖြစ်သော်လည်း နေ့စဉ်ပုံမှန်ရေချိုးပါ။ လက်သည်းညှပ်ပါ။ အစာမစားမီနှင့် အိမ်သာအထွက်တွင် လက်ကိုဆပ်ပြာဖြင့်ဆေးကြောပါ။ မိမိအိမ်နှင့်ပတ်ဝန်းကျင်တွင် ပုရွက်ဆိတ်၊ ယင်ကောင်၊ ကြွက် စသည်တို့မခိုအောင်းစေရန် အမှိုက်သရိုက်များကို ရှင်းလင်းပါ။

**ဝမ်းပျက်ဝမ်းလျှောရောဂါအတွက် ကုထုံးများ**

ရေကို(ဖြစ်နိုင်ပါက) ကျိုချက်သောက်ပါ။ အစားအစာများကိုပူပူနွေးနွေးစားသုံးပါ။ ယင်မနားအောင် ဖုံးအုပ်ထားပါ။ ယင်နားစာများကို ရှောင်ကြဉ်ပါ။ ဒိန်ချဉ်ထဲတွင်ပါရှိသော လက်တစ်အက်စစ်က အစာအိမ်နှင့် အူလမ်းကြောင်းထဲရှိ ဝမ်းသွားစေသော ဗက်တီးရီးယားပိုးများကို သေစေနိုင်ပါသည် (ဒိန်ချဉ်ထဲကို သကြား၊ ထန်းလျက်ရည်မရောဘဲ သူ့ချည်းစားပါ)။ လိမ္မော်သီးအခွံက ဝမ်းပျက်ဝမ်းလျှောခြင်းအတွက် ကောင်းကျိုးပြုနိုင်၍ လိမ္မော်ခွံကိုပြုတ်၍ သောက်လည်းကောင်း၊ ရေနွေးဆူဆူခတ်၍ သောက်လည်းကောင်း အအေးခံသောက်ပါ။ မြေအိုးတစ်လုံးထဲတွင် ကန်စွန်းရိုးနီ ၁၀ ပင်ခန့်ကို သင့်သလိုဖြတ်တောက်ပြီး အညိုရောင်ထန်းလျက် ၁၅ ကျပ်သားခန့်ထည့်ကာ ကန်စွန်းပင်များ ရေမြုပ်သည်ထိ ရေဖြည့်၍ ကန်စွန်းညွန့်များနူးအိလာအောင်ပြုတ်ပါ။ ၎င်းပြုတ်ရည်နွေးနွေးကို ရေဆာတိုင်းသောက်ပါ။ တစ်ကြိမ်သောက်လျှင် ရေနွေးကြမ်းပန်းကန်လုံးတစ်လုံး သောက်ပေးရပါမည်။ ဤနည်းအတိုင်း ငါးကြိမ်၊ ခြောက်ကြိမ်ခန့် သောက်ပြီးပါက သူ့အလိုလို ဝမ်းရပ်သွားပါလိမ့်မည်။

❖ လူတော်တော်များ ဆောင်းရာသီရောက်တိုင်း ခြေသလုံးသားအရေပြားပေါ်တွင် ငါးအကြေးခွံသဏ္ဌာန် အသားပပ်လာပြီး ယားယံခြင်းကြောင့် အတင်းဖိကုတ်မိကာ အရေပြားသွေးစို့လာပါသည်။ ထိုပြဿနာအတွက် သကြားရည်(အလှဆီ)၊ သံလွင်ဆီ၊ အုန်းဆီတို့ကို လိမ်းပေးပါ။ ဆောင်းရာသီက ချမ်းအေးသော်လည်း ရေလျှော့မသောက်ကြဘဲ နွေပူပူတွင် ရေသောက်သကဲ့သို့ ဆောင်းဥတု၌လည်း ရေများများ သောက်ပေးရန် လိုအပ်သည်။ ❖

**ရာသီတုပ်ကွေးရောဂါ**

ဆေးသိပ္ပံနည်းအရ Flu ဟုခေါ်ပါသည်။ ရောဂါရှိသူမှ နှာချေ၊ ချောင်းဆိုးခြင်းဖြင့် အသက်ရှူလမ်းကြောင်းမှတစ်ဆင့် အခြားသူများသို့ ကူးစက်တတ်သည်။ ထို့ကြောင့် တစ်ပါးသူမှ နှာချေ၊ ချောင်းဆိုးလျှင် မိမိ၏ မျက်နှာကိုတစ်ဖက်သို့လွှဲ၍ အသက်ရှူထုတ်ပါ။ မိမိက နှာချေ၊ ချောင်းဆိုးလျှင်လည်း နှာခေါင်းနှင့် ပါးစပ်ကို လုံအောင်အုပ်ပါ။ လက်ကို ဆပ်ပြာဖြင့် မကြာခဏဆေးပါ။ တုပ်ကွေးရာသီတွင် လူထူထပ်သောနေရာများနှင့် ပွဲလမ်းသဘင်များသို့ သွားလာခြင်းရှောင်ကြဉ်ပါ။

**ရာသီတုပ်ကွေးရောဂါအတွက် ကုထုံးများ**

ကြက်သားနှင့် ကြက်ရိုးစွပ်ပြုတ်ရည်သည် ကိုယ်ခံအားကောင်းစေရုံသာမက တုပ်ကွေးကြောင့် အအေးမိနှာစေး၊ ချောင်းဆိုးနှင့် ဖျားနာခြင်းအမျိုးမျိုးတို့အတွက် အကောင်းဆုံးအိမ်တွင်းသမားတော်ဖြစ်ပါသည်။ ကြက်သွန်ဖြူထဲတွင် Antiviral ခေါ် အအေးမိခြင်းကိုဖြစ်စေသော ဗိုင်းရပ်ပိုးများကို တားဆီးကာကွယ်နိုင်သည့် ဂုဏ်သတ္တိနှင့် Anti-bacterial ခေါ် ဗက်တီးရီးယားပိုးမွှားများအန္တရာယ်မှ ကာကွယ်နိုင်သော သဘာဝစွမ်းအင်များပါရှိနေကြသည်။ ထို့ကြောင့် ထမင်းစားသည့်အခါတိုင်း ကြက်သွန်ဖြူကို အနည်းဆုံးတစ်မွှာ ထည့်စားပေးသင့်ပါသည်။ ဒိန်ချဉ်ထဲရှိ Probiotics ခေါ် ခန္ဓာကိုယ်အကျိုးပြု ဗက်တီးရီးယားများက ကိုယ်ခံစွမ်းအားတိုးတက်မြင့်မားလာစေသည်။ ကိုယ်ခံစွမ်းအားကို မြှင့်တင်ပေးနိုင်သော ဟင်းနုနယ်ရွက်၊ ပန်းဂေါ်ဖီစိမ်း ခေါ် ဘရိုကိုလီ၊ ဖရဲသီး၊ ဂရိတ်ဖရုသီးစားပါ။ ကမာကောင်(မုတ်ကောင်)ကလည်း တုပ်ကွေးရောဂါကို ကာကွယ်ရာတွင် ကောင်းကျိုးပြုပါသည်။

**အရေပြားခြောက်သွေ့ယားယံခြင်း**

လူတော်တော်များ ဆောင်းရာသီရောက်တိုင်း ခြေသလုံးသားအရေပြားပေါ်တွင် ငါးအကြေးခွံသဏ္ဌာန် အသားပပ်လာပြီး ယားယံခြင်းကြောင့် အတင်းဖိကုတ်မိကာ အရေပြားသွေးစို့လာပါသည်။ ထိုပြဿနာအတွက် သကြားရည်(အလှဆီ)၊ သံလွင်ဆီ၊ အုန်းဆီတို့ကို လိမ်းပေးပါ။ ဆောင်းရာသီက ချမ်းအေးသော်လည်း ရေလျှော့မသောက်ကြဘဲ နွေပူပူတွင် ရေသောက်သကဲ့သို့ ဆောင်းဥတု၌လည်း ရေများများ သောက်ပေးရန် လိုအပ်သည်။ သို့မှသာ အသားအရေအတွက် အစိုဓာတ်ထိန်းသိမ်းရာရောက်ပြီး အသားပပ်ခြင်း၊ အသားခြောက်သွေ့ယားယံခြင်း၊ နှုတ်ခမ်းသားအဖတ်လန်ခြင်း၊ ကျီးကန်းပါးစပ်ဖြစ်ခြင်း၊ ခံတွင်းခြောက် လည်ချောင်းနာခြင်းနှင့် ခံတွင်းရနံ့ဆိုးခြင်းတို့ ဖြစ်မလာစေတော့ပေ။ ထို့မျှမက ခန္ဓာကိုယ်တွင်း အူကလီစာများ အလုပ်ကောင်းကောင်းလုပ်နိုင်စေကာ ဓာတ်ကြီးလေးပါးမှန်စေပြီး ဝက်ခြံဖုများထွက်လာမည်ကို မစိုးရိမ်ရတော့ပေ။

အချုပ်အားဖြင့်ဆိုရသော် ချမ်းအေးသောဆောင်းရာသီတွင် ကိုဗစ်-၁၉ ရောဂါကိုဖြစ်စေသည့် ကိုရိုနာဗိုင်းရပ်ပိုး မျိုးကွဲသစ်များအန္တရာယ်ကလည်း လေထုထဲ၌ရှိနေသည့်အတွက် ဆောင်းရာသီကာလတွင် ယခင်ကထက်ပို၍ မိမိကိုယ်ကို ကျန်းမာကြံ့ခိုင်အောင် နေသင့်ပါသည်။ သို့ဖြစ်ပါ၍ အစာလည်းဆေး၊ ဆေးလည်းအစာ ဟူသောဆိုရိုးစကားအတိုင်း ဆောင်းရာသီတွင် ခန္ဓာကိုယ်တွင်း ဗီတာမင်စီဓာတ်ပြည့်ဝနေစေရန်အတွက် အရည်ရွှမ်းကာ အချဉ်ဓာတ်အရသာရှိသော သစ်သီးဝလံများကို ရာသီဓာတ်စာအဖြစ် ယခင်ကထက် ပိုမိုစားပေးရင်း အထက်ဖော်ပြပါ ရောဂါကုထုံးဆိုင်ရာ အစားအသောက်လေးများကိုလည်း စားသောက်ကာ ဆောင်းရာသီရောဂါများမှ ကြိုတင်ကာကွယ်နိုင်ကြပါစေ။

# (၇၉)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြု စစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲစာမူများဖိတ်ခေါ်ခြင်း

၁။ ၂၀၂၄ ခုနှစ်၊ (၇၉)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်ပါသည်။ ဆုရရှိသော စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ဖော်ပြသွားမည်ဖြစ်ပါသည်။

၂။ **စာမူများတွင်ပါဝင်ရမည့်အချက်များ**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်ကစပြီး တပ်မတော်သည် နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်ခဲ့သည့်အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့မှုများ၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခဲ့မှုများ၊ အနစ်နာခံမှုများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများ၊ နယ်ချဲ့ဆန့်ကျင်ရေးနှင့်ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့မှုများ။

(ခ) တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာသုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသားလုပ်ဆောင်ခဲ့မှုများ၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့် အားလျော်စွာ ပြည်ထောင်စုကြီးထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ ကြိုးပမ်းဆောင်ရွက်ခဲ့မှုများနှင့် လက်ရှိခေတ်ကာလတွင် ဆောင်ရွက်မှုများ၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန်နားချိန်မရှိဘဲ အချိန်ပြည့်တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်နေမှုများ။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ၊ အများအပြားကိုဖြစ်စေ ထည့်သွင်းဖွဲ့ဆိုရေးသားနိုင်သည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်း သတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများ ပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများ ဖြစ်ရမည်။

(ဃ) အသံသွင်းပြီးသီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံ ပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန် အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(ဝါသနာရှင်/အလွတ်တန်း)စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) မြန်မာဂန္ထဝင်ကဗျာရေးထုံးနှင့်ကိုက်ညီသည့် ကဗျာဖြစ်ရမည်။

(ခ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀၀ မှ ၄၀၀၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (ဝါသနာရှင်အဆင့်)၊ (အလွတ်တန်းအဆင့်)ဟူ၍ သီသာစွာရေးသားဖော်ပြရမည်။

(ဃ) ကဗျာ(ဝါသနာရှင်အဆင့်)နှင့် ကဗျာ(အလွတ်တန်းအဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူ ဦးအုံးဖေ စာပေဆု(ကဗျာ)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့ အထိမ်းအမှတ်စာမူပြိုင်ပွဲများတွင် ကဗျာ(ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည်စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့်ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ပြီး စကားပြေရေးဟန်နှင့်စကားပြောရေးဟန် ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြား သတ်မှတ်သည်။

(ဃ) ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက် မများစေရ။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသော လက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (စာလုံးအရွယ်အစား ၁၄)ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ကာ ခိုင်ခံ့သေသပ်စွာချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်း ဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏ နေရပ်လိပ်စာအပြည့်အစုံနှင့်ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက် ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုဝန်ခံချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ပေးပို့ရမည်။

၁၁။ စာမူများပေးပို့ရာတွင် Copy ၃ စုံမပါရှိခြင်း၊ Soft Copy မပါရှိခြင်း၊ သီချင်းစီဒီများမပါရှိခြင်း၊ သက်ဆိုင်ရာဝန်ခံချက်များမပါရှိခြင်း၊ ကိုယ်ရေးအချက်အလက်များ မစုံလင်ခြင်းနှင့် သတ်မှတ်ရက်အတွင်း အချိန်မီမရောက်ရှိသောစာမူများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၁၂။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (၁) | ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (၂) | ဒုတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (၃) | တတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၄) | စတုတ္ထဆု | ၄၀၀၀၀၀ | ကျပ် |
| (၅) | ပဉ္စမဆု | ၃၀၀၀၀၀ | ကျပ် |

၁၃။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (၁) | ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (၂) | ဒုတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (၃) | တတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၄) | စတုတ္ထဆု | ၄၀၀၀၀၀ | ကျပ် |
| (၅) | ပဉ္စမဆု | ၃၀၀၀၀၀ | ကျပ် |

၁၄။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (၁) | ပထမဆု | ၅၀၀၀၀၀ | ကျပ် |
| (၂) | ဒုတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (၃) | တတိယဆု | ၃၀၀၀၀၀ | ကျပ် |
| (၄) | စတုတ္ထဆု | ၂၀၀၀၀၀ | ကျပ် |
| (၅) | ပဉ္စမဆု | ၁၅၀၀၀၀ | ကျပ် |
| (၆) | အထူးဆု(၁) | ၁၀၀၀၀၀ | ကျပ် |
| (၇) | အထူးဆု(၂) | ၁၀၀၀၀၀ | ကျပ် |
| (၈) | အထူးဆု(၃) | ၁၀၀၀၀၀ | ကျပ် |

၁၅။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (၁) | ပထမဆု | ၇၀၀၀၀၀ | ကျပ် |
| (၂) | ဒုတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၃) | တတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (၄) | စတုတ္ထဆု | ၃၀၀၀၀၀ | ကျပ် |
| (၅) | ပဉ္စမဆု | ၂၀၀၀၀၀ | ကျပ် |
| (၆) | အထူးဆု(၁) | ၁၅၀၀၀၀ | ကျပ် |
| (၇) | အထူးဆု(၂) | ၁၅၀၀၀၀ | ကျပ် |
| (၈) | အထူးဆု(၃) | ၁၅၀၀၀၀ | ကျပ် |

၁၆။ **ဝတ္ထုတိုစာမူဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (၁) | ပထမဆု | ၆၀၀၀၀၀ | ကျပ် |
| (၂) | ဒုတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၃) | တတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (၄) | စတုတ္ထဆု | ၃၀၀၀၀၀ | ကျပ် |
| (၅) | ပဉ္စမဆု | ၂၀၀၀၀၀ | ကျပ် |
| (၆) | အထူးဆု(၁) | ၁၅၀၀၀၀ | ကျပ် |
| (၇) | အထူးဆု(၂) | ၁၅၀၀၀၀ | ကျပ် |
| (၈) | အထူးဆု(၃) | ၁၅၀၀၀၀ | ကျပ် |

၁၇။ **ဝတ္ထုရှည်စာမူဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (၁) | ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (၂) | ဒုတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (၃) | တတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၄) | စတုတ္ထဆု | ၄၀၀၀၀၀ | ကျပ် |
| (၅) | ပဉ္စမဆု | ၃၀၀၀၀၀ | ကျပ် |
| (၆) | အထူးဆု(၁) | ၂၀၀၀၀၀ | ကျပ် |
| (၇) | အထူးဆု(၂) | ၂၀၀၀၀၀ | ကျပ် |
| (၈) | အထူးဆု(၃) | ၂၀၀၀၀၀ | ကျပ် |

**ပြိုင်ပွဲကျင်းပရေးကော်မတီ**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှင့်ပြင်းထန်မှုတို့ကို လျော့နည်းစေနိုင်ခြင်း(အထူးအားဖြင့် နာတာရှည်ရောဂါခံစားနေရသူများနှင့် သက်ကြီးရွယ်အိုများ)၊ ရောဂါ၏နောက်ဆက်တွဲပြဿနာဖြစ်သည့် ကိုယ်တွင်းအင်္ဂါများထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ်ဆုံးရှုံးမှုဖြစ်သည်အထိ ဖြစ်ပေါ်ခြင်းမှ လျော့ချနိုင်ခြင်းတို့ကြောင့် အသက်ငါးနှစ်နှင့်အထက်ရှိသော ပြည်သူလူထုအားလုံးသည် နီးစပ်ရာကျန်းမာရေးဌာနများနှင့်ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး(ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ထပ်ဆောင်းကာကွယ်ဆေး)များကို မဖြစ်မနေသွားရောက်ထိုးနှံကြရန် အသိပေးနှိုးဆော်အပ်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

# ပဲခူးတိုင်းဒေသကြီးတွင် နိုဝင်ဘာလအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ်တစ်ခု ဝင်ရောက်ထား



**ပဲခူး နိုဝင်ဘာ ၂၆**

ပဲခူးတိုင်းဒေသကြီးတွင် နိုဝင်ဘာလအတွင်း ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၂၂ သန်း ရင်းနှီးမြှုပ်နှံမည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းသစ်တစ်ခု ဝင်ရောက်ထားကြောင်း ပဲခူးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကိုကိုလတ်ထံမှ သိရသည်။

ပဲခူးတိုင်းဒေသကြီးတွင် နိုဝင်ဘာလအတွင်း ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၂၂ သန်း ရင်းနှီးမြှုပ်နှံမည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းသစ်တစ်ခု ဝင်ရောက်ထားသည့်အပြင် လည်ပတ်နေသည့် စက်မှုလုပ်ငန်းတွင်လည်း အမေရိကန်ဒေါ်လာ ခုနစ်သန်းကို ထပ်မံတိုးချဲ့ရင်းနှီးမြှုပ်နှံထားကြောင်း သိရသည်။

"ပဲခူးတိုင်းဒေသကြီးအတွင်းမှာ နိုဝင်ဘာလအတွင်း ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၂၂ သန်း ရင်းနှီးမြှုပ်နှံမဲ့ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ်တစ်ခုကို ပဲခူးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီက ခွင့်ပြုပေးခဲ့သလို လည်ပတ်နေတဲ့စက်မှုလုပ်ငန်းတစ်ခုမှာလဲ အမေရိကန်ဒေါ်လာ ခုနစ်သန်း ထပ်မံတိုးချဲ့ ရင်းနှီးမြှုပ်နှံမှုကို နိုဝင်ဘာ ၂၅ ရက်က ပြုလုပ်တဲ့ ပဲခူးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ အစည်းအဝေးအမှတ်စဉ်(၇/၂၀၂၃)ကနေ ခွင့်ပြုပေးခဲ့တာဖြစ်ပါတယ်"ဟု ညွှန်ကြားရေးမှူး ဦးကိုကိုလတ်က ပြောပြသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း လယ်ယာကဏ္ဍဘက်စုံ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လယ်ယာသုံးစက်ကိရိယာများ ထုတ်လုပ်သည့်လုပ်ငန်းများ၊ ဓာတ်မြေဩဇာထုတ်လုပ်သည့်လုပ်ငန်းများနှင့် မွေးမြူရေးထုတ်ကုန်အတွက် အအေးခန်းစက်ရုံများ တိုးချဲ့နိုင်ရေးအတွက် ပြည်ပရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ် ဆောင်ရွက်သွားမည်ဖြစ်ပြီး လွယ်ကူလျင်မြန်စွာ လုပ်ကိုင်ဆောင်ရွက်နိုင်ရေးအတွက်လည်း ဥပဒေနှင့်အညီ သက်ဆိုင်ရာဌာနများက ပူးပေါင်းကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှ ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၂၅ ရက်ထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၁၉၇ ဒသမ ၁၁၇ သန်းနှင့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု ငွေကျပ် ၇၅၇၅၆ ဒသမ ၂၇၅ သန်း ဝင်ရောက်ခဲ့ပြီး အလုပ်အကိုင်အခွင့်အလမ်း ၁၁၂၈၁ ဦးကို ဖော်ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ASH

# မိုင်းရှူးမြို့နယ် ဝမ်ကျယ်ကျေးရွာ၌ ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**မိုင်းရှူး နိုဝင်ဘာ ၂၆**


ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးခရိုင် မိုင်းရှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ဝမ်ကျယ်ကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းရှူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇေယျာမင်း၊ မိုင်းရှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းဦးနှင့် စီမံကိန်းတာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ဝမ်ကျယ်ကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက အဆိုပါလုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ဝမ်ကျယ်ကျေးရွာ၌ ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေ ရရှိရေးအတွက် ဆိုလာစနစ်ဖြင့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်း၊ လမ်းအရှည်ပေ ၂၅၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ မြေသားလမ်း သဲဖြူနှံးခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေကျပ် သိန်း ၁၅၀ အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် စက်တင်ဘာလပထမပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ၆၇ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများရာနှုန်းပြည့်ပြီးစီးပါက ဝမ်ကျယ်ကျေးရွာရှိ အိမ်ခြေ ၅၄ အိမ်မှ လူ ၃၁၇ ဦးတို့အတွက် သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိမည်ဖြစ်ပြီး လမ်းပန်းဆက်သွယ်ရေးအဆင်ပြေလွယ်ကူမည်ဖြစ်ကြောင်း မိုင်းရှူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ရှိုးသန်းညွန့်**









## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်မြို့တော်များ၏ ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၇-၁၁-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၇၀ | ၂၂၂၀ | ၂၂၁၅ | ၂၁၈၀ | ၂၂၂၀ | ၂၂၄၅ | ၂၂၃၀ | ၂၂၀၅ | ၂၃၀၅ | ၂၃၂၀ | ၂၂၁၀ | ၂၂၂၀ | ၂၂၅၅ | ၂၂၆၀ | ၂၂၆၀ | ၂၄၉၀ | ၂၈၆၀ |
| 95 Ron | ၂၃၀၀ | ၂၃၅၀ | ၂၃၄၅ | ၂၃၀၅ | ၂၃၄၅ | ၂၃၇၀ | ၂၃၅၅ | ၂၃၃၀ | ၂၄၃၀ | ၂၄၄၅ | ၂၃၄၀ | ၂၃၅၅ | ၂၃၈၅ | ၂၃၈၅ | ၂၃၈၅ | ၂၆၁၅ | ၂၉၆၀ |
| HSD (500 ppm) | ၂၂၀၀ | ၂၂၄၅ | ၂၂၄၀ | ၂၂၀၅ | ၂၂၄၅ | ၂၂၇၀ | ၂၂၆၅ | ၂၂၃၀ | ၂၃၅၀ | ၂၃၄၅ | ၂၂၄၀ | ၂၂၄၅ | ၂၂၈၅ | ၂၂၈၅ | ၂၂၈၅ | ၂၅၁၅ | ၃၁၉၀ |
| HSD (50 ppm) | ၂၂၉၀ | ၂၃၄၀ | ၂၃၄၀ | ၂၃၀၀ | ၂၃၄၀ | ၂၃၆၅ | ၂၃၆၀ | ၂၃၂၅ | ၂၄၄၅ | ၂၄၄၀ | ၂၃၃၀ | ၂၃၄၅ | ၂၃၇၅ | ၂၃၈၀ | ၂၃၈၀ | ၂၆၁၀ | ၃၂၅၀ |
| HSD (10 ppm) | ၂၂၉၅ | ၂၃၄၅ | ၂၃၄၀ | ၂၃၀၅ | ၂၃၄၀ | ၂၃၆၅ | ၂၃၆၀ | ၂၃၃၀ | ၂၄၅၀ | ၂၄၄၅ | ၂၃၃၅ | ၂၃၄၅ | ၂၃၈၀ | ၂၃၈၀ | ၂၃၈၅ | ၂၆၁၅ | ၃၂၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၆၄ | ၂၁၃၉ |
| 95 Ron | ၂၁၈၆ | ၂၂၆၃ |
| HSD (500 ppm) | ၂၀၉၀ | ၂၁၆၁ |
| HSD (50 ppm) | ၂၁၈၀ | ၂၂၅၃ |
| HSD (10 ppm) | ၂၁၈၃ | ၂၂၅၆ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၁၂၉၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

❖ နယ်စပ်ဒေသများဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့သည် အပြန်အလှန်ဆက်စပ်နေ . . .

❖ ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးမရှိသည့်ဒေသများတွင် ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်မည်မဟုတ်သကဲ့သို့ ဖွံ့ဖြိုးတိုးတက်မှုမရှိပါကလည်း ငြိမ်းချမ်းရေးသည် ရေရှည်တည်တံ့ခိုင်မြဲမည်မဟုတ်သည်ကို သတိပြုစေလို . . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် မေ ၅ ရက်တွင် ပြုလုပ်သော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ်(၁/၂၀၂၃)သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး
- (က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
- ( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
- ( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး
- (က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ( ခ ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။
- ( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး
- (က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။
- ( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။
- ( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးပရိဝုဏ်၌ ကျင်းပသည့် တန်ဆောင်တိုင်မီးထွန်းပွဲတော် ဒုတိယနေ့တွင် အနယ်နယ်အရပ်ရပ်မှ ပါဝင်ဆင်နွှဲကြသည့် ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားများပြား



**နေပြည်တော် နိုဝင်ဘာ ၂၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်း တည်ထားပူဇော်အောင်မြင်ခဲ့သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ပရိဝုဏ်တွင် တန်ဆောင်တိုင်မီးထွန်းပွဲတော် ဒုတိယနေ့အဖြစ် စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပရာ အနယ်နယ်အရပ်ရပ်မှ ပါဝင်ဆင်နွှဲကြသည့် ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားများပြားလျက်ရှိသည်။

ဦးစွာ တာဝန်ရှိသူများက တန်ဆောင်တိုင်မီးထွန်းပွဲတော်လာ ဘုရားဖူးပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် စိတ်လက်အေးချမ်းစွာ ဘုရားဖူးမြော် ပါဝင်ဆင်နွှဲနိုင်ရေးအတွက် ဘုရားမုခ်ဦးများရှေ့တွင် လုံခြုံရေးအရ လိုအပ်သည့် စစ်ဆေးမှုများဆောင်ရွက်ပေးပြီး ပွဲတော်အတွင်း

စာမျက်နှာ ၁၉ ကော်လံ ၁ ☆

မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED
မှန်သည် မြန်သည် မြဝတီ

Card Services
◆ Individual Debit Card/ Credit Card
◆ Corporate Debit Card
◆ Automated Teller Machine Services
◆ Point of Sales Services
◆ Online Payment/ Tax Payment Via E-commerce
Phone No :
(01) 2301367, 2301368, 2301452, 2301378
MPU